

www.burmeseclassic.com
ညမဖတ်ရ
တစေ
ကိုယ်တူကိုယ်ခွဲ
မဓိဝါ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| မျက်နှာဖုံးပန်းချီ | ထုတ်ဝေသူ |
| ကိုနေခြည် | |
| မျက်နှာဖုံးဒီဇိုင်း | ဦးခေတ်မောင်မြင့်အေး |
| ယမုံစိုး | |
| အတွင်းသရုပ်ဖော် | (မြ-၀၄၁၀၀) |
| ကေလတ် | |
| ကွန်ပြူတာစာစီ | လာဘ်ရိုးဓွေစာပေ |
| ဇာနည်ဖော် | |
| မျက်နှာဖုံးဖလင် | ပုံနှိပ်သူ |
| EAGLE | |
| အတွင်းဖလင် | ဦးစည်သူကိုကို |
| ရာဇာမျိုဝင်း | |
| စာအုပ်ချုပ် | (မြ-၀၀၉၈၁) |
| ဇာနည် | |
| အုပ်ရေ | တော်ဝင်ထွန်းပုံနှိပ်တိုက် |
| ၁၀၀၀ အုပ် | |
| တန်ဖိုး | |
| ၁၃၀၀ ကျပ် | |

ဖြန့်ချိရေး

အရှေ့ဘက်ကောင်းကင်

အမှတ်(၂၈၂)၊ပထမထပ်၊လမ်း–၄၁၊ကျောက်တံတားမြို့နယ်၊ရန်ကုန်။

ဖုန်း–၀၉၇၃၁၇၁၃၈၃၊၀၉၄၂၁၀၅၆၃၅၄


16 AUG 2014

# တငေတ

# ကိုယ်တူကိုယ်ခွဲ

# မဗဲဝါ

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ



၁။ ခေါင်းရိုက်တဲ့သံ .................................. ၅
၂။ ကိုယ်တူကိုယ်ခွဲ မဖဲဝါ .......................... ၄
၃။ တောကြီးတစ္ဆေ ................................ ၇
၄။ တစ္ဆေလက်သီး ................................ ၅
၅။ ကျတ်တွင်း ....................................... ၇



# ခေါင်းရိုက်တဲ့သံ

တပို့တွဲလဆိုရင် တာ့တေတို့ရွာမှာ ထမနဲ့ပွဲ ရှိကယ်ဗျ။ ထမ[illegible] [illegible] တစ်ပွဲမဟုတ်ဘူးဗျို့။ တစ်ရွာလုံးမှာ အနည်းဆုံး ဆယ်ပွဲ [illegible] [illegible]လောက်ကို ရှိတာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ထမနဲထိုးတဲ့ရက်တွေဆိုရင် တာတေတို့ကာလသားတွေ၊ မနက်လင်းအားကြီးမှပဲ အိမ်ပြန်ကြရတာဗျ။ တစ်အိမ်၊ တစ်အိမ်ကို အနည်းဆုံးတော့ ဆယ်ဒယ်လောက် ထိုးကြတာ။ ဘုန်းကြီးကျောင်းတွေပို့၊ အိမ်တွေလိုက်ဝေ၊ အနီးအနားရွာတွေ ပို့ပေါ့ဗျာ။

ကျုပ်တို့ရွာမှာကလည်း ထမနဲပွဲဆိုတာ ညရောက်မှ ထိုးကြတာဗျ။ နေ့ခင်းဘက်ကျတော့ ယာထဲဆင်းတဲ့လူကဆင်း၊ တောထဲတောင်ထဲသွားတဲ့လူကသွားနဲ့ဆိုတော့ ရွာမှာ လူမစုံဘူးလေ၊ ညရောက်မှ အားလုံးစုံဆုံကြတာဗျ။

ဒီတော့မှ ဝိုင်းထဲမှာ မီးဖိုတွေဖိုကြ၊ အောက်လင်း ဓာတ်မီးတွေ ထွန်းကြပြီး ပျော်ပျော်ပါးပါးကို ထမနဲပွဲ နွှဲကြတာဗျို့။ ထမနဲဆိုတာတာလည်း ထိုးတဲ့လူထက် ဖျင်တဲ့လူက ပိုပြီးအရေးကြီးတယ်လေဗျာ။ ကျုပ်တို့ရွာမှာက ထမနဲဖျင်ကောင်းတဲ့လူတွေ ရှိပါ့ဗျာ။

အဲ အဲဒီအထဲမှာ ဟောဒီကောင် တာတေလည်း ပါတာပေါ့။ ကျုပ်တို့ရွာ ထမနဲပွဲဆိုတာ အားကြီးပျော်ဖို့ကောင်းတာဗျ။ လက်ဖက်သုတ်၊ ငါးခြောက်ဖုတ်၊ ဆတ်သားခြောက်ဖုတ်၊ ရေနွေးကြမ်းဆိုတာ ပြတ်တယ်လို့ကို မရှိတာဗျ။ ထမနဲပွဲ အလှူရှင်တွေကလည်း လွှတ်ပြီးစေတနာကောင်းကြတာ။ ထမနဲထိုးပေးတဲ့လူတွေဆိုရင် အားကြီးကျွေးချင်မွေးချင်ကြတာဗျို့။

ခင်ဗျားနှယ် တချို့ဝိုင်းတွေထဲများဆိုရင် ဘင်ဂျိုတီးတဲ့လူတွေ၊ မယ်ဒလင်တီးတဲ့လူတွေတောင် ပါသေးသဗျ။ တကယ်ကို





ပျော်စရာကြီးပါဗျာ။

ဒီတော့လည်း ကာလသားတွေဆိုတာ တစ်ညလုံး ချွေးတလုံးလုံးနဲ့ မအိပ်ချင်အောင် ပျော်ပြီး ထမနဲ တစ်ဒယ်ပြီးတစ်ဒယ် ထိုးကြတော့တာပေါ့ဗျာ။

ပြီးတော့ ရှိသေးသဗျ။ ကာလသားတွေက တပျော်တပါး ထမနဲ ထိုးနေကြတဲ့အချိန်မှာ လက်ဖက်ပွဲ ထပ်ပြင်ပေး၊ ရေနွေးကြမ်း ထပ်ဖြည့်ပေးကြတာက ရွာထဲက အပျိုချောတွေလေဗျာ။ သူတို့လည်း ထမနဲပွဲ မပြီးမချင်း အိပ်ကြတာ မဟုတ်ဘူးဗျ၊ ဒီတော့လည်း ကာလသားတွေက ပိုပြီးပျော်တော့တာပေါ့ဗျာ။

မောလို့မောရမှန်း မသိ၊ ပန်းလို့ ပန်းရမှန်း မသိကို ဖြစ်နေတော့တာပေါ့ဗျာ။ ပြီးတော့ ပြောရဦးမယ်ဗျို့။ ကျုပ်တို့ထိုးတဲ့ ထမနဲတွေက အရသာကလည်း ကောင်းပါ့ဗျာ။ ဘာဖြစ်လို့တုံးဆိုတော့ မြေပဲတို့ နှမ်းတို့ ဆီတို့ ဆိုတာ ကျုပ်တို့ဒေသထွက်တွေလေဗျာ။ ဂျင်းတို့၊ အုန်းသီးတို့ ဆိုတာလည်း ပေါပါ့ဗျာ။ ကောက်ညှင်းဆန်တစ်ခုပဲ ကျုပ်တို့ ဝယ်ရတာလေဗျာ။ ကျန်တာက ကျုပ်တို့ယာတွေထဲက ထွက်တာတွေချည်းပဲပေါ့။

ထမနဲတွေအားလုံး ဒယ်စုံအောင် ထိုးပြီးလို့ အိမ်ပြန်ရောက်တော့ပဲ မိုးလင်းစပြုပြီဗျ။ ကျုပ်ကလည်း အိမ်ပြန်ရောက်ရင် ချက်ချင်းအိပ်တတ်တဲ့ကောင် မဟုတ်ဘူးဗျ။ အိမ်မှာ လုပ်စရာရှိတာတွေ ဆက်ပြီးလုပ်နေရောဗျ။

www.burmeseclassic.com



မနက်စာ ထမင်းစားပြီးရင်တော့ မျက်စိက စဉ်းလာရောဗျို့။ သောက်နေကျ နဂါးဆေးပေါ့လိပ်ကလေးလည်း လက်ကြားညှပ်ပြီး ဖွာလိုက်ရော ကျုပ်မျက်စိတွေက မဖွင့်ချင်အောင်ကို လေးလာတာဗျို့။

ကျုပ်တို့ အညာနေကလည်း တပို့တွဲလောက်ကတည်းက ပူချင်ချင်ဗျ။ ကျုပ်လည်း ပုဆိုးဟောင်းကလေးတစ်ထည် ပခုံးပေါ်တင်ပြီး ဝိုင်းထဲက မန်ကျည်းပင်ကြီးအောက်ကို ဆင်းလာခဲ့တယ်။ သစ်သားကွပ်ပျစ်ပေါ်မှာ အဆင်သင့်ချထားတဲ့ ဝါးဘိုးခြမ်းခေါင်းအုံးကလေးပေါ်ကို ပုဆိုးကလေး ခေါက်တင်လိုက်တယ်။ နဂါးဆေးပေါ့လိပ်ကလေး တစ်ဖွာ နှစ်ဖွာ ဖွာလိုက်ပြီးတော့ ဆေးလိပ်တိုကို ပြာခွက်ထဲ ချထားလိုက်တယ်။

မရတော့ဘူးဗျ။ မျက်စိတွေက ပိတ်ကျလာပြီ။ ကျုပ် ကွပ်ပျစ်ပေါ်ကို လှဲချလိုက်တယ်။ ကျုပ် ချက်ချင်းအိပ်ပျော်သွားတယ်။ အိပ်ရေးပျက်ပျက်နဲ့ အိပ်လိုက်တာ ဘယ်လောက်ကြာသွားတယ်တော့ မသိဘူးဗျ။

"တာတေ၊ တာတေ၊ အိပ်လို့လားကွ"

ကျုပ်နားထဲမှာ ကျုပ်ကို ခေါ်သံလိုလို ကြားနေတာဗျ။ ကျုပ်မျက်ခွံတွေက မ,လို့ကို မရအောင် လေးနေတာဗျို့။

"တာတေ၊ ဟေ့ တာတေ၊ အိပ်ပါ့ကွာ"

ကျုပ်ကိုခေါ်တဲ့ အသံကို ကျုပ် ထပ်ကြားနေရတယ်။





"ဟဲ့ တာတေ၊ ထဦးဟဲ့၊ ဝိုင်းဝက နင့်ကိုခေါ်လို့၊ ဘယ်သူတုံး ထကြည့်စမ်း"

အမေက ကျုပ်ကို လှုပ်နှိုးနေတယ်။ ဒီတော့မှ ကျုပ် နိုးသွားတာဗျို့။

"တာတေ၊ နိုးပြီလား"

ကျုပ် ချက်ချင်းခေါင်းထောင်ကြည့်လိုက်တယ်။ ဝိုင်းဝမှာ တောင့်တောင့်ကြီး ရပ်နေတာ ကိုဖိုးတောက်ကြီးပဲဗျ။ ကျုပ် ချက်ချင်းပဲ လူးလဲထလိုက်တယ်။

"ဟာ ကိုကြီးဖိုးတောက်ပါလား၊ လာလေဗျာ၊ ဘာလို့ ဝိုင်းဝမှာ ရပ်နေတာတုံး"

"မင်းတို့ဝိုင်းက ခွေးတွေ ဘာတွေ ရှိသလား မသိလို့ကွ တာတေရ"

"ဟာ ကျုပ်တို့ဝိုင်းမှာ ဘာခွေးမှ မရှိပါဘူးဗျ၊ ဒီအိမ်မှာ ကိုက်တတ်တာဆိုလို့ ကျုပ်ပဲ ရှိတာပါ ကိုကြီးဖိုးတောက်ရ"

"ဟား ဟား ဟား မင်းကတော့ အရွှန်းကလေးကလည်း ပါသေးဗျား"

ကိုကြီးဖိုးတောက်က ပြောရင်းဆိုရင်း ဝိုင်းထဲကို ဝင်လာတယ်။ ကိုကြီးဖိုးတောက်ဆိုတာ [illegible] ဘန့်ဘွေးကုန်းကဗျ။ သူက ဖိုးတောက်၊ သူ့ညီက ဖိုးကောက်တဲ့။ ညီကိုနှစ်ယောက်လုံးက ကျုပ်ဆို လွတ်ခင်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျုပ်အိမ်ကိုတော့ တစ်ခါမှ လာလည်ကြဖူးတာ မဟုတ်ဘူးဗျ။ သူတို့မိဘတွေက ဘန့်ဘွေးကုန်းမှာ နာမည်ရှိတဲ့ လူချမ်းသာတွေပေါ့ဗျာ။ ကိုဖိုးတောက်တို့မှာ မွေးချင်းက သူတို့ညီကို နှစ်ယောက်ပဲ ရှိတာဗျ။

"ကိုကြီးဖိုးတောက် လာဗျ၊ ထိုင်၊ ကျုပ်က ညက ထမနဲပွဲမှာ တစ်ညလုံးလေဗျာ"

"ဘယ်သူ့အိမ်က ထမနဲပွဲတုံးကွ တာတေရ"

ကိုကြီးဖိုးတောက်က ကွပ်ပျစ်ပေါ် ဝင်ထိုင်တယ်။

"ဩော် . . ဘယ်သူများတုံးမှတ်တယ်၊ ဖိုးတောက်ပါလား"

"ဟား ဟား ဟား အရီးငွေစိန် ကျုပ်ကို မမှတ်မိဘူးပဲကို၊ ကျုပ်က မှတ်မိတယ် ထင်နေတာ"

"ဘယ်မှတ်မိလိမ့်မတုံး ဖိုးတောက်ရဲ့၊ နင်တို့က လူကြီးတွေဖြစ်ကုန်ကြပြီလေ၊ ဒါထက် နင့်အမေ ဝိုင်းကြည်ရော နေကောင်းရဲ့လား"

"ကောင်းပါတယ် အရီးရဲ့"

"နင့်အဖေ ကိုဘချစ်ရော နေကောင်းရဲ့လား၊ အလုပ်တွေဘာတွေ လုပ်နိုင်သေးရဲ့လား"

"ကောင်းတယ် အရီးရဲ့၊ အလုပ်တွေလည်း လုပ်နေတုန်းပါဗျာ၊ ကျုပ်နဲ့ ဖိုးကောက်က အဘကို နားစေချင်ပြီဗျ၊ အဲဒါ ဘယ်လိုပြောလို့မှ မရပါဘူးဗျာ၊ ခုထက်ထိ လှည်းမောင်းတုန်း၊ ယာထဲလည်း





ဆင်းပြီး ဇွတ်ထွန်နေတော့တာဗျ"

"ဩော် . . ကိုဘချစ်က ငယ်ငယ်ကတည်းက အားကြီးစိတ်မြန်တာဟဲ့၊ သွားပြီပေ့ဆိုရင် နင့်အဘက ဝိုင်းဝရောက်နေတဲ့လူပေါ့၊ ဖိုးတောက်ရေ"

"ဟုတ်ပ့ါဗျာ၊ အခုထက်ထိကို အဲဒီစိတ်က မလျော့သေးဘူးဗျ၊ ဟိုရွာ ဒီရွာ သွားမယ်ဆိုရင် လှည်းထကောက်ပြီး ချက်ချင်းကို မောင်းထွက်သွားတာဗျ၊ ကျုပ်တို့ ညီအစ်ကို လိုက်မောင်းပို့မယ်လို့ ပြောလည်း နည်းနည်းမှကို လက်မခံဘူး အရီးရဲ့"

"အေး အေး သည်းခံကြပေ့၊ အသက်ကြီးလာရင် ဒီအတိုင်းချည်းပဲ ဖိုးတောက်ရေ၊ ဒီအိမ်ကဟာလည်း ဒီလိုပဲပေ့၊ မနည်းဘရိတ်အုပ်နေရတာ၊ သူတို့ကိုယ်သူတို့ အသက်ကြီးတယ်လို့ကို မထင်ကြတာပေ့၊ ကဲ ကဲ နှင်တို့ညီအစ်ကိုတွေ စကားပြောကြဦး၊ အရီးအိမ်ပေါ် တက်ပြီး လက်ဖက်သုပ်လိုက်ဦးမယ်"

"ဟာ မလုပ်နဲ့ အရီး၊ မလုပ်နဲ့"

ကိုကြီးဖိုးတောက်က အမေ့ကို အားနာလို့ဗျ။

"မဟုတ်တာ ဖိုးတောက်ရယ်၊ ကိုယ့်တူ ကိုယ့်သားတွေ လာလည်တာ အရီးက ကျွေးချင်မွေးချင်တာပေါ့ဟဲ့"

အမေက အိမ်ပေါ် တက်သွားတယ်။ ကျုပ်က ကိုကြီးဖိုးတောက်ကို နဂါးဆေးပေါ့လိပ်ကလေး မီးညှိပြီး ကမ်းပေးလိုက်တယ်။ ကိုကြီးဖိုးတောက်ကလည်း ဆေးပေါ့လိပ်ကလေးကို လှမ်းယူ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အမောပြေ ဖွာနေတယ်ဗျ။

ကျုပ်တို့နယ်ကတော့ ဆေးပေါ့လိပ်ဆိုရင် နဂါးပဲ့ သောက်ကြတာပေါ့ဗျာ။ ဆေးလိပ် သုံးလေးဖွာ ဖွာပြီးတော့မှ ပြာခံခွက်ထဲကို ဆေးလိပ်ချထားတယ်။

"ကိုကြီးဖိုးတောက် ထနောင်းကုန်းကိုလာတာ ဘယ်သူ့ဆီလာတာတုံး"

ကျုပ်က ကိုကြီးဖိုးတောက်ကို မေးလိုက်တယ်။

"ဟ တာတေရ ဘယ်သူ့ဆီမှ လာတာမဟုတ်ဘူးကွ၊ မင်းဆီကို သတ်သတ်လာတာ"

"ဪ . . ဟုတ်လား။ ကျုပ်က တစ်ယောက်ယောက်ဆီကို ကိစ္စရှိလို့လာရင်း ကျုပ်အိမ်ကို ဝင်လည်တယ် ထင်လို့ဗျ"

"မဟုတ်ဘူးကွ တာတေရ မင်းဆီကို တန်းလာတာ၊ ကိစ္စနည်းနည်းရှိလို့ကွ"

ကိုကြီးဖိုးတောက်က လေသံခပ်တိုးတိုးလုပ်ပြီး ပြောတယ်။ ကိုကြီးဖိုးတောက်ရဲ့ အမူအယာနဲ့ လေသံကို နားထောင်ရတာ အရေးကြီးတဲ့ကိစ္စတစ်ခုတော့ ရှိနေတာ သေချာတယ်ဗျ။

"ဘာကိစ္စများတုံး ကိုကြီးဖိုးတောက်ရဲ့"

ကိုကြီးဖိုးတောက်က ပြောမလို့ ပါးစပ်ပြင်နေတုန်းမှာ အမေက လက်ဖက်အစ်နဲ့ ရေနွေးဇန်းကြီး မ,လာတာတွေ့တော့ ကိုကြီးဖိုးတောက် ကွပ်ပျစ်ပေါ်ကနေ ကပျာကယာဆင်းပြီး အမေ့





လက်ထဲက လင်ဗန်းကို လှမ်းယူလိုက်တယ်ဗျ။

"ကဲ ညီအစ်ကိုတွေ စကားပြောကြဦးဟေ့၊ ငါတော့ မြောက်ပိုင်း သွားလိုက်ဦးမယ်၊ မြောက်ပိုင်းက ထွန်းပွင့်တို့ဆီမှာ ဝက်သားဆုံဖို့ ပြောထားတာ ရမလား၊ ဘာလား သွားမေးလိုက်ဦးမယ်၊ ရရင်လည်း မနက်ကို ဆွမ်းချိုင့်ပို့မလို့ဟေ့"

အမေက အဘရဲ့ ပုဆိုးလေးတစ်ထည် ခေါင်းပေါ်အုပ်ပြီး ဝိုင်းထဲက ထွက်သွားရောဗျို့။

"နို့ မင်းအဘ ဘိုးဉာဏ်တစ်ယောက် အမြင်ပါလားကွ၊ တာတေရ"

"အဘ မြို့သွားတယ်ဗျ၊ ကိုကြီးဖိုးတောက်ရ၊ ညနေစောင်းမှ ပြန်လာလိမ့်မယ်"

"ဪ . . . မနက်က တို့ဘန့်ဘွေးကုန်းက ကိုဖိုးတောတို့ ကားထွက်သွားတာ တွေ့လိုက်တယ်၊ အဲဒီကားနဲ့ လိုက်သွားတယ် ထင်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ် ကိုကြီးဖိုးတောက်ရေ"

ကိုကြီးဖိုးတောက်က လက်ဖက်တစ်ဇွန်းခပ်ပြီး စားလိုက်တယ်၊ ကျုပ်က ရေနွေးကြမ်းတစ်ပန်းကန် ငှဲ့ပေးထားတယ်။

လက်ဖက်စားပြီးတော့ ကိုကြီးဖိုးတောက်က ရေနွေးကြမ်းကို ဖူးကနဲ ဖူးကနဲ မှုတ်ပြီး သောက်နေတယ်ဗျ။

"နို့ . . . စောစောက ပြောတဲ့ကိစ္စကို ဆက်ပါဦးဗျ"

www.burmeseclassic.com



"အေး အေး၊ ဒီလိုဟေ့၊ ငါတို့ဒွေးလေး ဝိုင်းစိန်ကို မင်း သိတယ်မို့လား"

"ဟာ အရီးလေးဝိုင်းစိန်ကို မသိရှိမလား ကိုကြီးဖိုးတောက်ရဲ့"

"အေး မင်းအရီးလေးဝိုင်းစိန်တို့အိမ်မှာ ပြဿနာတက်နေလို့ ငါ လာခဲ့တာဟေ့"

"ဟင် ပြဿနာတက်လို့ ဟုတ်လား၊ ဘယ်လိုပြဿနာတုံးဗျ"

"ရွာထဲက လူတွေပြောနေကြတာကတော့ ပုဏ္ဏား ကားတိုက်တယ်ဆိုလားပဲကွ"

"ဟာ ကိုကြီးဖိုးတောက်ကလည်း ဘယ်ကလာ ပုဏ္ဏား ကားတိုက်ရမှာတုံးဗျ၊ ပုဏ္ဏက တိုက်တာပါဗျ"

"ဟေ ဟုတ်လား၊ အဲဒါကို ငါက မခေါ်တတ်တာကွ၊ ငါ သိတာကတော့ ဒွေးလေးဝိုင်းစိန်တို့အိမ်မှာ သရဲခြောက်တာပဲလို့ သိတာကွ"

"နေပါဦးဗျ၊ ဘာတွေဖြစ်လို့တုံး"

"အိမ်ပေါ်ထပ်မှာ ဖြစ်တာကွ၊ လူတစ်ယောက် ခုန်ချလိုက်သလို အုန်းဆိုမြည်သွားတာ၊ ပြီးတော့ ပစ္စည်းတွေကို တွန်းလှဲပစ်တဲ့ အသံတွေကွ၊ ဝုန်း၊ ဒိုင်း၊ ဂလွမ်း ဂလွမ်းနဲ့ ဆူညံနေတာ၊ လူတွေက လှေကားက ပြေးတက်ပြီး ကြည့်တော့လည်း အပေါ်ထပ်မှာ ဘာမှ





လည်း ကွဲနေတာတွေ မရှိဘူးကွ"

"ဘယ်အချိန် ဖြစ်တာတုံးဗျ"

"ဟာ စဖြစ်တုန်းက ညဘက်ကွ၊ ညသန်းခေါင်လောက်ကြီး 'အုန်း' ဆို ခုန်ချလိုက်တာတဲ့ဟေ့၊ အဲဒါ ဒွေးလေးယောကျ်ားက အိမ်ပေါ်ကို သူခိုးဝင်နေပြီဆိုပြီးတော့ ငှက်ကြီးတောင်ဓားဆွဲပြီး အိမ်ပေါ်ထပ်ကို ပြေးတက်တာတဲ့ဟေ့၊ အပေါ်ထပ်ရောက်တော့ မာတ်မီးနဲ့ တစ်အိမ်လုံး လိုက်ထိုးကြည့်တော့လည်း ဘာမှ မတွေ့ဘူးတဲ့။ ပြတင်းပေါက်တွေလည်း အားလုံးပိတ်ထားတာဆိုပဲ၊ ဒါနဲ့ ဒွေးလေးယောကျ်ား ကိုဘထွားက ဓားကြီးကိုင်ပြီး အောက်ပြန်ဆင်းလာရောတဲ့ဟေ့၊ ကိုဘထွားကြီး အောက်ရောက်တယ်ဆိုရင် နောက်တစ်ခါ ထပ်ပြီးခုန်ချပြန်ရောတဲ့ကွ၊ 'အုန်း'ကနဲကို နေတာတဲ့ကွ၊ ဒါနဲ့ ကိုဘထွားက ချက်ချင်းပြေးတက်ပြီး ကြည့်ပြန်ရောတဲ့ဟေ့"

"ကြည့်တော့ ဘာတွေ့တုံးဗျ"

"ဘာမှမတွေ့ဘူးတဲ့ တာတေရေ"

"ဟင် တယ်လည်းထူးဆန်းပါလားဗျ"

"အဲဒီညက တစ်ညလုံးကို မအိပ်ကြရဘူးတဲ့ဟေ့၊ အုန်းဆို ခုန်ချလိုက်၊ ပစ္စည်းတွေ တွန်းလှဲတဲ့အသံတွေ ကြားလိုက်နဲ့ မနက်မိုးလင်းကာနီးမှ ငြိမ်သွားတာတဲ့ကွ၊ မိုးလင်းတာနဲ့ ဒွေးလေးနဲ့ သူ့သမီးတွေ ငါတို့အိမ်ကို ပြောင်းလာကြတာပေါ့ကွာ၊ ကိုဘထွားနဲ့ သူ့သားနှစ်ယောက်ကတော့ အိမ်မှာ နေခဲ့တာကွ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာဖြစ်သေးတုံးဗျ"

"တစ်နေ့လုံး ဘာမှမဖြစ်တော့ဘူးကွ၊ အေး ညသန်းခေါင် ရောက်တာနဲ့ ခုန်ချပြန်ရောတဲ့ဟေ့၊ ပစ္စည်းတွေ လဲပြိုပြီး ကျကွဲတဲ့ အသံတွေ ကြားရပြန်ရောတဲ့ကွာ၊ အိပ်ရေးပျက်တော့ ဘယ်သူမှ ဆက်ပြီး မနေနိုင်တော့ဘဲ ကိုဘထွားတို့ သားအဖတွေလည်း ငါတို့ အိမ် ရောက်လာကြတာပေါ့ကွာ"

ကိုကြီးဖိုးတောက်က စကားစပြတ်ပြီး နဂါးဆေးပေါ့လိပ်ကို ခနဲ့ဖြူမီးခတ်ကလေးနဲ့ခတ်ပြီး မီးညှိတယ်ဗျ။ ဆေးလိပ်ကို အားရပါးရ နှစ်ဖွာ သုံးဖွာ ဆက်တိုက်ဖွာလိုက်ပြီးမှ စကားကို ဆက်တယ်။ ကျုပ်ကလည်း သူ့စကားမဆက်ခင် သိချင်တာကို မေးလိုက်မိသဗျ။

"နေပါဦး ကိုကြီးဖိုးတောက်ရဲ့၊ အဲဒီအသံတွေကို အိမ်နီးနားချင်းတွေရော ကြားကြသလား"

"ဟာ ကြားပါပြီလားကွာ၊ လေးငါးအိမ်ကျော်လောက်ကကို ကြားရတာ၊ ရွာထဲက လူတွေဆိုရင် ညတိုင်း သွားစောင့်ပြီး ကြည့်ကြတာ၊ တချို့လည်း အိမ်ပေါ်ထပ်ထိ တက်ကြည့်ကြတာဟေ့၊ တချို့ဆို ထိုင်ကို စောင့်နေကြတာ၊ တုတ်တွေ၊ ဓားတွေနဲ့ပေါ့ကွာ"

"ဟင် အဲဒီတော့ ခုန်ချတာပဲလားဗျ"

"ဘယ်က ခုန်ချမှာတုံးကွာ၊ လူတွေ အကုန်လုံး အောက်ထပ် ပြန်ရောက်တော့မှ အုန်းကနဲ ခုန်ချတာကွ"

"ကိုကြီးဖိုးတောက်တို့ရော အိမ်ပေါ်ထပ်ကို တက်ကြည့်သလား"





"ဟာ ကြည့်တာပေါ့ တာတေရ၊ ဘာမှကို မတွေ့ပါဘူးဆို၊ လဲပြိုနေတာတွေ၊ ကွဲနေတာတွေ ဘာမှကို မရှိပါဘူးကွာ"

"ဒါဆိုရင်တော့ ပုဏ္ဏကတိုက်တာ ဖြစ်မယ်ဗျ"

"ဟေ ဟုတ်လား တာတေ၊ မင်းက ဒီကိစ္စတွေမှာ အတွေ့အကြုံ တော်တော်များထားတာဆိုတော့ မင်း သိတာတွေ ပြောပါဦးကွ"

"ဟာ ကိုကြီးဖိုးတောက်ရ၊ ကျုပ်လည်း ပုဏ္ဏကတိုက်တာကို ကြားဖူးတာပဲ ရှိတာဗျ၊ တစ်ခါမှ မကြုံဖူးသေးဘူး၊ နို့ နေပါဦး ကိုကြီးဖိုးတောက်ရဲ့၊ ကိုဘထွားတို့ အရိုးလေးပိုင်းစိန်တို့မှာ လူမုန်းများ ရှိသလားဗျ"

"အင်း. . . တာတေရေ၊ မင်းမေးတော့လည်း ပြောရတော့မှာပေါ့ကွာ၊ ငါ့ခွေးလေးလင်မယားက ပြောရရင်တော့ ဘာနဲ့ခွေး ကုန်းရွာ တစ်ဝက်လောက်ကကို မုန်းတာဟေ့"

"ဗျာ. . . ဟုတ်ရဲ့လား ကိုကြီးဖိုးတောက်ရဲ့"

"ဟုတ်တာပေါ့ကွာ၊ လင်မယားနှစ်ယောက်က စီးပွားဥစ္စာကလည်း ဖြစ်ကြတော့ အင်မတန် ဘဝင်မြင့်ကြတာကွ၊ တော်ရုံလူကို ဆေးဖော်ကြောဖက် လုပ်ချင်ကြတာ မဟုတ်ဘူးကွ၊ အခုကိစ္စ ဖြစ်တော့ ရွာထဲကလူတွေ တချို့တလေပဲ သွားကြည့်ကြတာ၊ တော်တော်များများက သူတို့နဲ့ မတည့်ကြတော့ ကြိတ်ပြီးဝမ်းသာနေကြတာ၊ သွားတောင်မကြည့်ကြဘူး"

"ဒါကြောင့် ဖြစ်တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ဘာကြောင့်ဖြစ်တာတုံးကွ တာတေရ"

"ဒါ လူကိုမုန်းလို့ တိုက်တာဗျ၊ သူတို့ကို မုန်းတဲ့လူ တစ်ယောက်ယောက်က သူတို့အိမ်ကို သေသေချာချာ စီရင်ပြီး တိုက်ထားတာ၊ နို့ ဆရာတွေ ဘာတွေ မရှာကြဘူးလားဗျ"

"အေး ငါ အခုလာတာ ဒီကိစ္စပဲကွ၊ ကိုဘထွား စစ်ကိုင်းဘက်မှာ ဆရာ သွားရှာတယ်၊ မနက်က ပြန်ရောက်တော့ ဆရာကြီး တစ်ယောက် ပါလာတယ်ကွ၊ ဆရာကြီးက အသက်ခြောက်ကျော် လောက်ရှိပြီကွ၊ ကြည့်ရတာတော့ တော်တော်ကို သမာဓိရှိတဲ့ပုံပဲကွ၊ ဒါပေမဲ့ အဲဒီဆရာကြီးက ဒီအိမ်ကို သူရှင်းတဲ့အခါ လူတွေ ဝင်လာလို့ မရဘူးလို့ပြောတယ်၊ သတ္တိကောင်းတဲ့လူငယ်တစ်ယောက် ရှာပေးပါလို့ ပြောတယ်ကွ၊ အဲဒါ ငါတို့ရွာက လူတွေအားလုံးက မင်းကို တန်းမြင်ကြတာပေါ့ကွာ၊ အဲဒါကြောင့် ငါလာခဲ့တာကွ၊ တာတေရ"

"နို့ ကျုပ်က ဘာလုပ်ပေးရမှာတုံးဗျ"

"ဆရာကြီး ပြောတာကတော့ သူ့ကို ကူဖို့ဆိုပဲ၊ ဆန်မန်းတွေ ဘာတွေ ကြပေးရမှာဆိုပဲကွ၊ လုပ်တော့လည်း ညဘက်မှာ လုပ်မှာဆိုတော့ သတ္တိကောင်းမှ ရမှာလို့ ပြောတယ်ကွ၊ ရွာထဲက လူတွေတော့ သူ အလုပ်လုပ်နေတဲ့အချိန်မှာ ရွာလမ်းပေါ်ကို မထွက်ရဘူးလို့ ပြောတယ် တာတေရေ၊ တိုက်ထားတာက တော်တော်လေး ကြမ်းတယ်ဆိုပဲ"

"နို့ ဘယ်တော့လုပ်မှာတဲ့တုံးဗျ"





"မနက်ဖြန်ည အလုပ်လုပ်မယ်လို့ ပြောတယ်ကွ၊ မင်း လာမယ်မို့လား"

"ဟာ ကိုကြီးဖိုးတောက်ရာ၊ တာတေပါဆိုမှ ဒါမျိုးကို ဘယ် လက်လွတ်ခံမှာတုံးဗျာ၊ ကျုပ်လည်း ခုတလော ဘာအကြောင်းမှ မပေါ်လို့ ပျင်းနေတာဗျ၊ ကျုပ် မနက်ဖြန် နေ့လည်ဘက် အရောက် လာခဲ့မယ်"

"ဟာ နေရာကျပြီပေါ့ကွာ၊ ကဲ ဒါဆိုရင် ငါပြန်မယ်ကွာ၊ အရီးငွေစိန်ကို ငါ နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ကွာ"

ကိုကြီးဖိုးတောက်က ထိုင်နေရာကနေ ချက်ချင်းထတော့ တာပဲဗျို့။ သူဆောင်းထားတဲ့ ဝါးဖတ်ဦးထုပ်ကလေးကိုဆောင်းပြီး ကျုပ်တို့ဝိုင်းထဲကနေ သုတ်သုတ် သုတ်သုတ်နဲ့ ထွက်သွားရောဗျို့။

ကျုပ်လည်း ဝါးဘိုးခြမ်း ခေါင်းအုံးကလေးပေါ်ကို ပြန်လှဲ သိုက်တယ်။ ဒါပေမဲ့ အိပ်လို့တော့ မပျော်တော့ပါဘူး၊ ကိုကြီးဖိုး တောက် ပြောသွားတာတွေကို ပြန်ပြီးစဉ်းစားနေတာပေါ့ဗျာ။

ပုဏ္ဏကတိုက်တယ်ဆိုတာ သူပြော လူပြောတော့ ကျုပ် ကြားဖူးတာပေါ့ဗျာ။ အခုလို နဖူးတွေ့ ဒူးတွေ့တော့ တစ်ခါမှ မကြုံ ဘူးသေးပါဘူး။ ပြီးတော့ အခုလို အိမ်ပေါ်မှာ တအုန်းအုန်းနဲ့ ခုန်ချတဲ့ သရဲ တစ္ဆေမျိုးလည်း ကျုပ် တစ်ခါမှ မကြားဖူးပါဘူး။

ဘာပဲပြောပြော မနက်ဖြန်တော့ ကျုပ်တွေ့ရတော့မှာပေါ့ ဗျာ သိပ်မကြာဘူးဗျ။ အမေလည်း ပြန်ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ဝက်သား မရခဲ့ဘူးလားဗျ"

ကျုပ်က လက်ချည်းပြန်လာတဲ့ အမေ့ကို လှမ်းမေးလိုက်တယ်။

"မရပါဘူးဟာ၊ သူတို့ မလုပ်ဖြစ်ဘူးပြောတယ်၊ နို့ ဖိုးတောက် ပြန်သွားပြီလား၊ ဘာတွေဖြစ်ကြလို့တုံး တာတေရဲ့"

ကျုပ်က ကိုကြီးဖိုးတောက် ပြောတာတွေ အမေ့ကို ပြန်ပြောပြလိုက်တယ်။ အမေက ကွပ်ပျစ်မှာ ဝင်ထိုင်ပြီး လက်ဖက်စားပြီး အကြမ်းသောက်တယ်၊ ကျုပ်ပြောတာတွေကို သေသေချာချာ နားထောင်တယ်၊ ပြီးတော့မှ. . .

"ဖိုးတောက်ပြောတာ အမှန်ဟဲ့၊ ငွေစိန်တို့လင်မယားက အားကြီးမောက်မာတယ်လို့ လူပြောများတယ်၊ ဒါ မုန်းတဲ့လူ တစ်ယောက်ယောက်က သူတို့ကို တိုက်တာဖြစ်မှာပေါ့ဟယ်၊ ဒါဆိုနင် မနက်ဖြန်သွားမှာပေါ့"

"သွားမယ် အမေ၊ မနက်ဖြန်ညတော့ ကျုပ် ဘန့်ဘွေးကုန်းမှာ အိပ်ရမှာ"

"အေးလေ၊ နင်ကတော့ ဒါမျိုးဆိုရင် လာမခေါ်တာတောင် ကြားရင် ရောက်အောင်သွားမယ့် ကောင်ပဲလေ၊ အခုလို အိမ်အထိ လာခေါ်မှတော့ ဘယ်နေလိမ့်မလဲဟေ"

အမေက သူ့သားတာတေ ဆိုတဲ့ကောင်ဟာ နေရာတကာ စပ်စုတတ်တဲ့ကောင်ဆိုတာ သိနေတော့ ကျုပ်ကို မသွားဖို့ တားမနေ





တော့ဘူးပေါ့ဗျာ။ ကျုပ်ကလည်း အိမ်ရှေ့တံခါး ပိတ်ထားရင်တောင် နောက်ဖေးတံခါးဖွင့်ပြီး ရောက်အောင်သွားစပ်စုတဲ့ကောင်ဗျ။

ကျုပ် ဘန့်ဘွေးကုန်းကိုရောက်တော့ နာရီပြန် နှစ်ချက်တီးလောက်ရှိပြီ။ ကိုကြီးဖိုးတောက်တို့အိမ်ကြီးက ရွာမြောက်ပိုင်းမှာဗျ။ မြောက်ခေါင်း ကိုအောင်ပေါ်တို့ဝိုင်းနဲ့ ကပ်လို့လေ။

အဲ ကျုပ် ပြောပြရဦးမယ်ဗျို့၊ မြောက်ခေါင်း ဆိုတာက ကျုပ်တို့ အညာဓလေ့နဲ့ ခေါ်တာပေါ့ဗျာ။ ရပ်ရေး ရွာရေးတွေ ဆောင်ရွက်တဲ့သူပေါ့။ သူ့ကိုရွေးတာက ရွာမှာရှိတဲ့ ကာလသားတွေရဲ့ ဆန္ဒနဲ့ ရွေးရတာဗျ။ လူကြိုက်များတဲ့လူက မြောက်ခေါင်းဖြစ်တာပေါ့ဗျာ။ အဲ အဲ ဒီလိုဗျ။ သူတို့ရွာမှာက အဲဒီကာလသားခေါင်းကို ရွေးရင် မြောက်ပိုင်းကလူက ရတော့ မြောက်ပိုင်းခေါင်းဆောင်လို့ ခေါ်တဲ့သဘောပေါ့ဗျာ။

ဒါကို အတိုပဲ ခေါ်တဲ့ဓလေ့ ဖြစ်နေတော့ မြောက်ခေါင်းလို့ပဲ ခေါ်ကြတာပေါ့။ အဲ ပြောရဦးမယ်ဗျ။ လူဆိုတာလည်း ခေါ်ပါများတော့ နှုတ်ကျိုးသွားတယ်ဆိုတာ ရှိတယ်နော။ ခေါ်နေကျ ပြောနေကျဆိုတော့လည်း နှုတ်ကျိုးတော့တာပေါ့နော။

နောက်တော့ အဲဒီကာလသားခေါင်းနေရာကို ရွာလယ်ပိုင်းကလူ အရွေးခံရရင်လည်း မြောက်ခေါင်းပဲ ခေါ်ကြတော့တာဗျို့။

အခု ကျုပ်ပြောတဲ့ မြောက်ခေါင်း ကိုအောင်ပေါ်ကတော့ အကယ့်မြောက်ခေါင်း အစစ်ဗျ။ သူက ရွာမြောက်ပိုင်းမှာ တကယ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဟောဒီဘာနဲ့ဘွေးကုန်းမှာက ရွာလယ်ပိုင်းနဲ့ မြောက်ပိုင်းမှာ အိမ်ကြီးအိမ်ကောင်း လွတ်ပေါ်တာဗျ။ ကိုကြီးဖိုးတောက်တို့အိမ်လည်း ခေါင်နှစ်လုံးနဲ့ ကျွန်းအိမ်ကြီးပဲဗျ။ မြောက်ခေါင်းတို့အိမ်ဆိုရင် ပိုတောင်ကြီးသေးဗျ။ ဝိုင်းကြီးကလည်း လွတ်ကျယ်တာ။ သစ်ပင်ကြီးတွေလည်း စုံလို့ဗျ။ နွေဆိုရင် မြောက်ခေါင်းတို့ဝိုင်းကြီးက ဇိမ်ပေါ့ဗျာ။ လွတ်အေးတာဗျ။ မြောက်ခေါင်းတို့မိဘတွေက သူတို့ဘိုးဘွား လက်ထက်ကတည်းက လူချမ်းသာတွေဆိုပဲ။ သုံးမွေခံလေးမွေခံတွေဗျ။

ကျုပ် ကိုကြီးဖိုးတောက်တို့ ဝိုင်းဝကို ရောက်တော့. . .

"ဟာ တာတေ လာပြီဟေ့၊ လာဟေ့ တာတေ၊ ငါတို့ မင်းကိုမျှော်နေတာကွ"

ကျုပ်ဝိုင်းဝကနေ လှမ်းကြည့်လိုက်တော့ ကိုကြီးဖိုးတောက်တို့အိမ်ကြီးအောက်ထပ်မှာ လူလေးငါးယောက် ထိုင်နေတာ တွေ့တယ်ဗျ။ အားလုံး ကျုပ်ကို လှမ်းကြည့်လို့ဗျို့။

"တာတေရေ၊ အရီးလေးဝိုင်းစိန်တို့ သတင်းတော့ ကြားပြီးရောပေါ့၊ တတ်သလောက် စွမ်းသလောက် လုပ်ပေးပါဦး ငါ့တူရယ်"

ဟင်. . . အရီးလေးဝိုင်းစိန်ပါလား၊ ထိုင်နေတဲ့ ယောက်ျားတွေရဲ့နောက်မှာ အရီးလေးက ထိုင်နေတာကိုးဗျ။ ကျုပ်က မြွန်းစားကြီးဆိုတော့ သူ့ကို မမြင်တာ။ ကျုပ် အိမ်ပေါ်ကို ဝင်ထိုင်လိုက်ရင်းက. . .





"အရီးလေးရယ်၊ ဒီလောက်လည်း စိတ်မညစ်ပါနဲ့ဗျာ၊ ကျုပ်လည်း ဝိုင်းကူပြီး လုပ်ပေးမှာပေါ့နော"

"အေးကွာ တာတေရာ၊ စဖြစ်တဲ့ညတုန်းကဆိုရင် ငါ့မှာရူးသွားမလားတောင် ထင်တာကွ တာတေရ"

ဒါ ဘယ်သူ့ပါလိမ့်။ ကျုပ် သူ့ကို လှမ်းကြည့်လိုက်တယ်။ ဟာ ကိုဘထွားကြီးပဲ။ ဟင် ပိန်နေပါလား။ ကိုဘထွားကို မမြင်တာကြာတော့ ကျုပ်မှာ မှတ်တောင် မမှတ်မိဘူးဗျာ။ စိတ်လည်း တော်တော်ဆင်းရဲနေပုံပဲဗျ။ ဒါကြောင့်လည်း ပိုပြီးပိန်နေတာ ဖြစ်မယ်ထင်တယ်။

"ဘထွေးလေးကို ကျုပ်က မြင်မြင်ချင်း မှတ်ကို မမှတ်မိတာဗျ"

ကျုပ်က ကိုဘထွားကို သေသေချာချာကြည့်ပြီး ပြောလိုက်တာဗျ။

"ဘယ်မှတ်မိလိမ့်မတုံး တာတေရ၊ လူတွေလည်း ညမအိပ်ရ နေ့မအိပ်ရနဲ့ စိတ်တွေညစ်ပြီး အစားလည်း မစားနိုင်အောင်ဖြစ်နေတာကွ"

"မစိုးရိမ်ပါနဲ့ဗျာ၊ နို့ နေပါဦး၊ ဘိုးတော်တို့ ဘွားတော်တို့တော မမြင်ပါလား"

ကျုပ်က ကိုကြီးဖိုးတောက်ကို ကြည့်ပြီး မေးလိုက်တာဗျ။ ဘချစ်နဲ့ အရီးဝိုင်းကြည်ကို မမြင်လို့ မေးလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"တောင်ဘက် နှစ်ဝိုင်းကျော်က ဘိုးစိန်ဘွင့်တို့ဝိုင်းကို သွားကြတယ်၊ အဲဒီမှာ ငါ မင်းကိုပြောတဲ့ ဆရာကြီး တည်းတယ်လေကွ တာတေရ"

"ဟင် ဆရာကြီးက ဒီမှာ မတည်းဘူးလားဗျ"

"ဒီလိုကွ၊ ဘိုးစိန်ဘွင့်က အဲဒီဆရာကြီးရဲ့ တပည့်တဲ့ကွ၊ သူငယ်ငယ်က အဲဒီဆရာကြီးဆီမှာ ဂိုဏ်းတက်ဖူးတယ်ဆိုပဲ၊ အခုလည်း ဘိုးစိန်ဘွင့်ကြီး လိုက်ပင့်ပေးတာကွ၊ ဒါကြောင့် ဘိုးစိန်ဘွင့်က သူ့ဆရာ လာသခိုက်မှာ သူပြုစုပါရစေဆိုပြီး သူ့အိမ်မှာ ခေါ်ထားတာပေါ့"

ကိုကြီးဖိုးတောက်ရဲ့ညီ ကိုကြီးဖိုးကောက်က ဝင်ပြောပြတာဗျ။

"ဪ ဒီလိုလား၊ နို့ နေပါဦးဗျ၊ ဆရာကြီးနာမည်က ဘယ်သူတဲ့တုံး"

"ဆရာကြီးနာမည်က ဦး အဲ နေဦးကွ"

ကိုကြီးဖိုးကောက်က ပြောမလို့လုပ်ပြီးမှ မေ့နေရောဗျို့။

"ဟာ ဦးစက်အောင်ပါကွာ၊ ဖိုးကောက်ရာ"

ကိုကြီးဖိုးတောက်က ဝင်ပြောလိုက်တယ်ဗျ။

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ ဦးစက်အောင်၊ ဦးစက်အောင်၊ တော်တော်တော့ သမာဓိရှိတဲ့ပုံပဲကွ တာတေရ"

ကိုကြီးဖိုးကောက်က ကျုပ်ကို ပြောပြတယ်၊ ဒါပေမဲ့ ဒီ





အကြောင်းတွေကို မနေ့က ကတည်းက ကျုပ် သိပြီးသားလေဗျာ။ ကိုကြီးဖိုးတောက် ကျုပ်ကို ပြောပြခဲ့တာပဲမို့လား။ အဖြစ်အပျက်တွေကို ကိုဘထွားရော၊ အရီးလေးရော၊ ကိုကြီးဖိုးကောက်ရော၊ သူတို့နဲ့ အတူတူထိုင်နေတဲ့ ရွာထဲက ကာလသား အောင်သိန်းနဲ့ ထွန်းပေါ်ရောက ကျုပ်ကို ပြောကြတာပေါ့ဗျာ။ သူတို့ပြောပုံအရဆိုရင် တော်တော်ကိုကြမ်းတာပဲဗျ။

အိမ်အပေါ်ထပ်မှာ ထုတ်တန်းပေါ်တက်ပြီးတော့ကို ခုန်ချတာဆိုပဲ။ တစ်ညလုံး တအုန်းအုန်းနဲ့ကို ခုန်ချနေတာတဲ့ဗျို့။ ဒုန်း၊ ဒိုင်း၊ ဂလွမ်း ဂလွမ်း ဆိုတဲ့ အသံတွေကလည်း ဆူညံနေတာဆိုပဲ။ ကိုဘထွားတို့နဲ့ ဝိုင်းချင်းကပ်လျက်က လူတွေတောင် ညဘက် အိပ်ရေးပျက်လွန်းလို့ တခြားအိမ်တွေမှာ ပြောင်းအိပ်ကြရတယ်ဆိုပဲဗျာ။

တစ်နာရီလောက်ကြာအောင် စကားပြောကြပြီးတော့ ကိုကြီးဖိုးတောက်က ပြောတယ်ဗျ။

"ကဲ မင်းတို့ ဒီမှာနေခဲ့ကြဦး၊ ငါ တာတေကို ဆရာကြီးဆီကို လိုက်ပို့လိုက်ဦးမယ်၊ ဆရာကြီးလည်း တာတေကို စောင့်နေမှာ၊ လာ တာတေ၊ မင်းနဲ့ငါ တောင်ဘက်က ဘိုးစိန်ဘွင့်တို့ဝိုင်းကို သွားကြရအောင်"

ကျုပ်နဲ့ ကိုကြီးဖိုးတောက်တို့ ဘိုးစိန်ဘွင့်တို့ဝိုင်းဝရောက်တော့ ကိုကြီးဖိုးတောက်က ဝိုင်းထဲတန်းဝင်သွားရောဗျ။ ကျုပ်လည်း သူ့နောက်က ကပ်လိုက်ခဲ့ရတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ တာတေပါလား၊ အဘရေ ကိုကြီးဖိုးတောက်နဲ့ တာတေ လာတယ်ဗျို့"

ဘိုးစိန်ဘွင့်ရဲ့သား အငယ်ကောင် အောင်ဗလက အော်ပြောလိုက်တယ်။ ဘိုးစိန်ဘွင့်တို့က အိမ်ကြီးရဲ့ အပေါ်ထပ်မှာဗျ။

"ဟေ တာတေ လာပြီလားကွ၊ လာဟေ့ တာတေရေ၊ အိမ်ပေါ်ထပ်ကို တက်ခဲ့ဟေ့"

ဘိုးစိန်ဘွင့်ကြီးရဲ့ အသံဗျ။ ကျုပ်နဲ့ ကိုကြီးဖိုးတောက်လည်း အိမ်ပေါ်ထပ်ကို တန်းတက်ခဲ့တာပေါ့ဗျာ။

ဘိုးစိန်ဘွင့်တို့ ဘုရားခန်းက အကျယ်ကြီးဗျ။ ဘုရားစင်ရှေ့မှာ သျှောင်တစောင်းထုံးပြီး ပုဝါဖြူလေး ခေါင်းပေါင်းထားတဲ့ ဘိုးတော်ကြီးတစ်ယောက်က တည်တည်ငြိမ်ငြိမ် ထိုင်နေတယ်ဗျ။

ဆရာကြီး ဦးစက်အောင်ဆိုတာ ထင်ရဲ့လို့ ကျုပ် တွေးလိုက်တယ်။ ဆရာကြီးနဲ့ အတူတူထိုင်နေကြတာက ဘိုးဘချစ်၊ ဘိုးစိန်ဘွင့်၊ ပြီးတော့ ဘွားတော်ပိုင်းကြည်နဲ့ ဘိုးစိန်ဘွင့်ရဲ့မိန်းမ ဒေါ်မယ်ခကြီးတို့ဗျ။

ကျုပ်နဲ့ ကိုကြီးဖိုးတောက်က သူတို့နားမှာ ကပ်ထိုင်လိုက်တယ်။ ကိုကြီးဖိုးတောက်က ဘုရားကို ဦးတိုက်တယ်။ ပြီးတော့ ဆရာကြီး ဦးစက်အောင်ကို ဦးတိုက်တယ်။ ကျုပ်လည်း သူလုပ်သလို လိုက်လုပ်လိုက်တယ်။

"မောင်တာတေလားကွဲ့"





ဆရာကြီး ဦးစက်အောင်က တည်ငြိမ်အေးဆေးတဲ့ မျက်နှာနဲ့ကြည့်ပြီး ကျုပ်ကို မေးတယ်။

"ဟုတ်ပါတယ် ဆရာကြီး"

"အေး အေး မောင့်အကြောင်းတွေတော့ ဒီရွာကလူတွေ ပြောပြလို့ ကျုပ် အတော်အတန် သိထားပါပြီ၊ အခုကိစ္စကလည်း ညဘက်မှ လုပ်ရမှာဆိုတော့ ဒီလိုမကောင်းဆိုးဝါးတွေ၊ နာနာဘာဝတွေက အင်အားအပြည့်ရှိတဲ့ အချိန်ဖြစ်နေတာပေါ့ မောင်တာတေရဲ့၊ ဒီတော့ အန္တရာယ်ပိုများတာပေါ့ကွာ၊ ကျုပ်တို့ အိမ်ထဲဝင်ပြီး ရှင်းတာလင်းတာတွေ လုပ်ပြီဆိုကတည်းက ပိုပြီးကြမ်းတမ်းလာကြမှာပဲ၊ ပြီးတော့ အိမ်ထဲကို ဝင်နေတဲ့ မကောင်းဆိုးဝါးက တစ်ကောင်တည်းလား၊ တစ်ကောင်ထက် ပိုသလားဆိုတာ ကျုပ်တို့က မြင်ရတွေ့ရတာ မဟုတ်ဘူးလေကွာ"

"ဒီအတွက်တော့ ဆရာကြီး မစိုးရိမ်ပါနဲ့ဗျ၊ ကျုပ်က ဒီကောင်တွေကို မြင်ရပါတယ်"

"ဟေ ဟုတ်လား၊ ဒါဆိုရင် ဟန်ကျတာပေါ့ကွယ်၊ မောင်တာတေက တယ်လည်းထူးတာကိုး၊ ဒါတွေကို မြင်ရတာက မွေးရာပါသတ္တိကြောင့်လား"

"မဟုတ်ပါဘူး ဆရာကြီး၊ ကျုပ်ရဲ့ ဆရာကြီးတစ်ယောက်က ကျုပ်ကို မျက်ကွင်းဆေး ပေးသွားလို့ မြင်ရတာပါ"

"ဩော် ဒီလိုကိုး၊ ဒါကြောင့်လည်း ဒီနယ်တစ်လွှားမှာ



www.burmeseclassic.com

www.burmeseclassic.com



မောင်တာတေရဲ့နာမည်က ကျော်ကြားပေတာကိုး"

"ဒါထက် ကျုပ် မသိလို့ မေးပါရစေ ဆရာကြီး"

"ဟင် မောင်တာတေ၊ ဘာများသိချင်လို့တုံးကွဲ့"

"ပုဏ္ဏကတိုက်တယ်ဆိုတာ ဘယ်လိုဖြစ်တာတုံး ဆရာကြီးရဲ့"

"ဒီလိုကွဲ့ မောင်တာတေရဲ့၊ လူတွေနေတဲ့အိမ်တွေ၊ အဆောက်အဦတွေအထဲကို မကောင်းဆိုးဝါး အကောင်တွေ ဝင်လို့မရဘူးကွဲ့၊ လူရဲ့ အရောင်အဝါတွေကို ဒီကောင်တွေ လွတ်ကြောက်ကြတာ၊ ဒါပေမဲ့ ဒီအိမ်ကလူတွေကို မုန်းတဲ့လူက သချႋုင်းကိုသွားပြီး အဲဒီက မကောင်းဆိုးဝါးတစ်ကောင်ကို ကြက်သွေးဇိုက်ပြီး ခေါ်လာလို့ရတယ်၊ ပြီးတော့ အဲဒီအိမ်ကို သချႋုင်းကမြေ လာမြှုပ်တာတို့ ဘာတို့ပေါ့ကွယ်၊ စီရင်တာကတော့ နည်းအမျိုးမျိုး ရှိတာပေါ့လေ၊ အဲဒီလို လုပ်လိုက်ရင် စောစောက ခေါ်လာတဲ့ မကောင်းဆိုးဝါးကောင်က အိမ်ထဲကို ဝင်လို့ရသွားရောပေ့ါ၊ ဒါဆိုရင် အခုလိုမျိုး အိမ်ထဲမှာ ခြောက်လှန့်တော့တာပေ့ါကွာ၊ ဒီနေရာမှာလည်း ခေါ်လာတဲ့အကောင်ရဲ့ အစွမ်းကြီးရင် ကြီးသလို ခြောက်နိုင် လှန့်နိုင်တာပေ့ါကွာ၊ အခု ဘထွားတို့ ဝိုင်းကြည်တို့အိမ်မှာ ခြောက်လှန့်နေတဲ့ အကောင်က အစွမ်းသိပ်နည်းပုံ မပေါ်ဘူးကွ မောင်တာတေရဲ့"

"ဪ ဒီလိုလား၊ ကျုပ်ဘက်က ဆရာကြီးကို ကူညီလုပ်ကိုင်ပေးဖို့ အဆင်သင့်ပါပဲ ဆရာကြီး"





"အေး အေး၊ သာဓု၊ သာဓု၊ မောင်တာတေ သာဓု"

"ကဲ အဘ ဒါဆိုရင် ကျုပ် တာတေကို အိမ်ကိုပဲ ပြန်ခေါ်သွားမယ်၊ ညကျမှပဲ ဒီလိုလာခဲ့မယ်"

"ဟာ ရတယ်၊ ရတယ်၊ မောင်တာတေ၊ လွတ်လွတ်လပ်လပ်နေပါ၊ ညကိုးနာရီထိုးမှ ကျုပ်နဲ့ မောင်တာတေနဲ့ ဘထွားတို့အိမ်ကြီးထဲကို ဝင်ကြမှာပါ"

ဆရာကြီး ဦးစက်အောင်က ကျုပ်ကို ပြောလိုက်တယ်။ ဒီတော့ အရီးမယ်ခက ဝင်ပြောပြန်တယ်ဗျ။

"ဟာ ဖိုးတောက် နင်နဲ့ တာတေနဲ့ ညစာ ဒီမှာ လာစားကြလေ၊ အရီး ချက်ပြုတ်ထားတယ်"

"ဟာ နေပစေ အရီး၊ ကျုပ်တို့အိမ်မှာပဲ တာတေကို ထမင်းကျွေးလိုက်မယ်၊ ဟိုမှာ ရွာထဲက ကာလသားတွေလည်း ရှိသေးတယ်ဗျ၊ သူတို့လည်း တာတေနဲ့ လူခင်တွေပဲ၊ တာတေကို တွေ့ချင်လို့ လာကြတာဗျ"

"ဪ ဒီလိုလား၊ ဒါဆိုလည်း ပြီးရောလေ၊ ဟင်းတွေ၊ ထမင်းတွေ လိုရင်တော့ ဒီမှာ လာခူးခပ်ယူနော၊ ဖိုးတောက်"

"ဟုတ်ကဲ့ပါ အရီး၊ ဟုတ်ကဲ့ပါ"

ကိုကြီးဖိုးတောက်က အရီးမယ်ခကို ရိုရိုသေသေ ပြန်ပြောတယ်ဗျ။ ကျုပ်နဲ့ ကိုကြီးဖိုးတောက်လည်း၊ သူတို့ဝိုင်းထဲကို ပြန်လာတာပေါ့။ အန်ဒွေးကုန်းက ကာလသားတွေနဲ့ ကျုပ်နဲ့ စကားဝိုင်းဖွဲ့ကြတာပေ့ါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ညကိုးနာရီမထိုးခင် ကျုပ်မျက်ကွင်းဆေး ကွင်းတယ်။ ဘိုးစိန်ဘွင့်တို့အိမ်ကိုရောက်တော့ ကိုးနာရီထိုးကာနီးနေပြီ။ ဘန်ဘွေးကုန်းသူကြီးက ကိုးနာရီထိုးတာနဲ့ လမ်းပေါ် လူမထွက်ရ အမိန့်ထုတ်ထားသဗျ။ ဘန့်ဘွေးကုန်းသားတွေကလည်း စိတ်ချရပ့ါဗျာ။ လမ်းပေါ် မထွက်ရုံ မကဘူး၊ အိမ်တံခါးတွေပါ ပိတ်ထားကြတာဗျို့။

ဆရာကြီး ဦးစက်အောင်နဲ့ ကျုပ်နဲ့ ကိုဘထွားတို့အိမ်ကိုထွက်လာတဲ့အချိန်ရောက်တော့ ဘန့်ဘွေးကုန်းတစ်ရွာလုံး တိတ်ဆိတ်လို့ဗျ။ ကိုဘထွားတို့အိမ်ကိုရောက်တော့ အိမ်စောင့်ထားတဲ့ လူနှစ်ယောက်က ကြိုတင်မှာထားတဲ့အတိုင်း အောက်လင်းဓာတ်မီးကြီး ထွန်းထားပြီဗျ။ သန်းခေါင်မကျော်မချင်း ဘာမှလုပ်တာ မဟုတ်တော့ သူတို့နှစ်ယောက်လည်း အေးအေးဆေးဆေးပဲ အိမ်စောင့်နေကြတာဗျ။ တစ်ယောက်က အရပ်ပုပြတ်ပြတ် ဂင်တိုတိုနဲ့ ဗလကောင်းကောင်း၊ သူ့နာမည်က ကိုဝတဲ့ဗျ။ နောက်တစ်ယောက်က အရပ်ရှည်ရှည် ခါးကိုင်းကိုင်းနဲ့ သူ့နာမည်က ကိုညိုတဲ့ဗျ။

ကိုဘထွားတို့အိမ်ကို ရောက်တာနဲ့ ဆရာကြီး ဦးစက်အောင်က ဘုရားစင်မှာ ဖယောင်းတိုင်တွေထွန်း၊ အမွှေးတိုင်တွေထွန်းပြီး ဘုရားရှိခိုးတော့တာပဲဗျို့။

ဘုရားကို ကျကျနန ရှိခိုးပြီး မေတ္တာပို့တယ်။ ပြီးတော့ ဆရာကြီးက သူ့ရဲ့လက်စွဲပုတီးကြီးကို ထုတ်ပြီး စိတ်ပုတီးစိပ်တော့တာပေါ့ဗျာ။ ဆရာကြီး ဦးစက်အောင်ဟာ တော်တော်ကို တည်ငြိမ်





အေးချမ်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါဗျာ။ ကျုပ်လည်း ဆရာကြီးကို လေးစားပါတယ်။ ညဆယ့်တစ်နာရီလောက်ရောက်တော့ ဆရာကြီးက ကိုဝကို လင်းဗန်းသေးသေးတစ်ချပ် ယူခိုင်းတယ်။ သူ့မှာ အဆင်သင့်ပါလာတဲ့ ဆန်ထုပ်ကလေးထုတ်ပြီး လင်ဗန်းထဲကို ထည့်တယ်။ ဆန်က နို့ဆီဘူးတစ်ဝက်လောက်ပဲ ရှိတာပါ။

ဆရာကြီးက ဆန်တွေကို ကိုင်ပြီး မန္တန်တွေရွတ်တယ်ဗျ။ တော်တော်ကြာအောင် ရွတ်ဖတ်ပြီးတော့မှ ကျုပ်ဘက်ကို လှည့်ပြောတယ်။

"တဲ့ မောင်တာတေ အိမ်ပေါ်ထပ်ကစပြီး နည်းနည်းနည်းနည်းနဲ့အောင် ကြဲပေတော့ကွာ၊ အပေါ်ထပ်ပြီးရင် အောက်ကိုဆင်းလာပြီး မီးဖိုချောင်ကစပြီး အိမ်ရှေ့ကို ကြဲပေတော့။ ပြီးရင် ဝိုင်းထဲဆင်းကြဲကွာ၊ ကိုညို အဖော်လိုက်သွား"

"ဟုတ်ကဲ့ ဆရာကြီး"

ကျုပ် အပေါ်ထပ်ရောက်တော့ အိမ်ကြီးအနှံ့ လိုက်ကြည့်တယ်။ ကိုညိုက ကျုပ်ကို ဓာတ်မီးထိုးပြတယ်လေဗျာ။ ဘာမှကို မတွေ့ဘူးဗျ။ ကျုပ်က မျက်ကွင်းဆေး ကွင်းလာတာလေ။ နာနာဘာဝရှိရင် တွေ့မှာပေါ့။ ကျုပ်လည်း ဆန်စေ့လေး နှစ်စေ့ သုံးစေ့ သူလိုက် ပက်လိုက်နဲ့ အပေါ်ထပ်ကို နှံ့အောင် ဆန်မန်းကြဲလိုက်တယ်။ ပြီးတော့ လှေကားမှာ ကြဲတယ်။ ပြီးတော့ အောက်ထပ်မှာ အနှံ့ကြဲပြီး ဝိုင်းထဲ ဆင်းကြဲလိုက်တယ်။ ဝိုင်းထဲကြဲပြီးတော့ ဆန်လည်း ကုန်ရောဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ကြပြီးပြီ ဆရာကြီး"

"အေး အေး မောင်တာတေ၊ မျက်ကွင်းဆေး ရှိတယ်ဆို တွင်းလိုက်ပါလား"

"ကျုပ် ကွင်းခဲ့ပြီးပြီ ဆရာကြီး"

"ဟင် ဟုတ်လား၊ မောင်တာတေကတော့ တော်တော်ကို စေ့စပ်ပါပေတယ်၊ နို့ အပေါ်ထပ်မှာ ခုန်ချတဲ့အကောင် တွေ့ခဲ့သလား"

"ကျုပ် သေသေချာချာကို လိုက်ကြည့်တာဗျ၊ ဘာမှကို မတွေ့ဘူး ဆရာကြီး"

"အင်း ဒါဆိုရင် ဒီကောင် ဒီမှာနေတာ မဟုတ်ဘူးကွ၊ ညသန်းခေါင်ရောက်မှ အိမ်ထဲကို ဝင်လာတာဖြစ်မယ်၊ ကဲ ကြထားတဲ့ ဆန်စေ့တွေကို သတိထားပြီး လိုက်ကြည့်စမ်း မောင်တာတေ၊ ထူးတာတွေ့ရင် ကျုပ်ကို ပြောကွ"

ကျုပ်ရယ်၊ ကိုဝတို့ ကိုညိုတို့ရယ် ဆန်မန်းတွေကို လိုက်ကြည့်တယ်။ ကိုဝမှာက ဝါးတောင်ထိုး ဓာတ်မီးပါတယ်ဗျ။ ဓာတ်မီးနဲ့ထိုးပြီး လိုက်ကြည့်ကြတာ။

"ဟင် ဆန်စေ့တွေ မတွေ့တော့ပါလား"

ကိုညိုက ပြောတာဗျ။ သူနဲ့ ကျုပ်နဲ့ ကြထားတာလေဗျာ။

"ဟေးကွ၊ ညို ဆန်မန်းတွေ တစ်စေ့မှ မတွေ့တော့ဘူးလားကွာ၊ အပေါ်ထပ်ကို တက်ကြည့်မယ်"





ကျုပ်တို့သုံးယောက်စလုံး အပေါ်ထပ်ကို တက်ကြည့်တယ်။ ဟုတ်ပ့ါဗျာ။ စောစောကလေးတင် ကျုပ် ကြခဲ့တဲ့ ဆန်မန်းတွေ တစ်စေ့မှကို မရှိတော့တာဗျ။

ကျုပ်တို့သုံးယောက် အောက်ထပ်ကို ပြန်ဆင်းပြီး ဝိုင်းထဲမှာ ဆင်းကြည့်ကြသေးတယ်။ ဝိုင်းထဲမှာလည်း ဆန်မန်းတွေ မတွေ့တော့ဘူးဗျ။ ကိုဝက ဓာတ်မီးထိုးပြ၊ ကျုပ်နဲ့ ကိုညိုက လိုက်ကြည့်ပေ့ါဗျာ။

"ဟာ ဟိုမှာကွ၊ ဟိုမှာ"

ကိုညိုက အလန့်တကြားနဲ့ပြောပြီး လက်ညှိုးထိုးပြတယ်ဗျ။

"ဟ. . ဘာတုံးကွ ညိုရ မင်းဟာက အလန့်တကြားနဲ့"

"ဆန်တွေလေကွာ၊ ဟိုမှာကွ၊ လှေကားအောက်မှာ"

"ဟေ. . ဟုတ်သားပဲကွ၊ ဆန်တွေ ဘယ်လိုဖြစ်ပြီး ဒီမှာ ရောက်နေတာတုံးကွ"

"ဒါကတော့ ဆရာကြီးရဲ့အစွမ်းနေမှာပေ့ါကွ၊ ဝရ"

"ကဲ ဒါဆိုရင် ကျုပ် အိမ်ပေါ်တက်ပြီး ဆရာကြီးကို ပြောလိုက်မယ်"

ကျုပ် အိမ်ပေါ်တက်လာတော့ ဆရာကြီးက ပုတီးလေး တချောက်ချောက် စိပ်လို့ဗျ။

"ဘာထူးလို့တုံး မောင်တာတေ"

"ထူးတယ် ဆရာကြီး၊ စောစောက ကျုပ်နဲ့ ကိုညိုနဲ့ ကြ



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ဆန်မန်းတွေ တစ်အိမ်လုံးမှာ ဘယ်နေရာမှ မရှိတော့ဘဲ လှေကားအောက်မှာ စုနေတယ် ဆရာကြီး"

"ဟင် ဟုတ်လား မောင်တာတေ၊ ဒါဆိုရင် အဲဒီနေရာကို တူးရတော့မှာပေါ့၊ ကဲ ကဲ ကျုပ် လာပြီ၊ မောင်ညိုကို တူးရွင်းလေး ဘာလေး ရှာခိုင်းကွာ"

ကိုဘထွားတို့အိမ်က အောက်ထပ် ကတင်မြင့်တော့ လှေကားသုံးထစ်နဲ့ တက်ရတာဗျ။ အဲဒီအိမ်ပေါ်တက်တဲ့ လှေကား အောက်မှာ ဆန်တွေက အပုံလိုက် စုနေတာ။ ကျုပ်တစ်သက်မှာ တော့ ဒါမျိုး တစ်ခါမှ မကြုံဖူးသေးပါဘူးဗျာ။ ဆရာကြီး ဦးစက် အောင် တော်တော်ကို စွမ်းတာဗျ။

ကိုညိုက တူရွင်းတစ်ချောင်းယူပြီး ဆန်တွေပုံနေတဲ့ နေရာကို စပြီးတူးတော့တာပေါ့ဗျာ။ ကျုပ်တို့ အညာဆိုတာ သဲမြေပဲဗျာ၊ သိပ်ပြီးတူးစရာ မလိုပါဘူး။ ကျင်းကြီးဖြစ်လာတာပေါ့။ ဒါပေမဲ့ ဘာမှမတွေ့ဘူးဗျ။ ဆရာကြီးလည်း မျက်နှာပျက်သွားတယ်။ ဘာမှ မတွေ့တော့ ဘာလုပ်ရမှန်း မသိတော့ဘူးပေါ့ဗျာ။

"အုန်း၊ ဂလွမ်၊ ဂလွမ်၊ ဂလွမ်"

ဟော အပေါ်ထပ်က ခုန်ချပြီဗျို့။ နဲတဲ့အသံကြီးမှ မဟုတ် တာ။ ကျုပ် အိမ်ပေါ်ထပ်ကို ချက်ချင်းပြေးတက်တယ်။

ကိုဝက မာတ်မီးကြီးကိုင်ပြီး ကျုပ်နောက်က ပြေးလိုက်လာ တယ်။ ဟာ နဲတဲ့အကောင်ကြီးမှ မဟုတ်တာ၊ ထုတ်တန်းပေါ်မှာ





ထိုင်နေတာဗျို့။ ခြေထောက်ကြီးနှစ်ချောင်း တွဲလောင်းကြီး ချလို့ဗျ။ ဆံပင်ကြီးက ဖားလျားကြီးနဲ့ဗျ၊ မျက်နှာကြီးကကို လင်ဗန်းကြီး တစ်ချပ်လောက်ရှိတာ။ မျက်လုံးကြီး နှစ်လုံးက နီရဲနေတာဗျို့။ လက်ဖက်ရည်ကြမ်းသောက်တဲ့ ပန်းကန်လောက်ရှိမယ်။ အို. . . ပါးစပ်ကြီး ဖြဲထားတာ အထဲက လျှာနီနီကြီးက တစ်တောင်လောက် တွဲလောင်းကြီး ကျနေတာဗျို့။ ကိုယ်မှာ ဘာအဝတ်အစားမှ မရှိဘူး။ အမွေးရှည်ကြီးတွေ တစ်ကိုယ်လုံး ဖုံးနေတယ်။

ဟော ဟော ခုန်တော့မယ်။ ခုန်ပြီ၊ ခုန်ပြီ။

"အုန်း၊ ဂလွမ်း၊ ဂလွမ်၊ ဂလွမ်"

သူ ခုန်ချလိုက်တာနဲ့ အဲဒီအသံတွေ မြည်တော့တာပဲဗျို့။

ဟော ဟော တိုင်ကနေ ဖက်ပြီးတက်သွားပြန်ပြီဗျ။ ထုတ် တန်းပေါ်မှာ ခြေထောက်ကြီး တွဲလောင်းချပြီး ထိုင်နေပြန်ရောဗျ။ လျှာကြီးကတော့ တွဲလောင်းကြီးကျလို့ပေါ့ဗျာ။

ကိုဝက ကျုပ်ကို ဓာတ်မီးထိုးပြထားတာ၊ သူတော့ ဘာမှ မမြင်ရဘူးပေါ့ဗျာ။

ကျုပ်နဲ့ ကိုဝ အောက်ပြန်ရောက်တော့ ဆရာကြီးက မေး တယ်။

"ဘာမြင်ခဲ့တုံး မောင်တာတေ"

"မြင်တယ် ဆရာကြီး၊ နဲတဲ့အကောင်ကြီး မဟုတ်ဘူးဗျ၊ ကိုယ်လုံးကတင် ရေတိုင်ကီ နှစ်လုံးစာလောက်ရှိမယ်၊ တိုင်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ဖက်တက်ပြီး ထုတ်တန်းကနေ ခုန်ချတာဗျ"

"ဒီ ဂလွမ်း ဂလွမ်း ဆိုတဲ့ အသံက ဘယ်ကမြည်တာတုံးကွ"

ကိုညိုက မျက်နှာကဲလေး ဇီးရွက်လောက်နဲ့မော့ပြီး ကျုပ်ကို မေးတာဗျ။

"ဘယ်ကမြည်မှန်းတော့ မသိဘူးဗျ၊ ကိုညိုရဲ့ အဲဒီကောင်ကြီး ခုန်ချလိုက်ရင် အုန်းဆိုပြီး မြည်သွားပြီးရင် ဂလွမ် ဂလွမ် ဆိုတဲ့အသံတွေ မြည်လာရောဗျ"

"ကဲ မောင်တာတေ၊ ကျုပ်လည်း ဆန့်မန်းစုတဲ့နေရာက တူးတာ ဘာမှမတွေ့ဘူးကွဲ့၊ မောင်တာတေမှာ အတွေ့အကြုံရှိရင် ကြံစမ်းပါဦးကွယ်"

"ဆရာကြီး ဒီမှာပဲ စောင့်နေပါ၊ ကျုပ် မဖဲဝါကို သွားမေးမယ်"

"ဟင် ဘယ်လို ဘယ်လို မောင်တာတေ ဘယ်သူ့ကို မေးမယ်"

"မဖဲဝါကို မေးမှာပါ ဆရာကြီး၊ သချိုင်းရှင်မ မဖဲဝါကို မေးမှာပါ"

"ဟာ မောင်တာတေ၊ မဖဲဝါက သရဲမလေ"

"ဟုတ်ပါတယ် ဆရာကြီး၊ ဒါပေမဲ့ မဖဲဝါက ရိုးရိုးသရဲတော့ မဟုတ်ဘူးဗျ၊ သူ့မှာ အစွမ်းတွေရှိတယ်၊ ကဲ ကျုပ် သွားမေးလိုက်ဦးမယ်ဗျာ"





ကျုပ်က ပြောပြောဆိုဆိုနဲ့ ဝိုင်းထဲက ထွက်ခဲ့တယ်။ ကိုဝ တလည်း ငါးတောင်ထိုးဓာတ်မီးကြီးနဲ့ ကျုပ်နောက်က ပါလာတယ်ဗျ။ ဘန့်ဘွေးကုန်းသချိုင်းကိုရောက်တော့ ကျုပ် နေရာလေးတစ်ခု ရှေ့ပြီး မဖဲဝါကို ပင့်ရတော့တာပေါ့ဗျာ။

"သချိုင်းရှင်မကြီး မဖဲဝါ၊ တာတေက ပင့်ဖိတ်ပါတယ်၊ ဒီတစ်ခါတော့ အရေးတကြီးဖြစ်နေလို့ စားပွဲသောက်ပွဲ မပါခဲ့တာ ခွင့်လွှတ်ပါ မဖဲဝါ၊ ဘန့်ဘွေးကုန်းက အိမ်တစ်အိမ်မှာ ပုဏ္ဏက ထိုက်နေလို့ပါ မဖဲဝါ၊ ဆရာကြီး ဦးစက်အောင်ကို ကျုပ် ကူညီချင်လို့ပါ၊ မဖဲဝါ ကြွပြီး ဘာလုပ်ရမယ်ဆိုတာကို ပြောပြပါဗျာ၊ အမြန် ကြွခဲ့ပါ မဖဲဝါ"

"ဝူး ဝူး ဝူး အီး၊ အီး၊ အီး"

ဟာ ဒါ မဖဲဝါရဲ့ ခွေးကြီးအူတဲ့အသံပဲ။ မဖဲဝါ လာပြီထင်တယ်၊ ဟော လာပြီဗျို့။ ဂူတွေအပေါ်က ရွေ့လာတာ မဖဲဝါကြီးပဲဗျ။ အရပ်ကြီး ဆယ်ပေလောက် ရှိတယ်ဗျို့။ ဆံပင်ဖားလျားကြီးနဲ့ဗျ။ ကျုပ် ကြည့်နေတုန်းမှာ ဖြုတ်ကနဲ ပျောက်သွားတယ်ဗျ။

"အီး၊ အီး၊ ဟင်း၊ ဟင်း၊ ဟင်း"

ကျုပ်နောက်က အသံကြီးဗျ။ ကျုပ် ချက်ချင်း နောက်လှည့်ကြည့်လိုက်တယ်။ ဟာ ကိုဝ၊ ကိုဝ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေပါရောလား။ မဖဲဝါ ကိုဝကို ဝင်ပူးလိုက်တာပဲဗျ။ ဟော ငြိမ်သွားပြီ၊ ငြိမ်သွားပြီ၊ ကိုဝ တုန်နေတာ ရပ်သွားပြီဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ တာတေ၊ လှေကားထစ် သုံးထစ်ရဲ့အပေါ်ဆုံးထစ်မှာ ခေါင်းရိုက်တဲ့သံ ရိုက်ထားတယ်။ အဲဒီသံကို နှုတ်ပစ်လိုက်၊ ပြီးရင် ဘုန်းကြီးကမ္မဝါစာဖတ်၊ ဟီး၊ ဟီး၊ ဟီး၊ အီး၊ အီး"

ဟာ ကိုဝ ခွေကျသွားပြီဗျို့။ မြက်ခင်းပေါ်ကို ခွေးပြီးလဲကျသွားတာ။ ကျုပ် ပွေ့ထူလိုက်တယ်။

"ကိုဝ၊ ကိုဝ၊ ကိုဝ"

ကျုပ်က ကိုဝကို လှုပ်ပြီးနှိုးတယ်။

ကိုဝ မျက်စိဖွင့်ကြည့်တယ်။

"ဟင် ငါ ဘာဖြစ်လို့တုံး တာတေ"

"ကိုဝ ခေါင်းမူးသွားတာ ထင်တယ်ဗျ"

"အေး ဟုတ်မယ်ကွ၊ ငါ ခေါင်းထဲမှာ နောက်တောက်တောက်ဖြစ်နေတယ်"

ကိုဝက ပြောရင်းနဲ့ ထရပ်တယ်။ လေကို ပြင်းပြင်းရှူလိုက်တယ်။

"အေး ကောင်းသွားပါပြီကွာ၊ နို့ မင်း မဖဲဝါ မလာသေးဘူးလားကွ"

"လာပြီးသွားပြီဗျ၊ ကျုပ်ကိုလည်း ပြောသွားပါပြီ၊ ကဲ ရွာထဲ ပြန်ဝင်ကြရအောင်"

ကျုပ်နဲ့ ကိုဝ ရွာထဲ ပြန်ဝင်ခဲ့တယ်။ ကျုပ် ကိုဝကို မဖဲဝါ ဝင်ပူးသွားတာကို ဘယ်တော့မှ မပြောဘူးလို့ ဆုံးဖြတ်လိုက်တယ်။





ကျုပ်တို့ ပြန်ရောက်တော့ ဆရာကြီး ဦးစက်အောင်က မေးတယ်ဗျ။

"အကြောင်းထူးလား မောင်တာတေ"

"ထူးတယ် ဆရာကြီးရေ၊ ဆရာကြီးရဲ့ ဆန်မန်းတွေ စုတဲ့နေရာက အမှန်ပဲဗျ၊ ဒါပေမဲ့ ကျုပ်တို့က မြေကို တူးရှာတော့ လွဲကုန်တာဗျ၊ တကယ်က လှေကားအပေါ်ဆုံးအထစ်မှာ ခေါင်းရိုက်တဲ့သံ ရိုက်ထားတာတဲ့ဗျ"

"ဟေ ဟုတ်လား၊ ရှာကြကွာ၊ ဒါဆိုရင်"

ကျုပ်ရော ကိုဝတို့နှစ်ယောက်ရော လှေကားထစ်မှာ သံရှာကြတာပေါ့ဗျာ။

"ဟာ တာတေရေ၊ ဒီမှာကွ၊ လှေကားထစ် အလယ်မှာ အသားလွတ်ကို ရိုက်ထားတာကွ၊ လှေကားဆိုတာ သုံးလက်မခွဲ ဆယ်လက်မသံပဲ ရိုက်တာ မဟုတ်လား၊ ဒီတစ်လက်မခွဲသံက လှေကားရိုက်တဲ့သံမှ မဟုတ်တာ၊ သတ်သတ်ကို ရိုက်ထားတာကွ၊ တာတေရ"

"ဘယ်မှာတုံး ပြစမ်း၊ ကျုပ် ကြည့်စမ်းဦးမယ်"

ဆရာကြီး ဦးစက်အောင်ကိုယ်တိုင် ကြည့်တယ်ဗျ။

"အင်း မောင်ဝ ပြောတာ ဟုတ်တာပေါ့ကွာ၊ ဒီသံက ခေါင်းရိုက်တဲ့သံပဲ၊ ကဲ နှုတ်ကြပေတော့ကွာ"

ကိုဝနဲ့ ကိုညိုက သံကလော်တွေ၊ တူတွေနဲ့ သံကို နှုတ်ကြတာပေါ့ဗျာ၊ မကြာပါဘူး နှုတ်လို့ရသွားတယ်၊ ဟုတ်ပ့ဗျာ၊ တစ်လက်မ



www.burmeseclassic.com

www.burmeseclassic.com



ခွဲသံဗျ၊ ကိုညိုက သံကို ယူပြီး ဝိုင်းထဲ လွှင့်ပစ်မယ်လုပ်လိုက်တယ်။

"ဟေး ဟေး မောင်ညို မပစ်နဲ့ မပစ်နဲ့ အောင်မယ်လေး၊ ဒီသံကို ပေ့ါသေးသေးများ ထင်နေလား၊ အဲဒီသံကို သင်္ချိုင်းကုန်းမှာ သွားလွှင့်ပစ်လိုက်ကြ"

ဆရာကြီး ဦးစက်အောင်က ပြာပြာသလဲ ပြောလိုက်တာ ဗျို့။ ကျုပ်တောင် အံ့ဩသွားတယ်။

ကျုပ် သံကို ကိုညို့ဆီက ယူလိုက်ပြီး ချက်ချင်း ဝိုင်းထဲက ထွက်လာတယ်။ ကျုပ်နောက်က ကိုညိုလည်း ကပ်ပြီးပါလာတယ်ဗျ။ ကိုညိုက ဓာတ်မီးထိုးပြတာပေ့ါဗျာ။ ဘန့်ဘွေးကုန်းသင်္ချိုင်းရောက် တော့ ကျုပ် သံကို မြေမြှုပ်ပစ်လိုက်တယ်။

ကျုပ်နဲ့ ကိုညို ဝိုင်းထဲပြန်ရောက်တော့ အိမ်ကြီးက ငြိမ်နေ ပြီဗျ။ တအုန်းအုန်းနဲ့ ခုန်ချတဲ့အသံရော၊ ဂလွမ်း၊ ဂလွမ်း ဆိုတဲ့ အသံရော မကြားရတော့ဘူးဗျ။

ဒါနဲ့ ကျုပ်နဲ့ ကိုဝ အပေါ်ထပ်ကို တက်ကြည့်ကြတယ်။ ဟာ သွားပြီဗျို့။ မရှိတော့ဘူး။ ဘာကောင်မှကို မတွေ့တော့တာ။ ဒီတော့မှ ကျုပ်လည်း သက်ပြင်းချနိုင်တော့တာပေ့ါဗျာ။

ကျုပ်တို့လည်း ညတွင်းချင်းပဲ ကိုဘထွားတို့ကို သွားခေါ်ပြီး အိမ်ပေါ် ပြန်တင်ပေးခဲ့တယ်။ နောက်နေ့မနက်မှာပဲ ဘုန်းကြီး ငါးပါးကို နေ့ဆွမ်းကပ်ပြီး ဘုန်းကြီးတွေက အန္တရာယ်ကင်းပရိတ် ရွတ်တယ်။ ကမ္မဝါဖတ်ပေးကြတယ်ဗျ။ အားလုံးပြီးသွားပြီပေ့ါဗျာ။





အဲဒီနေ့ပဲ ကျုပ် ရွာပြန်ခဲ့တာ။

အိမ်ရောက်တော့ အဘနဲ့ အမေကို ဒီအကြောင်းပြောပြ တော့ အဘရော၊ အမေရော အံ့ဩလိုက်ကြတာ မပြောပါနဲ့တော့ ဗျာ။

**တာတေ**

□□□



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်တူကိုယ်ခွဲ မဖဲဝါ

လူတစ်ကိုယ် စရိုက်တစ်မျိုးဆိုသလိုပေါ့ဗျာ။ ကျုပ်ဆိုတဲ့ ကောင်က ဘာမှမလုပ်ဘဲ ထိုင်ကိုမနေတတ်တာဗျ။ ကျုပ်တော့





မမီလိုက်ပါဘူး။ ကျုပ်အဘိုး ဦးပေစိ ဆိုတာ ကျုပ်တို့ ထနောင်းကုန်းမှာတော့ နာမည်ကြီးပေါ့ဗျာ။ အလုပ်လုပ်တဲ့နေရာမှာတော့ ပုရွက်ဆိတ်ကတောင် အဘခေါ် ရမယ့်လူဆိုပဲ။ **'အလုပ်အား ဘုရားပြောင်း'** ဆိုတာ ကျုပ်တို့အဘိုး ဦးပေစိကမှ အစစ်ဗျ။

သူ့အိမ်က ဘုရားစင်ကို အားနေရင် ဘုရားရုပ်တုကို ဟိုဘက်ရွှေ့ထားလိုက်၊ ဒီဘက်ရွှေ့ထားလိုက်၊ ဘုရားကို ခုံအမြင့်နဲ့ တင်ထားလိုက်၊ ခုံအနိမ့်နဲ့ တင်ထားလိုက် လုပ်နေတာဆိုပဲ။

ကျုပ်တို့ ထနောင်းကုန်းက သူကြီးကလည်း ရွာသားတွေခေါ်ခေါ်ပြီး ဟိုဟာခိုင်း၊ ဒီဟာခိုင်း သိပ်လုပ်တာဗျ။ အဲဒီအခါဆိုရင် ရွာသားတွေက ဘာပြောတယ်ထင်လဲ။ 'ငါတို့လည်းကွာ ဒီသူကြီးတက်လာမှ အငြိမ်ကို မနေရတော့ပါဘူး၊ ဘိုးပေစိအိမ်က ဘုရားလိုဖြစ်နေပါပြီ' လို့ ပြောကြသတဲ့ဗျာ။

တာတေဆိုတဲ့ ကျုပ်တလည်း ဘိုးပေစိမြေးမို့လို့လား မသိဘူးဗျို့။ ဒီအတိုင်း ထိုင်ကို မနေတတ်တာ။ အခုလည်း ကျုပ် အလုပ်ခရှိ အလုပ်ရှာ လုပ်နေတာဗျ။ **'ကဝေယျ'** စာအုပ်ထဲမှာ ကျုပ်ရေးခဲ့ဖူးတယ်လေဗျာ။ ကျုပ်မှာ အောင်စိန်ဆိုတဲ့ သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးတဲ့အကြောင်းလေဗျာ။

အခု အောင်စိန်က မန္တလေးမှာ [illegible] နဲ့ တော်တော်နာမည်ရနေတာဗျ။ မနှစ်က ကျုပ် မန္တလေးတစ်ခေါက်ရောက်သေးတယ်။ ဘုရားကြီးအနားမှာ အောင်စိန်နဲ့တွေ့တော့ ကျုပ် ပြန်မယ့်



www.burmeseclassic.com

www.burmeseclassic.com



နေ့ကိုမေးပြီး ကျုပ်အတွက် သူလက်ရာ ပန်းပုရုပ်တစ်ရုပ်ကို လက်ဆောင်ပေးတယ်။ ဆင်တစ်ကောင် သစ်ဆွဲနေတဲ့ပုံဗျ။ ဆင်ကလည်း အားနဲ့ကို ရုန်းနေတာဗျို့။ ဆင်ဦးစီးကလည်း ဆင့်ကို ချွန်းအုပ်နေလိုက်တာ မာန်ပါလိုက်ပါဘိသနဲ့ဗျာ။ သံကြိုးနဲ့ချည်ထားတဲ့ သစ်တုံးကြီးကလည်း သေသေချာချာကို ကျွန်းတုံးပုံပေါ် အောင်ကို ထုထားတာဗျ။ ကျုပ်ဖြင့် သဘောကျလိုက်တာဗျာ။

အခု ကျုပ်က အဲဒီပန်းပုရုပ်ကို သေသေချာချာ ဖွန့်ခါပြီး ရေဝတ်ကလေးနဲ့ တိုက်နေတာဗျို့။ ဖုန်တွေကိုတိုက်ရင်းနဲ့ ဆင်ဦးစီးကို သေသေချာချာ ကျုပ် ကြည့်မိတယ်။

ဟာ မျက်နှာက တော်တော်ကို အသက်ဝင်တာပဲဗျ။ သေသေချာချာ ကြည့်ရင်းနဲ့ ကျုပ် အံ့ဩသွားတယ်။ ဟာ ဒါ ငါ့ပုံ ပါလား။

ဆင်ဦးစီးမျက်နှာက ကျုပ်မျက်နှာနဲ့ တစ်ထေရာတည်းပဲဗျ။ ဒါကြောင့် အောင်စိန်က အရုပ်လက်ဆောင်ပေးတုန်းက ပြောတာပဲ။

"ငါ ဒီအရုပ်ကို စထုကတည်းက မင်းကို ပေးဖို့ဆိုပြီး တမင်ရည်ရွယ်ထုထားတာကွ တာတေရ"

ကျုပ် ဒီတော့မှ အောင်စိန် ပြောတာကို သတိရသွားတာဗျို့။ ဒီအရုပ် ကျုပ်ဆီကို ရောက်နေတာ တစ်နှစ်လောက်သာ ရှိနေတာ၊ ကျုပ်က ဆင်ဦးစီးမျက်နှာကို သေသေချာချာ ကြည့်ဖူးတာမဟုတ်ဘူးဗျ။





ပန်းပုဆရာများ လက်ရာကောင်းပြီဆိုရင် သူတို့ထုတဲ့ အရုပ်တွေက အသက်ဝင်နေသလိုပါပဲလားလို့ ကျုပ် တွေးမိတယ်။

ကျုပ်နဲ့တူအောင် ထုထားတဲ့ ဆင်ဦးစီးက မျက်တောင်တောင် ခတ်နေသလို အသက်ဝင်တာဗျ။ သစ်လုံးကို ရုန်းနေတဲ့ ဆင်ကြီးရဲ့ မျက်လုံးတွေကလည်း တကယ်ကို အသက်ရှိသလိုကို ဖြစ်နေတာဗျို့။ အောင်စိန်ကို ကျုပ်စိတ်ထဲကနေ တော်တော်ကို ချီးကျူးမိသွားတယ်။

အောင်စိန်တို့မိသားစုက မန္တလေးကို ပြန်ပြောင်းသွားတာဗျ။ ငယ်ငယ်တုန်းကတော့ အောင်စိန်နဲ့ ကျုပ်နဲ့က အင်မတန်အတွဲညီတဲ့ ကစားဖက်တွေလေဗျာ။

ကျုပ်က ဆင်ရုပ်ကလေးရဲ့ အစွယ်ဖြူဖြူတွေကို ရေစိုအဝတ်နဲ့ သေသေချာချာ သုတ်ပေးလိုက်တယ်။

"တာတေ"

"ဗျာ"

"ဘယ်မှမသွားဘူးလားကွ၊ အိမ်ထဲတွင်းပုန်းလုပ်နေတာလား"

ကျုပ်လည်း ဆင်ရုပ်ကလေးကို ဖုန်တွေ သုတ်နေရာကနေ ဝိုင်းထဲကို လှမ်းကြည့်လိုက်မိတယ်။

"ဟာ ကိုဘညိုကြီးပါလား၊ လာဗျို့ လာ"

ကျုပ်ကိုခေါ်ရင်း ဝိုင်းထဲဝင်လာတဲ့ ကိုဘညိုကို ကျုပ် လှမ်းခေါ်လိုက်တယ်။ ကိုဘညိုက ငွေတွင်းကုန်းကဗျ။ ကျုပ်နဲ့ငယ်လူခင်တွေပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာက အမေရော အဘရော မရှိကြဘူးဗျ။ နှစ်ယောက်စလုံး ပုဗ္ဗာရုံကျောင်း သွားကြတာ။ ဆွမ်းချိုင့် သွားကပ်ကြတာ။ မနေ့က ရွာနောက်ပိုင်းက ကိုကျောက်ခဲတို့ တောထဲမှာ 'ဘိ'သွားထောင်တာ၊ တောဝက်တစ်ကောင်ရလာလို့ အမေ ဝက်သားသွားဝယ်တယ်။

အဲဒီတောဝက်သားကို ဆွမ်းဟင်းချက်ပြီး ဆွမ်းချိုင့်နဲ့ အမေရော အဘရော ဆရာတော်ကို ဆွမ်းကပ်သွားကြတာဗျ။ အိမ်မှာက ကျုပ်ပဲ ကျန်ခဲ့တာ။ ဒါကြောင့် ကိုဘညိုကြီးကို အိမ်ပေါ်တက်ခဲ့ဖို့ ခေါ်လိုက်တာလေ။

"ဘိုးညဏ်တို့ အရိုးငွေစိန်တို့ရောကွ တာတေ"

ကိုဘညိုကြီးက အိမ်ပေါ်ရောက်တာနဲ့ မေးရောဗျာ။

"ဘုန်းကြီးကျောင်းကို ဆွမ်းကပ်သွားကြတယ်ဗျ၊ နို့ ကိုဘညို ဘယ်က လှည့်လာတုံး"

"မင်းဆီကို လာတာကွ၊ တာတေရဲ့ တခြား ဘယ်ကိုမှ လာတာမဟုတ်ဘူး"

ကျုပ်လည်း တန်းလျားမှာ ဝင်ထိုင်လိုက်တဲ့ ကိုဘညိုကို နဂါးဆေးပေါ့လိပ်တစ်လိပ် မီးညှိပြီး တည်လိုက်တယ်။ ပြီးမှ ပြာခွက်ထဲ ချထားတဲ့ ကျုပ်သောက်လက်စ ဆေးပေါ့လိပ်ကလေးကိုယူပြီး ဖွာလိုက်တယ်ဗျ။

"ကိုဘညို လက်ဖက်လည်း စားဦးဗျ၊ အစ်ထဲမှာ အသင့်





သုတ်ပြီးသား ရှိတယ်"

ပြောပြောဆိုဆိုနဲ့ ကျုပ်က ရေနွေးကြမ်း ငှဲ့ပေးလိုက်တယ်။

"အေးပါ စားတာပေါ့ တာတေရာ၊ မင်းမလဲ အလုပ်မရှိ အလုပ်ရှာပြီး လုပ်နေတော့တာကိုး၊ ဒီအရုပ်က လက်ရာကောင်းပဲ၊ ဘယ်လောက်များ ပေးရတုံး"

"ဟာ ဝယ်တာမဟုတ်ဘူး ကိုဘညိုရ၊ အောင်စိန် လက်ဆောင်ပေးတာဗျ၊ သူကိုယ်တိုင် ထုထားတာ၊ ကျုပ်အတွက်ဆိုပြီး တမင်ရည်ရွယ်ထုတာတဲ့ဗျ"

"ဟင် နို့ အောင်စိန်ဆိုတာ ဘယ်သူတုံး၊ မီးလောင်ကုန်းက အောင်စိန်ကြည်ကို ပြောတာလား၊ အဲဒီကောင်က ပန်းပုမထုတတ်လောက်ပါဘူး၊ သရေဂွတောင် မခုတ်တတ်လို့ ငါလာ ခုတ်ခိုင်းတဲ့ကောင်ပါ"

"ဟာ ကိုဘညိုကလည်း အောင်စိန်ကြည်ကို ပြောတာမဟုတ်ဘူးဗျ၊ ကျုပ်တို့ ထနောင်းကုန်းမှာ နေသွားတဲ့ အောင်စိန်ကို ပြောတာ၊ ကျုပ်တို့ အောင်ပိန်လို့ ခေါ်တဲ့ကောင်ဗျာ"

"ဟာ အောင်စိန်က တော်လှချည်လား၊ ဒီကောင့်လက်ရာ တော်တော်ကောင်းတာပဲကွ"

"တော်ဆို သူ့အဘိုးက မန္တလေးက နာမည်ရ ပန်းပုဆရာဗျ၊ အောင်စိန် မန္တလေး ပြန်ပြောင်းသွားတော့ ဆရာကောင်းတွေနဲ့ သေသေချာချာ သင်ရတာကိုဗျ၊ ပါရမီခံကလည်း ရှိတယ်ထင်ပါရဲ့ဗျာ



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ ဝမ်းသာစရာပေါ့လေ"

"နေဦး ကိုဘညိုရဲ့၊ ကျုပ် ပြရဦးမယ်၊ ဆင်ဦးစီးရဲ့ မျက်နှာကို သေသေချာချာ ကြည့်စမ်းဗျာ"

ကျုပ်ကပြောတော့မှ ကိုဘညိုက တန်းလျားမှာ ထိုင်နေရာကနေ ထလာပြီး သေသေချာချာ ကြည့်တာဗျ။ ဆင်ဦးစီးက ချွန်းကိုအားနဲ့မြှောက်ထားတဲ့ပုံဗျ။

"ဟာ. တာတေ၊ ဒါ မင်းပုံပဲကွ"

"ဟား၊ ဟား၊ ဟား ကျုပ်လည်း တစ်ခါမှ သေသေချာချာ မကြည့်ဖြစ်ပါဘူး ကိုဘညိုရာ၊ ဒီနေ့မှ ဖုန်သုတ်ရင်း ကြည့်မိတာဗျ ဒီကောင် ဘယ်လောက်တော်နေပြီဆိုတာ ခင်ဗျားသိအောင် ပြတာပါ။ ကျုပ်လည်း ကိုဘညို မလာခင်လေးကမှ တွေ့သွားတာဗျ ဒါကြောင့် အောင်စိန်က ကျုပ်ကို ပြောတာဗျို့၊ ဒီအရုပ်ကို စထုကတည်းက မင်းအတွက် တမင်ရည်ရွယ်ပြီး ထုထားတာတဲ့ဗျာ"

"အင်း ဝမ်းသာလိုက်တာကွာ၊ အောင်စိန်တော့ ဒီတစ်သက် မတိမ်ကောတော့ဘူးကွ"

"အေးဗျာ၊ လူကောင်လေးက အရင်လိုပဲ၊ သေးသေးညှက်ညှက်ကလေးဗျ၊ လူနဲ့ ပညာနဲ့တောင် မလိုက်သလို ဖြစ်နေပါကောဗျာ"

"ဟုတ်ပါ့ကွာ၊ မင်းပြောသလိုဆိုရင် လူကသေးပြီး ပညာကကြီးနေတာပေါ့နော"





ကျုပ်ရော ကိုဘညိုရော နဂါးဆေးပေါ့လိပ်ကလေးတွေ ဖွာရင်း ဆင်ရုပ်ကလေးကို ကြည့်နေကြတယ်။

"နို့ နေပါဦး ကိုဘညိုရဲ့၊ ကျုပ်ဆီကိုလာတာ ဘာကိစ္စများ ရှိလို့တုံး"

"အေးကွာ အောင်စိန်၊ ပန်းပုရုပ်ကို ကြည့်ရတာနဲ့ လာရင်းကိစ္စပြောဖို့ မေ့သွားတာပေါ့"

ကိုဘညိုက ဆေးပေါ့လိပ်ကို ပြာခံခွက်ထဲ ချထားလိုက်ပြီး ရေနွေးကြမ်းပန်းကန်ကို တစ်ကြိုက်တည်း မော့သောက်လိုက်တယ်။

"ဒီလိုကွ တာတေရ၊ ငါတို့ရွာမှာ ဆရာတစ်ယောက် ရောက်လာတယ်၊ နာမည်က ဆရာစောရာမတဲ့ကွ၊ အသက်က လေးဆယ်လောက်ပဲ ရှိသေးတယ်၊ ပညာတော့ အတော်ထက်တာကွ၊ တာတေရ၊ သူရောက်မှ အနီးအနားမှာ ပိုးထိတဲ့လူတွေ တစ်ယောက်မှ မသေဘူး၊ သူ့မှာ ပါလာတဲ့ အင်းလက်ကိုင်ပုဝါနဲ့ ရိုက်ချလိုက်တာ တိုက်တဲ့အပေါက်ကနေ အဆိပ်မည်းမည်းတွေ အကုန်ပြန်ထွက်ကြတာကွ၊ ဟိုနေ့က တို့ရွာနောက်ပိုင်းက ကိုထွန်းရံကြီးကို သချိုင်းကုန်းထဲက မြွေကိုက်လိုက်တာ သေရောမှတ်တာပေါ့၊ တစ်ကိုယ်လုံး ပြာနှမ်းပြီး သတိလစ်နေပြီ။ အဲဒါ ဆရာစောရာမက ကိုက်တဲ့မြွေကို အမိန့်ပြန်ပြီး ခေါ်လိုက်တာ၊ မြွေဟောက်ကြီးတစ်ကောင် ရောက်လာပြီး အိမ်ပေါ်အထိ တက်တာကွ၊ လူတွေဆိုတာ လန့်ကုန်တာပေါ့ကွာ၊ အဲဒါ ဆရာစောရာမက. . .



www.burmeseclassic.com

www.burmeseclassic.com



“မကြောက်နဲ့၊ မကြောက်နဲ့ ဒီကောင်ကို ကျုပ် အမိန့်ပြန်ပြီး ခေါ်လိုက်တာ၊ ဒါကြောင့် လာတာ၊ ကိုထွန်းဇံကို ကိုက်တာ ဒီကောင်ပဲ၊ ကဲ ဟော့ကောင် မင်းအဆိပ်ကို မင်းပြန်စုပ်စမ်း၊ ကုန်အောင် စုပ်နော်၊ ငါ့အကြောင်း မင်းသိတယ်မို့လား၊ အေး အခုစုပ်”

လို့ အမိန့်ပေးလိုက်တာနဲ့ မြွေဟောက်ကြီးက စန့်စန့်ကြီး လဲနေတဲ့ ကိုထွန်းဇံဆီကိုသွားပြီး သူကိုက်တဲ့ အစွယ်ရာကို ပါးစပ်နဲ့ တေ့ပြီး စုပ်တော့တာပဲဟေ့၊ မကြာပါဘူးကွာ၊ အစွယ်ရာက အဆိပ်တွေ ထွက်လာရောဟေ့၊ အဲဒီအဆိပ်တွေကို ဆရာစောရာမက စက္ကူနဲ့သုတ်လိုက်၊ ထပ်စုပ်ခိုင်းလိုက်နဲ့ နောက်ဆုံး သွေးလိုက်လာတော့မှ-

“အေး ဟုတ်ပြီ၊ ကုန်ပြီ၊ မင်းအဆိပ်တွေ ကုန်ပြီ”

လို့ ပြောပြီး ပြန်လွှတ်လိုက်ရောကွ၊ မြွေဟောက်ကြီးလည်း အိမ်ပေါ်ကနေဆင်းပြီး မြက်ပင်တွေထဲ ဝင်သွားရောဟေ့”

“အင်း ဒီဆရာ အတော်ကို စွမ်းတာပါလားဗျ”

“ဟာ စွမ်းပါပြီလား တာတေရာ”

“နို့ နေပါဦး ကိုဘညိုရဲ့၊ ဒီဆရာက အထက်လမ်းလား၊ အောက်လမ်းလားဗျ”

“အေး ရွာကလူတွေကတော့ အထက်လမ်းလား အောက်လမ်းလား ဘာမှတွေးမနေကြဘူးကွ၊ ဆရာစောရာမကို လွှတ်ပြီး အထင်ကြီးနေကြတာဟေ့”

“ကိုဘညိုကရော ဘယ်လိုထင်တုံးဗျ”





“အောက်လမ်းဆရာကြီးကွ တာတေရ၊ ဘုရား လုံးဝရှိမခိုးဘူး”

“ဟင် ဟုတ်လား ကိုဘညို”

“အေး ဟုတ်တယ်၊ ဒါပေမဲ့ ပုတီးကြီးတစ်ကုံးကတော့ လည်ပင်းမှာ အခန့်သား ဆွဲထားတာနော်၊ ပုတီးတစ်လုံး တစ်လုံးကလည်း ဇီးဖြူသီးလုံးလောက် ရှိတာကွ”

“ဒါပေါ့ဗျာ၊ ဒီလိုလူတွေက မြယုဂ်ကောင်းအောင် သိပ်လုပ်တဲ့လူတွေဗျ၊ မိန်းကလေး မိန်းမငယ်တွေနဲ့ရော ကင်းရဲ့လား”

“အေး ခုထိတော့ ကင်းသေးတယ်ကွ၊ ရွာက မိန်းကလေးတွေကလည်း တစ်ယောက်မှ အလာအသွား မလုပ်ကြဘူးလေ”

“အင်း ဒါဆိုရင် တော်သေးတာပေါ့ဗျာ၊ အောက်လမ်းဆရာတွေက အဲဒီကိစ္စတွေမှာ သိပ်ဆိုးတာဗျ၊ လုံးဝကို စည်းမစောင့်ကြဘူး၊ တို့ဆေးတွေသုံး ဘာတွေသုံး လုပ်ကြတာ ကိုဘညိုရဲ့၊ နို့ ဘယ်သူနဲ့ ပတ်သက်ပြီး ရောက်လာတာတုံးဗျ”

“ဘယ်သူနဲ့မှ မပတ်သက်ပါဘူးကွာ၊ သူ့ဟာသူ ရောက်လာပြီး ရွာလယ်က အရိုးဘုမအကြော်ဆိုင်မှာ ဝင်ထိုင်တာတဲ့ကွ၊ ပြီးတော့ ရွာသားတွေနဲ့ အဲဒီမှာ မိတ်ဖွဲ့တာပေါ့ကွာ၊ သူ့ကိုယ်သူ ဆေးဆရာပါ၊ လေဖြတ်တဲ့သူတွေ ဘာတွေရှိ ပြောပါ၊ ပိုက်ဆံမယူပါဘူး၊ ကုသိုလ်ဖြစ် ကုပေးပါမယ်လို့ပြောတော့ တို့ရွာတောင်ပိုင်းက ကိုတောကျော် ဆိုတဲ့လူက လေဖြတ်သွားတာ ဆယ်ရက်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



နှိုးမှာကွ၊ အဲဒီကို ရွာကလူတွေက ခေါ်သွားပြီးပြတော့ ဒီဆရာက ကုသပေးလိုက်တာ ကောင်းကိုသွားတာကွ၊ ဒါနဲ့ပဲ ကိုတောကျော်တို့ အိမ်မှာ သောင်တင်နေတာပေါ့ကွာ"

"နို့ နေပါဦး ကိုဘညိုရဲ့၊ အခု ကျုပ်ဆီကိုလာတဲ့ကိစ္စ ပြောပါဦးဗျ"

"အေးပေါ့ ဆရာစောရာမအကြောင်း ပြောပြနေရတာနဲ့ပဲ လာရင်းကိစ္စကို မေ့ရော တာတေရေ"

"မနေ့က ကိုတောကျော်နဲ့ အဲဒီဆရာနဲ့ ငါ့အိမ်ကို ရောက်လာတယ်၊ ပြီးတော့ ကိုတောကျော်က ပြောတာက ဆရာစောရာမက ဒီရွာကိုလာတာ ကိစ္စတစ်ခုရှိနေလို့ လာတာတဲ့ကွ၊ သူက ကိုးကျင်းအောင်ပြီးသားဆိုပဲကွ၊ ငွေတွင်းကုန်းသင်္ချိုင်းမှာ လာမယ့် လကွယ်ညမှာ အစီအရင်တစ်ခု လုပ်ချင်လို့တဲ့ကွ"

"ဟင် ဘယ်လိုအစီအရင်မျိုးတုံး ကိုဘညိုရဲ့"

"အေး သူပြောတာတော့ သူ့မှာ သေသေချာချာ စီရင်ထားတဲ့ အရုပ်ကလေးတစ်ရုပ် ပါလာတယ်တဲ့ကွ၊ အဲဒီအရုပ်ကလေးကို ငွေတွင်းကုန်းသင်္ချိုင်းမှာ အသက်သွင်းရမှာတဲ့ကွ၊ အဲဒါ အောင်သွားရင် သူ့ကို ကျော်နိုင်တဲ့သူ မရှိတော့ဘူးဆိုပဲ တာတေရ"

"ဘာအရုပ်မို့တုံးဗျ"

"ဟာ အဲဒါတော့ မပြောဘူးကွ၊ အရုပ်လို့ပဲ ပြောတာ"

"နို့. . . ကျုပ်ဆီလာတာကရော"





"အေး. . . ဒီလိုကွ၊ ဆရာစောရာမက ပြောတယ်၊ သူက မြေကျင်းထဲမှာဝင်ပြီး အရုပ်ကို အသက်သွင်းမှာတဲ့ကွ၊ အဲဒါ ကျင်းပေါ်ကနေ ဆေးပေါက်ပေးဖို့ သတ္တိရှိတဲ့ လူငယ်တစ်ယောက် ရှာပေးခိုင်းပြောတယ်"

"ဩော်. . . ဒီကိစ္စကြောင့် ကျုပ်ဆီကို လာတာကိုး"

"ဒါပေမဲ့ မင်းတစ်ယောက်တည်း လိုက်ရမှာတော့ မဟုတ်ဘူးကွ၊ သူ့ကို မြေကျင်းတူးပေးမယ့် ငွေတွင်းကုန်းသား လေး,ငါးယောက်လည်း ပါမှာကွ"

"ခက်တာပဲ ကိုဘညိုရာ၊ ကျုပ်က အထက်လမ်းဆရာကြီးတွေရဲ့ တပည့်ဗျ၊ အထက်လမ်းဆရာကြီးတွေကိုပဲ ကျုပ် ကြည်ညိုတယ်၊ ဒီအောက်လမ်းတွေဆိုရင် ကျုပ်က သတ်ကိုပစ်ချင်တာ၊ ဘုယဉ်နဲ့ ပတ်သက်တဲ့ အကြိတ်အခဲတွေက ကျုပ်ရင်မှာ ခုထိပြေသေးတာ မဟုတ်ဘူးဗျ"

"သိပါတယ် တာတေရာ၊ အခုဟာက ဒီအောက်လမ်းဆရာက ရွာမှာလာပြီး သောင်တင်နေမှာကို ငါ စိုးရိမ်နေတာကွ၊ ဒီကောင်တွေက အခုကောင်းနေပေမယ့် ဘယ်အချိန် ဘာထလုပ်မယ်ဆိုတာ ပြောတာမဟုတ်ဘူးလေကွာ၊ တို့ရွာသားတွေက ဗဟုသုတကလည်း နည်းတော့ တစ်ခုခုလွန်သွားမှဆိုရင် မလွယ်ဘူးကွ တာတေရ၊ ဆရာက ပြောတယ်ကွ၊ အဲဒီအစီအရင်ပြီးရင် သူ တစ်ခါတည်း ပြန်မှာဆိုပဲ၊ ရွာထဲကို ပြန်ဝင်မှာ မဟုတ်ဘူးတဲ့ကွ၊ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ငါ မင်းကို အကူအညီတောင်းတာပါ တာတေရာ"

ကျုပ်နဲ့ ကိုဘညိုတို့ ညီအစ်ကိုတွေက လွှတ်ခင်ကြတာဗျ။ သူ့ညီကိုဘစိမ်း ဆိုရင် ပိုတောင်ခင်သေးဗျ၊ ကိုဘညို တွေးတာလည်း ဟုတ်ပါတယ်လေ။ ဒီအောက်လမ်းဆရာ သူ့ကိစ္စ မြန်မြန်ပြီးမှ ဒီရွာက မြန်မြန်ပြန်သွားမှာဆိုတော့ သူပြောတာ ဝိုင်းလုပ်ပေးလိုက်ကြမယ်ပေါ့ဗျာ။ ကျုပ် ဆုံးဖြတ်လိုက်တယ်။ ကိုဘညိုတို့ရွာရောက်နေတဲ့ ဒီမကောင်းဆိုးဝါးကောင်ကို မြန်မြန်ပြန်လွှတ်ဖို့ ကျုပ် ကူညီမယ်လို့ ပေါ့ဗျာ။

"ကိုဘညို လက္ခဏာက ဘယ်နေ့တုံးဗျ"

"ဟာ တာတေ၊ ရက်တွေတောင် မေ့နေပြီထင်ပါယ်၊ ဒီနေ့ အဖိတ်နေ့လေကွာ၊ မနက်ဖြန်ဆို လက္ခဏာပြီကွ"

"ဩော် ဟုတ်သားပဲဗျာ၊ အမေနဲ့ အဘက ဒီနေ့အဖိတ်နေ့မို့ ဆွမ်းချိုင့်ပို့မယ်လို့ ပြောသွားတာ ကျုပ်က မေ့နေလို့ဗျို့"

"ဘယ်လိုတုံး တာတေ၊ မနက်ဖြန် မင်း လာမှာလား"

"ဟာ လာမှာပေါ့ ကိုဘညိုရဲ့၊ ခင်ဗျားတို့ အခက်အခဲကို ကျုပ်က ဒီအတိုင်း ဘယ်ကြည့်နေမှာတုံးဗျာ"

"ဟာ ဝမ်းသာလိုက်တာကွာ၊ မနက်ဖြန် မနက်စာ ရွာမှာပဲ စားကွာ၊ ငါတို့အိမ်မှာပဲစား၊ မင်းကြိုက်တဲ့ ကြက်သားကာလသား ချက် ချက်ထားမယ်"

"ဒါဆိုရင် မနက်ဖြန် ဆယ်နာရီလောက်ရောက်အောင် ကျုပ် လာခဲ့မယ်"





"အေး အေး နေရာကျပြီပေါ့ကွာ၊ ငါ့ညီ ဘစိမ်းကတော့ ဒီအောက်လမ်းဆရာအတွက် ကျင်းတူးပေးမယ့်လူ သုံးလေးယောက် ရှာထားမယ် ပြောတာပဲ"

"သုံးယောက်လောက်နဲ့ ကျင်းတူးတာ ပြီးပါ့မလားဗျ၊ ဘယ်အချိန်တူးမှာတုံး"

"ဟ ဒီလူက ကျင်းတူးတာတောင် ကြိုပြီးတူးထားလို့ မရဘူးတဲ့ကွ၊ အချိန်ကျမှ တူးရမှာတဲ့ကွ။ ပြီးတော့ အချိန်ကိုက် ပြီးအောင် တူးရမှာတဲ့ဟေ့၊ ငါနဲ့ ဘစိမ်းလည်း ပါမယ်လေကွာ"

"ကိုဘညိုတို့ ကိုဘစိမ်းတို့ပါ ပါရင်တော့ အဆင်ပြေတာပေါ့ဗျာ"

"ဟကောင် တာတေရ၊ မင်းချည်းပဲ ငါတို့က လွှတ်ပါ့မလားကွ၊ ငါရော ဘစိမ်းရော လိုက်မှာပေါ့ကွ၊ မဟုတ်မဟတ်ဖြစ်လို့ကတော့ အောက်လမ်းရော ဘာရော နားမလည်ဘူး၊ တစ်ခါတည်း ခုတ်ကို သတ်လိုက်မှာ ဓမောင်ရေ"

ဒါတော့ ကျုပ် ယုံတယ်ဗျ။ သူတို့ညီအစ်ကိုက သတ္တိကောင်းတွေဗျ။ သူများအပေါ် မှာ မဟုတ်တာလည်း မလုပ်ဘူး။ သူတို့အပေါ်ကို မဟုတ်တာလုပ်ရင်လည်း နည်းနည်းမှခံတဲ့လူတွေ မဟုတ်ဘူးဗျ။ သူတို့ညီအစ်ကိုကို ငွေတွင်းကုန်းသားတွေက လွှတ်လေးစားတာ၊ ခင်လည်း ခင်ကြတယ်။ ဒါပေမဲ့ အခုလိုကိစ္စတွေကျတော့ သူတို့ နားမလည်ဘူးလေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ညနေစောင်းမှ ကိုဘညို ပြန်တယ်။ အမေ ချက်ထားခဲ့တဲ့ တောဝက်သားဟင်းနဲ့ ကျုပ်က ကိုဘညိုကို ထမင်း ကျွေးတယ်၊ လူခင်တွေ ဆိုတော့လည်း အားမနာပါးမနာ ပြောကြ ဆိုကြ၊ စားကြ သောက်ကြပေါ့ဗျာ။

အဘနဲ့ အမေကလည်း အဲဒီနေ့က ရွာထဲမှာ ဟိုအိမ် ဒီအိမ် ဝင်နေကြတော့ ညနေတော်တော်စောင်းမှ ပြန်ရောက်ကြတာဗျ။ ကိုဘညိုက အမေတို့ မပြန်ခင်လေးတင် ထပြန်သွားတာ။ ထနောင်းကုန်းနဲ့ ငွေတွင်းကုန်းဆိုတာက သိပ်ဝေးတာမှ မဟုတ်တာ။

"ဟဲ့ တာတေ၊ အိမ်ကို ဘယ်သူလာသေးတုံး"

ကျုပ်က ငွေတွင်းကုန်းက ကိုဘညို လာတဲ့အကြောင်း အောက်လမ်းဆရာအကြောင်းတွေပြောပြီး ကိုဘညိုကို ထမင်းကျွေးတဲ့အကြောင်းတွေ အမေ့ကို ပြောပြတယ်။

"တာတေရေ နင်ကတော့ အေးအေးဆေးဆေးကို မနေနိုင်ဘူးနော်၊ နေရာတကာ ပါကိုပါရမှ ကျေနပ်တဲ့အကောင်ပဲ"

"ဟာ အမေရာ ဒီအောက်လမ်းဆရာက ကိုဘညိုတို့ရွာမှာ သောင်းတင်နေပြီး တော်တော်နဲ့ မပြန်ရင် ခက်မှာဗျ၊ သူ့ကိစ္စ မြန်မြန် ပြီးအောင် လုပ်ပေးလိုက်ရင် သူချက်ချင်းပြန်မှာဗျ၊ ဒါပဲ အကောင်းဆုံးမို့လားဗျာ"

နောက်တစ်နေ့ ကိုးနာရီလောက်မှာပဲ ကျုပ် ငွေတွင်းကုန်းကို ရောက်တယ်။ ငွေတွင်းကုန်းရွာဝင်တဲ့လမ်းမှာ ကျုပ်သဘောကျ





တဲ့ သစ်ပင်ကြီးနှစ်ပင် ရှိတယ်ဗျ။ ရွှေပင်ကြီးတွေလေဗျာ။ ဒါပေမဲ့ ကျုပ်တို့ မြင်နေကျ ရွှေပင်မျိုး မဟုတ်ဘူးဗျ။ သူက ရွှေဖြူပင်ကြီးတွေ၊ အပင်ပုံစံကတော့ ရွှေနီပင် ပုံစံပါပဲ။

နားလည်တဲ့သူတွေ ပြောတာကတော့ အင်မတန် ဆေးဖက်ဝင်တယ်ဆိုပဲ။ ကျုပ် ကြားဖူးတာကတော့ အင်္ဂလိပ်ဆရာတွေ သုံးတတ်ရင် ကြေးနီကနေ ရွှေဖြစ်အောင် လုပ်လို့ရတယ်ဆိုပဲ။

ကျုပ်တို့ဘက်က ရွာတွေမှာ အင်္ဂလိပ်ထိုးတဲ့သူလည်း မရှိတော့ ဒီရွှေဖြူတွေလည်း သုံးတဲ့သူ မရှိဘူးပေါ့ဗျာ။ ကျုပ်ကလည်း အင်္ဂလိပ် နားမလည်ဘူးဗျ။ နားလည်လို့ကတော့ ကြေးနီကို ရွှေဖြစ်အောင် လုပ်နိုင်တာပေါ့ဗျာ။

ကိုဘညိုတို့ ကိုဘစိမ်းတို့အိမ်က တောင်ပိုင်းမှာဗျ။ ကျုပ်က ရွာလယ်လမ်းအတိုင်း ဝင်လာတယ်။

"ဟ တာတေပါလား၊ မမြင်တာတောင် ကြာပြီ"

ဆိုပြီး ဟိုက နှုတ်ဆက်၊ ဒီက နှုတ်ဆက်နဲ့ပေါ့ဗျာ၊ ကျုပ်ကလည်း လူခင် လွတ်ပေါ်တာဗျ။

"ဟာ တာတေပါလား၊ ဘယ်လာတာတုံး"

အရီး အေးခင်ဗျ။ အမေနဲ့ ညီအစ်မတွေလို ခင်ကြတာ။

"အရီးရေ ကိုဘညိုတို့အိမ် သွားမလို့ဗျ"

"ဟဲ့ ငွေတွင်းကုန်းရောက်တုန်း ဖရုံအမ်မှာ ထမင်းစားသွား တာတေ"



www.burmeseclassic.com

www.burmeseclassic.com



"မစားတော့ဘူး အရှိုးရေ့ ကိုဘညို မနေ့က ထနောင်းကုန်းလာလို့ သူတို့ ချက်ထားမယ် ပြောထားတယ် အရှိုးရဲ့"

"ဩော် ဒီလိုဖြင့် အရှိုး ဟင်းပို့ခိုင်းလိုက်မယ်၊ ဘညိုတို့ဘစိမ်းတို့ကို ပြောထားလိုက်ဦး"

"ဟုတ်ကဲ့ အရှိုး၊ ဟုတ်ကဲ့"

ရွာလယ်လမ်းကနေ တောင်ပိုင်းကို ချိုးချလိုက်တယ်။ ကျုပ်ရောက်တော့ ကိုဘညိုတို့ကို ဘစိမ်းတို့က ကျုပ်ကို ဝိုင်းဝကနေထွက်ကိုမျှော်နေတာဗျို့။

"မင်းမျှော်နေတာဗျ တာတေရ"

ကိုဘစိမ်းက ပြုံးပြုံးကြီး ဆီးပြောတာဗျ။ ကိုဘညိုက ကျုပ်ထက် အသက်ငါးနှစ် ခြောက်နှစ်လောက် ကြီးတယ်။ ကိုဘစိမ်းနဲ့ကတော့ တစ်နှစ်၊ နှစ်နှစ်လောက်ပဲ ကွာတာပါ။

"ကျုပ်လည်း ရွာထဲမယ် ဟိုလူနှုတ်ဆက်၊ ဒီလူနှုတ်ဆက်နဲ့ကို ကြာသွားတာဗျို့"

"ကဲ လာ၊ အိမ်ပေါ်တက် တာတေ"

ဒီညီအစ်ကိုက လွှတ်သဘောကောင်းတာဗျ။

"ဟဲ့ တာတေ၊ နင် ငါတို့ရွာ မရောက်တာတောင် ကြာပေါ့"

ကိုဘစိမ်းအမေ အရှိုးလုံးကြည်က ကျုပ်ကို ပြုံးပြီးနှုတ်ဆက်တယ်ဗျ။

"ဟုတ်ပ၊ အရှိုးရေ၊ ကျုပ်လည်း ဒီဘက်ကို အကြောင်းကို





မဆုံတာဗျ၊ ခုမှပဲ အကြောင်းလေးဆုံလို့ ရောက်လာတာဗျို့"

"အေးပေါ့လေ၊ လူဆိုတာ ဒီလိုချည်းပါပဲဟာ၊ ကိုယ့်ကိစ္စနဲ့ကိုယ် အားကြရတယ်ကို မရှိပါဘူး"

"နို့ ဘိုးအောင်ဘရော မမြင်ပါလား အရှိုး"

"ဟဲ့ နင့်ဘကြီးအောင်ဘက မီးလောင်ကုန်း ခဏသွားတယ် တာတေရဲ့"

"ဘိုးအောင်ဘရော အရှိုးရော နေကောင်းကြတယ်မို့လား"

"အေး ကောင်းပါတယ်၊ ဟိုတလောကတော့ နင့်ဘကြီးက ခါးနာလို့တဲ့ဟေ့၊ ခုတော့ ပျောက်သွားပါပြီဟယ်၊ ဘညိုသူငယ်ချင်း တစ်ယောက် ပေးလိုက်တဲ့ဆေးမြစ် သွေးလိမ်းတာဟေ့၊ နေပါဦးဟဲ့၊ ဘညို နင်ယူလာတာ ဘာအမြစ်တုံး"

"ပျဉ်းမအဖြူအမြစ်ပါဗျ"

ကိုဘညို ဝင်ပြောတော့မှ ကျုပ်က အံ့ဩသွားတာဗျ။

"ဩော် ပျဉ်းမမှာလည်း အဖြူရှိတာပဲလားဗျ၊ ကျုပ်က ရွှေဖြူပဲ ကြားဖူးတာ"

"ဟာ ရှိတယ်ကွ တာတေရ၊ ရုံးကွင်းဘက်မှာ ရှိတယ်"

"ဟဲ့ တာတေ ဆာရောပေါ့ဟဲ့၊ ထနောင်းကုန်းကနေ ငွေတွင်းကုန်းအထိ လမ်းလျှောက်ခဲ့ရတာ"

"အေး ဟုတ်သားပဲ တာတေရ၊ ကဲ ဘစိမ်းရေ ထမင်းခူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ကျုပ်က သတိရသွားတာဗျို့။

"ဟာ နေကြဦးဗျ၊ ကျုပ် ဒီလာတော့ အရီးအေးခင်နဲ့ တွေ့တယ်၊ သူ့အိမ်မှာ ထမင်းစားဖို့ အတင်းခေါ်နေတာ၊ အဲဒါ အရီးအေးခင်က ပြောလိုက်တယ်၊ ဘညိုတို့ကို ပြောထားလိုက်တဲ့ သူ ဟင်းပို့လိုက်မယ်တဲ့ဗျို့"

"ဩော် အရီးအေးခင်လား၊ ဟုတ်တာပေါ့ တာတေရဲ့၊ နှင့်အမေ အရီးငွေစိန်နဲ့ အရီးအေးခင်တို့က ညီအစ်မတွေလို နေကြတာ၊ ကဲ ဘစိမ်းရေ နှင့်အရီးအေးခင်ဆီကို သွားလိုက်ပါဟယ်၊ သူ ကိုယ်တိုင် တုန်တုန်ချိချိနဲ့ လာပို့နေပါဦးမယ် ဘစိမ်းရယ်"

"ဟုတ်ပြီ အမေ၊ ကျုပ် သွားယူလိုက်မယ်၊ အရီအေးခင်က ဟင်းချက်တော့ ကောင်းတယ်၊ တာတေရဲ့"

ကိုဘစိမ်းက ရွာလယ်ဘက်ကို ထွက်သွားတယ်။ တယ်မကြာလိုက်ဘူးဗျ၊ ပြန်ရောက်လာတယ်။ လက်ထဲမှာ ဇလုံတစ်လုံးကိုင်လို့။

"နှင့်အရီး ဘာပေးလိုက်တုံး ဘစိမ်း"

"အမဲခြောက် ရေစိမ်ပြီး ခရမ်းချွန်သီးနဲ့ ချက်ထားတာဗျ၊ ကျုပ်တော့ လွှတ်ကြိုက်တာဗျ"

ငွေတွင်းကုန်းသားတွေက ခရမ်းချဉ်သီးကို ခရမ်းချွန်သီးလို့ ခေါ်ကြတာဗျို့။

ကျုပ်တို့ ထမင်းစားရင်း စကားတပြောပြောနဲ့ပေါ့ဗျာ။ စားသောက်ပြီးတော့ ကိုဘစိမ်းက ဆေးလိပ်ခွက်ကလေး အဆင်သင့်





ယူလာတာဗျ။ ကျုပ်သောက်နေကျ နဂါးဆေးပေါ့လိပ်ကလေး နှစ်လိပ် ထည့်ထားတယ်။

ဆေးလိပ်သမားဆိုတာက ထမင်းစားပြီးရင် ဟန်မဆောင်နိုင်အောင် ဆေးလိပ်သောက်ချင်တာဗျ။ ဆေးလိပ်ကလေး နှစ်ဖွာသုံးဖွာ ဖွာလိုက်တော့မှ နေလို့ကောင်းသွားတာ။

"မနက်အစောကြီး ကိုတောကျော်ကြီး တစ်ခေါက်လာသေးတယ်ကွ တာတေရ"

"ဟင် ဘာကိစ္စရှိလို့တုံး"

"တခြားမဟုတ်ပါဘူး၊ မင်းလာမှာ သေချာလားလို့ လာမေးတာပါ၊ ပြီးတော့ သူ့အိမ်မှာ မင်းကို ထမင်းကျွေးချင်လို့ လာပြောတာပါ"

"တာတေက လာမယ်ဆိုရင် ဘယ်တော့မှ မပျက်ဘူးလို့ ငါက ပြောလိုက်တယ်၊ ပြီးတော့ ထမင်းလည်း ဒီမှာပဲ စားမှာလို့ ပြောလိုက်ရတယ်"

"ခဏကြာရင်တော့ သွားလိုက်တာ ကောင်းမယ်ဗျ၊ ကိုကြီးဘညိုရဲ့၊ တော်တော်ကြာ ဟိုအောက်လမ်းဆရာပါ ဒီကို လိုက်ချလာဦးမယ်"

ကိုဘစိမ်းက သူ့အစ်ကိုကို ပြောတယ်။

"အေး ဟုတ်တယ်ကွ၊ လိုက်လာမှာ သေချာတယ်"

"ကဲ ဒါဆိုလည်း သွားကြရအောင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကလည်း အဲဒီလူ ဒီကိုမလာစေချင်ဘူးဗျ။ ဒါနဲ့ ကိုဘညိုနဲ့ ကျုပ်နဲ့ ထွက်လာခဲ့တယ်။

ကိုတောကျော်တို့အိမ်ကလည်း တောင်ပိုင်းမှာပဲဆိုတော့ ကိုဘညိုတို့နဲ့ သိပ်မဝေးဘူးဗျ။ လှည်းလမ်းကျော်လိုက်တာနဲ့ တစ်ဝိုင်းကျော်ပဲ။ ဝိုင်းကလည်း ကျယ်သားဗျ။ အိမ်ကြီးကလည်း ကောင်းပါတယ်။

"ကိုတောကျော်အဘ ဘိုးဖြူတုတ် ဆောက်ခဲ့တာကွ၊ ကိုတောကျော်က တစ်ဦးတည်းသော သားလေကွာ၊ အမွေတွေအားလုံး သူပဲရတာပေါ့"

"ဟာ. . .ဘညို လာကွ"

အသံခပ်လေးလေးကြီးနဲ့ လှမ်းခေါ်တာဗျို့။ ကိုတောကျော်ဆိုတာ ဒီလူပဲထင်တယ်။ လေဖြတ်ဖို့ ကောင်းသွားပြီဆိုတာတောင် အသံကတော့ လေးနေတုန်းဗျ။

"ဘညို ဒါ မောင်တာတေလား"

"ဟုတ်တယ် ကိုတောကျော်၊ ကျုပ်တို့ ထမင်းစားပြီးပြီးချင်း ထွက်လာတာဗျ"

"ဘညိုရာ မင်းရော၊ မောင်တာတေရော ဒီမှာ စားကြရောပေါ့ကွာ"

"ကျုပ်တို့က အိမ်မှာ ချက်ထားလိုက်လို့ပါဗျာ၊ နို့မဟုတ်ရင် စားပါတယ် ကိုကြီးတောကျော်ရာ"





ကျုပ် အိမ်ထဲကို လှမ်းကြည့်လိုက်တော့ ပုဆိုးကွက်တုံးကြီးနဲ့ လူပိန်ပိန်တစ်ယောက် ထိုင်နေတာ တွေ့တယ်ဗျ။

"ကဲ တက်ကြ၊ ထိုင်ကြကွာ၊ မောင်တာတေ ဒါ ဆရာစောရာမပဲကွ"

ကျုပ် ဆရာစောရာမ ဆိုတဲ့လူကို ကြည့်လိုက်တယ်။ အရပ်မြင့်မြင့် ပိန်ပိန်ဗျ။ အသားလည်း ညိုညိုပါပဲ။ ထူးခြားတာကတော့ မျက်စိစွေနေတာပဲဗျ။

မျက်လုံးက တော်တော်ကို စောင်းနေတာ။ ဘယ်ကို ကြည့်လို့ ကြည့်နေမှန်းကို မသိတာဗျို့။ ကျုပ်ကို ကြည့်နေတာပဲ ဖြစ်မှာပေါ့ဗျာ။

"မောင်တာတေ၊ ဆရာ ဝမ်းသာတယ်ကွာ၊ အခုလို ဆရာ့ကို ကူညီဖို့လာတာ သိပ်ဝမ်းသာတယ်"

"ရပါတယ် ဆရာ၊ ကျုပ် ဆရာလိုတာ လုပ်ပေးပါ့မယ်"

"အေး ညကျရင် အချိန်အခါကျပြီကွဲ့၊ ကျုပ်က ငွေတွင်းကုန်းသင်္ချိုင်းရဲ့ အင်္ဂါထောင့်မှာ လူတစ်ရပ်နက်တဲ့ မြေကျင်းတူးမယ်၊ အဲဒီကျင်းထဲမှာ ကျုပ်ယူလာတဲ့ အရုပ်ကလေးကို အစီအရင်လုပ်ပြီး အသက်သွင်းမှာကွဲ့၊ ဒီအစီအရင်မျိုးကို ကျုပ်တို့လို ကိုးကျင်းအောင်ပြီးသားလူမှ လုပ်လို့ရတာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျုပ်က ဆရာ့ကို ဘာလုပ်ပေးရမှာတုံး"

"မောင်တာတေက ကျုပ်ကို ဆေးလုံးတစ်လုံး ပေါက်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဘယ်လိုအနှောင့်အယှက် အဖျက်အဆီးနဲ့ကြုံကြုံ ထွက်မပြေးဘဲ ဆေးလုံးကို ပေါက်ဖြစ်အောင် ပေါက်ပေးဖို့ပါပဲ"

"ဟာ ဒီအတွက်တော့ ဆရာ စိတ်ချပါ၊ ကျုပ် သေသေချာချာ ပေါက်ပေးပါ့မယ်"

"ဝမ်းသာလိုက်တာ မောင်တာတေရယ်"

"မောင်တာတေ ကျုပ်ကို ကူညီတဲ့အတွက် မောင်တာတေကို လက်ဆောင်တစ်ခုပေးချင်တယ်၊ မောင်တာတေ ဘာလိုချင်သလဲ"

"ဟာ ကျုပ် ဘာမှမလိုချင်ပါဘူးဗျာ"

"ဟာ တစ်ခုခုတော့ ယူပါ"

ဆရာစောရာမက သွယ်လွယ်အိတ်ကြီးထဲကို ဟိုရှာ ဒီရှာ ခုပ်နေတာဗျ။ ပြီးတော့မှ ကျုပ်ကို မတ်စေ့လေး နှစ်စေ့ ထုတ်ပေးတယ်။ စက္ကူနဲ့ သေသေချာချာ ထုပ်ထားတာဗျ။ စက္ကူဖြည်တော့မှ မတ်စေ့ နှစ်စေ့ ထွက်လာတာ။

"ကြောက်တော့ မကြောက်နဲ့ မောင်တာတေ၊ ဒါ ယောက်ျား ခေါင်းခွံထဲက ကူးတို့ခပိုက်ဆံနဲ့ မိန်းမခေါင်းခွံထဲက ကူးတို့ခပိုက်ဆံကို စီရင်ထားတာ၊ ငွေဖို ငွေမလို့ ခေါ်တယ်၊ ဈေးသည်တွေ ဈေးရောင်းတဲ့အခါ ပိုက်ဆံထည့်တဲ့ သစ်သားသေတ္တာကလေးတွေ မြင်ဖူးတယ်မို့လား၊ အဲဒီသေတ္တာကလေးတစ်လုံးဝယ်ပြီး ဟောဒီ ငွေဖို ငွေမ ထည့်ထားလိုက်၊ ပြီးရင် အဲဒီသေတ္တာလေးထဲကို ပိုက်ဆံ ကြိုက်





သလောက်ထည့်ထား၊ ပြီးရင် ပိုက်ဆံကို နှိုက်သာသုံး၊ ကြိုက်သလောက်သုံး၊ သုံးလိုက်တဲ့ ပိုက်ဆံက သေတ္တာလေးထဲကို အမြဲပြန်ရောက်နေလိမ့်မယ်"

"ဟာ စွမ်းလှချည်လား ဆရာ"

ကျုပ် အံ့သြပြီး ပြောလိုက်မိတာဗျ။

"အဲဒါကြောင့် မောင်တာတေကို ဒါလေး လက်ဆောင်ပေးချင်တာ"

"ဟာ မယူပါဘူး ဆရာ၊ ဆရာပဲ သုံးပါ"

"ဟာ ကျုပ်က ဒီညလုပ်မယ့် အစီအရင် အောင်သွားရင် ဒါတွေ ဘာမှမလိုတော့ဘူးလေ၊ ဘာမဆို ကျုပ် ဖန်တီးလို့ရပြီ မောင်တာတေရဲ့၊ အောင်လည်း အောင်မြင်မှာပါ၊ မောင်တာတေကို တွေ့လိုက်ကတည်းက ဒီည ကျုပ် အောင်မယ်ဆိုတာ ယုံပြီးသားပါကွယ်"

ဆရာစောရာမက ကျုပ်ကို ငွေဖို ငွေမ အတင်းပေးတယ်။ ကျုပ်လည်း မငြင်းတော့ဘဲ ယူလိုက်တယ်။

ကိုဘညိုနဲ့ ကျုပ် ဆရာစောရာမနဲ့ တော်တော်ကြာအောင် စကားပြောကြတယ်။ သုံးနာရီလောက်ရောက်မှ ကိုတောကျော်တို့ မိသားစုနဲ့ ဆရာစောရာမကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြတယ်။

ညစာ ထမင်းစားပြီး ကိုဘညို၊ ကိုဘစိမ်းနဲ့ ကျုပ် စကားတွေ ပြောကြတယ်။ ဆရာစောရာမက ငွေတွင်းကုန်းသင်္ချိုင်းဇရပ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကို ည၇ကိုးနာရီ အရောက်လာဖို့မှာတယ်။

မိုးချုပ်တာနဲ့ ကိုဘညိုတို့ ခေါ်ထားတဲ့ လူလေးယောက် ရောက်လာကြတယ်။ ပေါက်တူးတွေ ဂေါ်ပြားတွေပါ တစ်ပါတည်း ယူလာကြတာဗျ။

ကိုဘညို ဦးဆောင်ပြီး ရှစ်နာရီခွဲမှာ ကျုပ်တို့ ရွာပြင်ထွက်ခဲ့တယ်။ ကျုပ်တို့ သချိုင်းဇရပ်ပေါ် ရောက်တော့ ဆရာစောရာမက ရောက်နှင့်နေပြီဗျ။ ကိုဘညိုတို့ကို သချိုင်းရဲ့ အင်္ဂါထောင့်ကို ခေါ်သွားပြီး သူရွေးထားတဲ့နေရာကို ပြတယ်။ ပြီးတော့ ကျင်းစတူးခိုင်းတယ်ဗျ။ ၁၂ နာရီ မထိုးခင် အပြီးတူးပေးပါလို့ ပြောတယ်ဗျ။ ငွေတွင်းကုန်းသားတွေလည်း ဆရာစောရာမ အစီအရင်လုပ်မယ့် ကျင်းကို တူးကြတော့တာပေါ့ဗျာ။ တစ်ယောက်ညောင်းရင် နောက်တစ်ယောက် ဝင်တူးပေါ့ဗျာ။ ၁၁ နာရီထိုးတော့ လူတစ်ရပ်လောက်နက်ပြီး အကျယ်သုံးပေလောက်ရှိတဲ့ ကျင်းကြီး တူးပြီးသွားပြီဗျ။ ဆရာစောရာမက ကျင်းကို သေသေချာချာ ကြည့်ပြီးတော့ သဘောကျသွားတယ်။ သချိုင်းကုန်းထဲက ငှက်ပျောပင်တွေမှာ ငှက်ပျောရွက်တွေ ခုတ်ခိုင်းပြီး မြေကျင်းထဲမှာ ခင်းခိုင်းတယ်။

၁၂ နာရီ ထိုးတာနဲ့ ဆရာစောရာမက အစီအရင် စလုပ်ဖို့ပြင်တယ်။ ကျုပ်ကို ဆေးလုံးကလေးပေးတယ်။ သူ့အသံပြုလိုက်ရင် ကျင်းထဲကို ဖွာညီတည်ပစ်ပေးဖို့ အထပ်ထပ်အခါခါ မှာနေတယ်။ ကျုပ်က ကျင်းဘေးမှာ ဘယ်မှမသွားဘဲ ရပ်နေဖို့လည်း





ပြောတယ်ဗျ။ ပြောရဦးမယ်ဗျို့။ ကျုပ်က ကိုဘညိုတို့အိမ်က မထွက်ခင် မျက်ကွင်းဆေး ကွင်းလာခဲ့တာဗျ။ သချိုင်းကုန်းထဲကို မသိမသာ လှျောက်ကြည့်နေတာလေဗျာ။ အို. . သစ်ကိုင်းကြီးတွေပေါ်မှာ ဝမ်းလျားမှောက်နေတဲ့ အကောင်တွေ။ မျက်လုံးနီနီ ပြူးပြူးကြီးတွေနဲ့ ကျုပ်တို့ကို ကြည့်နေတာဗျို့။ တချို့ဆိုရင် လျှာကြီးတွေ တွဲလောင်းကျနေကြတာဗျ။

"မောင်တာတေ ကျုပ်ရဲ့ ဆေးလွယ်အိတ်ကို စောင့်ရှောက်ထားပါ၊ ကျုပ် ဒီကိစ္စပြီးရင် ရွာထဲ ပြန်ဝင်မှာ မဟုတ်တော့ဘူး၊ ဒီကပဲ တန်းသွားတော့မှာ၊ ဒါကြောင့် ဆေးလွယ်အိတ်ပါ အပြီးယူလာတာကွဲ့၊ ကဲ ကျုပ် ကျင်းထဲဆင်းပြီ"

ကျုပ်က ဆရာစောရာမရဲ့ ဆေးလွယ်အိတ်ကြီးကို စလွယ်သိုင်းလွယ်လိုက်တယ်။ သူပေးတဲ့ ဆေးလုံးကိုလည်း ကျုပ်က လက်ထဲမှာ သေသေချာချာ ဆုပ်ထားတယ်။

ခုန်ဆင်းသွားပြီဗျို့။ အောက်လမ်းဆရာ ကျင်းထဲကို ခုန်ဆင်းသွားပြီ။

"ကဲ ကိုဘညိုတို့က ဇရပ်ပေါ် တက်နေကြတော့ဗျို့"

ကျုပ် ပြောလိုက်တာနဲ့ ကိုဘညို ဦးဆောင်ပြီး ခြောက်ယောက်စလုံး ဇရပ်ပေါ် တက်သွားကြတယ်။ ရွတ်ပြီဗျို့။ မြေကျင်းထဲမှာ တင်ပလ္လင်ခွေထိုင်နေတဲ့ ဆရာစောရာမ မန္တန်တွေ စရွတ်ပြီဗျို့။ တစ်ချက်မှကို မနားတာဗျာ။ ကျုပ် ပတ်ဝန်းကျင်ကို လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တယ်။ ဘာမှမထူးခြားဘူးဗျ။

နာရီဝက် ရှိသွားပြီ၊ ရွှတ်တုန်းပဲ။ တစ်နာရီ၊ ရွှတ်နေဆဲပဲဗျာ။ ကျုပ်လက်မှာ ပတ်ထားတဲ့နာရီကို ကျုပ် သေသေချာချာကြည့်လိုက်တော့ မနက်သုံးနာရီထိုးပြီဗျ၊ ဒီတုန်းမှာပဲ. . .

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟာ ဒါ မဖဲဝါရဲ့ခွေးကြီး အူသံပါလား။ မဖဲဝါကြီး လာတယ်ထင်တယ်။ တစ်ခုခုတော့ ဖြစ်တော့မယ်ထင်တယ်ဗျို့။ ကျုပ်လည်း ကျောတွေ ချမ်းသွားတယ်။ ဇရပ်ပေါ်ကလူတွေကတော့ ဘာမှမကြား မမြင်ကြတော့ ဆေးလိပ်ကလေးတွေဖွာပြီး ငြိမ်နေကြတာပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး အီး၊ အီး၊ အီး"

ဟာ မဖဲဝါရဲ့ခွေးကြီး သချိုင်းထဲတောင် ရောက်နေပြီပဲ။ ဟော ဟိုမှာ၊ ဟိုမှာ ဂူတွေကြားမှာ မားမားကြီးရပ်နေတာ မဖဲဝါရဲ့ ခွေးနက်ကြီးဗျ။ မှောင်ထဲမှာ မျက်လုံးနီနီကြီးတွေက တောက်နေပါရောလား။ ဟာ ရောက်လာပြီဗျို့၊ ရောက်လာပြီ၊ မဖဲဝါကြီး ရောက်လာပြီဗျ။ ဂူကြီးတစ်လုံးပေါ်မှာ မားမားကြီး ရပ်နေတာဗျ။ ကျုပ်ကို မျက်လုံးပြူးကြီးနဲ့ စိုက်ကြည့်နေတယ်။ ဆံပင်ဖားလျားကြီးချလို့ဗျာ။ မျက်လုံးကြီးနှစ်လုံးက နီရဲပြီး ပြူးထွက်နေတာဗျ။

"အီး၊ အီး၊ အီး၊ ဟင်း၊ ဟင်း၊ ဟင်း"

ဟာ မဖဲဝါကြီး ဒေါသဖြစ်ရင် အော်တဲ့အသံဗျ။ သွားပြီ





ထင်တယ်။ ကျုပ်လည်း ကြက်သီးတွေ တဖျန်းဖျန်းထနေတာဗျို့။

ဟော လက်ရမ်းပြနေတယ်။ မဖဲဝါက ကျုပ်ကို လက်ရမ်းပြတယ်။ ကျုပ် ဘေးဖယ်နေဆိုတဲ့ သဘောဗျ။ ကျုပ် သိတယ်။

"တာတေ ဆေးလုံးပစ်တော့"

ဟာ ကျင်းထဲက ဆရာစောရာမကလည်း ကျုပ်ကို ဆေးလုံးပစ်ခိုင်းနေပြီဗျ။ ကျုပ် ဘာလုပ်ရမှာတုံး။ ဒါပေမဲ့ ကတိပေးပြီးရင် တာတေဆိုတဲ့ကောင်က ဘယ်တော့မှ မဖျက်ဘူးဗျ။ ဖြစ်ချင်ရာဖြစ်တော့ဗျာ။

"ကဲ ပစ်ပြီဗျို့ ဆရာရေ"

ကျုပ်ပါးစပ်ကအော်ရင်း ဆေးလုံးကို ကျင်းထဲ တည့်တည့်ပစ်ထည့်ပေးလိုက်တယ်။ ပြီးတော့မှ မဖဲဝါကြီး ဖယ်ခိုင်းတဲ့အတိုင်း ကျုပ် ကျင်းနဲ့ ခပ်ဝေးဝေးရောက်အောင် ဆုတ်ပေးလိုက်တယ်။

ဟာ ကျင်းထဲက မီးခိုးလုံးကြီးတွေ တက်လာပြီဗျို့။ ဒီဆရာတော်တော်အစွမ်းထက်တာဗျ။

"ဟား၊ ဟား၊ ဟား၊ ဟား အောင်ပြီဟေ့၊ အောင်ပြီ"

ကျင်းထဲက ဆရာစောရာမရဲ့ ကြုံးဝါးတဲ့အသံဗျ၊ ဟော မဖဲဝါကြီး ပြေးလာပြီဗျို့။ ဟော မီးခိုးတွေကြားကနေ ဆရာစောရာမ ခုန်ထွက်လာပြီး ကျင်းနှုတ်ခမ်းပေါ် ရောက်လာပြီဗျို့။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ငါ အောင်"

"ဘုန်း၊ ဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အား"

ရုတ်တရက် ဖြစ်သွားတာဗျာ။ ဆရာစောရာမက ကျင်းပေါ်အရောက် လေထဲမှာ ပြေးလာတဲ့ မဖဲဝါကလည်း ကျင်းနားအရောက် ဆရာစောရာမရဲ့ အော်ပြီးကြုံးဝါးလိုက်တဲ့ စကားတောင်မဆုံးလိုက်ပါဘူးဗျာ။ မဖဲဝါရဲ့ လက်ဝါးကြီး လေထဲကို မြောက်သွားပြီး ဆရာစောရာမရဲ့ ကျောကုန်းပေါ်ကို ရိုက်ချလိုက်တယ်။

'ဘုန်း၊ ဘုန်း' ဆိုတဲ့ အသံကြီး နှစ်သံပေါ်လာပြီး ဆရာစောရာမရဲ့ 'အား' ဆိုပြီး အော်လိုက်တဲ့ အသံနက်ကြီးဟာ သချိုင်းကုန်းထဲမှာတင်မကဘဲ ငွေတွင်းကုန်း တစ်ရွာလုံးကိုပါ လွှမ်းသွားတာဗျို့။

ဆရာစောရာမ မြေကျင်းနားမှာ ဒူးကြီးထောက်ကျသွားပြီး-

"ဝေါ့၊ ဝေါ့"

ဟာ သွေးတွေ ပွက်ပွက် ပွက်ပွက်နဲ့ အန်တော့တာပဲဗျာ။

"ဟာ"

ဇရပ်ပေါ်က ကိုဘညိုတို့လည်း ပြေးဆင်းမယ် လုပ်ကြတာပေါ့။

"မဆင်းနဲ့၊ အဲဒီမှာနေ"

မဖဲဝါကြီးက သူတို့ကို လှမ်းကြည့်နေတာ သူတို့က တွေ့မှ မတွေ့ဘဲကိုး။ ဆရာစောရာမရဲ့လက်ထဲမှာ ဆုပ်ထားတဲ့ အရုပ်ကလေးက လွတ်ကျသွားပြီ။





မဖဲဝါက ကျုပ်ကို ကြည့်တယ်။ ပြီးတော့ ဆရာစောရာမ လွတ်ကျသွားတဲ့ အရုပ်ကလေးကို လက်ညှိုးထိုးပြတယ်။ ကျုပ် သိတယ်။ ကျုပ်ကို ကောက်ခိုင်းနေတာ။ ကျုပ်က ဘယ်ကောက်ရဲမှာတုံးဗျာ။ ဒီတော့ မဖဲဝါက နောက်ကို ခြေနှစ်လှမ်းလောက် ဆုတ်ပေးတယ်။ ဒီတော့မှ ကျုပ်လည်း အရုပ်ကလေးကို ခပ်သုတ်သုတ် သွားပြီးကောက်လိုက်တယ်။

"တာတေ ဒါ ဘာရုပ်လဲ နင် သိလား"

ဟာ ဘယ်လိုဖြစ်တာတုံးဗျာ၊ အရုပ်ကလေးကို ကျုပ်ကောက်ယူလိုက်တာနဲ့ မဖဲဝါပြောတဲ့အသံကို ကျုပ် ကြားရတော့တာပဲဗျ။ တော်တော်စွမ်းတဲ့ အရုပ်ပဲဗျို့။

"ကျုပ် မသိဘူး၊ မဖဲဝါ၊ ကျုပ်ကို အကူအညီတောင်းလို့ ဆေးလုံး လိုက်ပစ်ပေးတာပါ"

"နင် မသိဘူးဆိုတာ ငါ ယုံပါတယ်၊ အဲဒီအရုပ်က ငါ့အရုပ်ဟဲ့ သိလား၊ ငါ့ပုံစံ ထုထားတာ၊ ဒီအကောင် ကိုယ်တူ ကိုယ်ခွဲ အစီအရင် လုပ်တာ၊ သူ့ပညာက သိပ်ထက်တော့ ငါ ဘာမှမတတ်နိုင်ဘူး၊ အဲဒီအရုပ်ထဲကို ငါ အသက်သွင်းပေးလိုက်ရတယ်၊ အရုပ်မှာ အသက်ဝင်နေပြီ"

"ဟင် ဒါကြောင့် ဟိုလူက အောင်ပြီလို့ အော်တာကိုး"

"အေး ဟုတ်တယ်၊ အရုပ်က အသက်ဝင်တော့ လှုပ်နေတာကိုး သိတာပေါ့၊ ဒါပေမဲ့ ဒီအကောင်လက်ထဲ ဒီအရုပ် ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားရင် ခက်တော့မှာ၊ ဒါကြောင့် သူ့အလစ်မှာ ငါ သတ်ပစ်လိုက်ရတာ၊ အဲဒီအရုပ်ကို နင် ယူသွား၊ ဘယ်သူ့ကိုမှ နင် မပြောနဲ့၊ အဲဒီအရုပ်ဟာ ငါ့ရဲ့ ကိုယ်တူ ကိုယ်ခွဲ အရုပ်ပဲ၊ လုံခြုံအောင်သိမ်းထား၊ အရေးကြီးတဲ့ကိစ္စရှိမှ အရုပ်ကိုကိုင်ပြီး ငါ့ကို တလိုက်၊ ချက်ချင်း အသက်ဝင်လာလိမ့်မယ်၊ အဲဒါ ငါပဲ တာတေ၊ ငါ့ကိုယ်ခွဲပဲ"

"ဟာ"

သွားပြီ။ မဖဲဝါကြီး ဂူတွေပေါ်က ရိပ်ကနဲ ရိပ်ကနဲ ရွေ့သွားပြီ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ခွေးကြီးအသံကလည်း တဖြည်းဖြည်း ဝေးသွားပြီပေါ့ဗျာ။ ကျုပ် အရုပ်ကလေးကို အင်္ကျီအိတ်ထောင်ထဲ မြန်မြန်ထည့်ပြီး ဝှက်လိုက်တယ်။

"ကဲ ကိုဘညိုတို့ လာကြတော့ဗျို့"

ကျုပ်ခေါ်သံကြားတော့မှ အားလုံးဇရပ်ပေါ်က ဆင်းလာကြတယ်။ ဆရာစောရာမကတော့ ကျင်းနှုတ်ခမ်းမှာ ဒူးထောက်ရက်ကြီး သေနေတာဗျို့။

"ဟာ ဒီဆရာ အသက်မှ မရှိတော့ပဲ၊ ဟာ သွေးတွေလည်း အန်ထားလိုက်တာ နည်းတာမှ မဟုတ်တာ"

ကိုဘညိုတို့ ငွေတွင်းကုန်းသားတွေ တအံ့တဩ ပြောဆိုကြတဲ့ အသံတွေပေါ့ဗျာ။





"ဘယ်လိုဖြစ်သွားတာတုံး တာတေ၊ 'ဘုန်း၊ ဘုန်း' ဆိုတဲ့ အသံနဲ့ ဆရာစောရာမ အော်သံပဲ ငါတို့ ကြားလိုက်တာကွ"

"မဖဲဝါကြီး ရောက်လာပြီး ရိုက်သတ်သွားတာဗျ ကိုဘညိုရဲ့"

"ဟာ"

လူခြောက်ယောက် ပြိုင်တူအော်တဲ့အသံပေါ့ဗျာ။ ကိုဘညိုနဲ့ ရွာသားတစ်ယောက် ရွာထဲပြန်ပြီး သူကြီးကို ခေါ်ရတာပေါ့။ သူကြီးကလည်း အောက်လမ်းဆရာမှန်း သိနေတော့ အုပ်အုပ်ဆိုင်းဆိုင်းပဲ တိုးတိုးတိတ်တိတ် မြှုပ်ခိုင်းလိုက်တယ်ဗျ။

ဘယ်သူမေးမေး ဆရာစောရာမ ပြန်သွားပြီလို့ ပြောခိုင်းတယ်။ စောစောက တူးထားတဲ့ မြေကျင်းကိုပဲ ခြောက်ပေပြည့်အောင်တူးပြီး ခပ်နက်နက် မြှုပ်လိုက်ရတာပေါ့ဗျာ။

သူ့ဆေးလွယ်အိတ်ကြီးပါ တစ်ပါတည်း ထည့်လိုက်ဖို့ သူကြီးက ပြောတာနဲ့ ကျုပ် စလွယ်သိုင်းထားတဲ့ လွယ်အိတ်ကြီးကို ကျင်းထဲ ထည့်ပေးလိုက်တယ်။

အောက်လမ်းဆရာတစ်ယောက်တော့ လူ့လောကထဲက တိုးတိုးတိတ်တိတ် ထွက်သွားတာပေါ့ဗျာ။ ကျုပ်ကတော့ ကျုပ်အိတ်ကပ်ထဲမှာ ထည့်ထားတဲ့ မဖဲဝါအရုပ်ကလေးကို လက်နဲ့ မသိမသာ ဖိထားလိုက်မိတယ်ဗျ။

**တာတေ**

□□□



www.burmeseclassic.com

www.burmeseclassic.com



# တောကြီးတစ္ဆေ

အောက်လမ်းတော့ အောက်လမ်းပဲဗျ။ ဒါပေမဲ့ ဆရာ စောရာမ ဆိုတဲ့လူကိုတော့ ကျုပ် ဘယ်တော့မှ မမေ့ဘူးဗျာ။ ကျုပ်





အောက်လမ်းဆရာတွေကိုလည်း လိုက်ပြီးကူညီဖူးပါတယ်။ ဆရာကိုတက်ခါးတုန်းကဆိုရင် ကိုးကျင်းအောင်သွားပေမယ့် အတောင်ပံနဲ့ သရဲကြီးက လည်ပင်းကို လိမ်ချိုးသတ်ပစ်လိုက်တာ။

ဆရာကိုတက်ခါးအကြောင်းကို ဖတ်ချင်ရင်တော့ ကျုပ်ရေးခဲ့တဲ့ ကိုယ်တွေ့မဖဲဝါ စာအုပ်ထဲက **'ကိုးသချိုင်းကဝေ'** မှာ ပြန်ဖတ်ကြည့်ပါ။ အဲဒီဆရာကိုတက်ခါးက နည်းနည်းကြွားချင်တယ်ဗျ။ ကျုပ်ကို သူတတ်တဲ့ပညာတွေ ပြသေးတာ။ မိန်းမကိစ္စကလည်း မကင်းဘူးဗျ။

ဆရာစောရာမကတော့ ပညာသည်စစ်စစ်ဗျ။ ဘာပညာမှလည်း မပြဘူး။ ကြွားလည်း မကြွားဘူး။ ထောင်ထောင်လွှားလွှားလည်း မလုပ်ဘူးဗျ။ သူ့အစီအရင် အောင်ဖို့ကိုပဲ အာရုံစိုက်နေတာ။

ကျုပ်ကလည်း သူစီရင်မယ့် အစီအရင်ဟာ ဘာအစီအရင်ဆိုတာ မသိခဲ့ဘူးဗျ။ မဖဲဝါကို စီရင်တာမှန်း ကျုပ် လုံးဝမသိခဲ့တာပါ။ မဖဲဝါကို ကိုယ်တစ်ကိုယ်ခွဲခိုင်းတဲ့ ကိုယ်တူကိုယ်ခွဲ အစီအရင်ဆိုတာသိရင် ကျုပ် ဘယ်ကူညီလိမ့်မတုံးဗျာ။ ဘာဖြစ်လို့တုံးဆိုတော့ ခင်ဗျားတို့ သိတဲ့အတိုင်းပဲလေ။ ကျုပ်နဲ့ သင်္ချိုင်းရှင်မကြီး မဖဲဝါနဲ့က တော်တော်ကို ခင်မင်ရင်းနှီးနေပြီလေဗျာ။

ကျုပ် အကူအညီလိုတိုင်း ကူညီနေတာဗျ။ ကျုပ်ဖြင့်ဗျာ ဆရာစောရာမကိစ္စမှာတုန်းက မဖဲဝါကို အားနာလိုက်တာ မပြောပါနဲ့တော့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာစောရာမ ဆိုတဲ့လူကလည်း ပညာတွေထက်လိုက်တာဗျာ။ မဖဲဝါကိုတောင် နိုင်တဲ့လူဗျ။ မဖဲဝါက ဒီဆရာကို ဘယ်လိုမှ မယှဉ်နိုင်လို့ကို အရုပ်ကလေးမှာ အသက်သွင်းပေးလိုက်ရတာဗျို့။

ဒါပေမဲ့ ဆရာစောရာမက သူသိပ်အောင်ချင်တဲ့ အစီအရင်အောင်သွားလို့ ဝမ်းသာအားရဖြစ်သွားတာဟာ သူ့အမှားပဲဗျ။ စည်းတွေတားထားဖို့ သူ သတိလစ်သွားပုံပဲဗျာ။ မဖဲဝါက အောက်လမ်းဆရာလက်ထဲကို သူ့အသက်သွင်းပေးလိုက်ရတဲ့ ကိုယ်တူကိုယ်ခွဲ အရုပ်ကလေးကို လုံးဝအပ်မခဲ့ဘူးဗျ။

ဒီအရုပ်ကလေး ကျုပ်ဆီမှာရှိတာ ဘယ်သူမှ မသိကြဘူးဗျို့။ ကျုပ်ကလည်း မဖဲဝါ မှာတဲ့အတိုင်း ဘယ်သူ့ကိုမှ မပြခဲ့ဘူး။ ပြဖို့နေနေသာသာ ပြောကို မပြောတာဗျို့။

ကျုပ်မှာက ဘာအကြောင်းမှလည်း ခုချိန်အထိ မပေါ်ခဲ့ပါဘူး။ ဒီအရုပ်ကလေးကို ကျုပ် တစ်ခါမှ ထုတ်မသုံးခဲ့ရပါဘူးဗျာ။ သစ်စုန်းဆေးတော်နဲ့ မျက်ကွင်းဆေးကို ကတ္တီပါအိတ်ရှူအနီကလေးနဲ့ထားတယ်။ မဖဲဝါအရုပ်ကလေးကိုတော့ ကတ္တီပါအိတ်ရှူအနက်ကလေးနဲ့ထားတာဗျ။


ခင်ဗျားကိုတော့ ကျုပ် ပြောရဦးမယ်။ မဖဲဝါကိုယ်တိုင် အသက်သွင်းပေးထားရတဲ့ မဖဲဝါ ကိုယ်ခွဲအရုပ်ကလေးကို ပထမဆုံး ကျုပ် ကြည့်ဖူးတုန်းက အံ့ဩလိုက်တာဗျာ။ မပြောပါနဲ့တော့။

ဘာဖြစ်လို့တုံးဆိုတော့ အရုပ်ကလေးက လေးလက်မခွဲ





ရှိတယ်။ ကျုပ် အမြင်မှာ မြင်ဖူးတဲ့ မဖဲဝါရဲ့ပုံစံနဲ့ ထုထားတဲ့ အရုပ်ကလေးရဲ့ပုံစံက တစ်ထေရာတည်းဖြစ်နေလို့ဗျို့။ ကျုပ်စိတ်ထင် ဆရာစောရာမဟာ မဖဲဝါကို ကောင်းကောင်းမြင်ဖူးပုံရတယ်ဗျ။ သူပြောတဲ့ပုံအတိုင်း ပန်းပုဆရာက ထုပေးရတာကိုး။ ပြီးတော့ ထုပေးတဲ့ ပန်းပုဆရာကလည်း အောင်စိန်တို့လို လက်ရာမြောက်တဲ့ ဆရာ ဖြစ်မယ်ဗျို့။



ကိုယ်တူကိုယ်ခွဲ
မဖဲဝါ အရုပ်

ချွတ်စွတ်ကို တူနေတာဗျ။ ဒါကြောင့် ဆရာစောရာမကို ကျုပ် အထင်မသေးတာဗျို့။ အောက်လမ်းပေမယ့် ဒီလူ ပေါ့သေးသေးလှူ မဟုတ်ဘူးဗျ။

အဲ ခင်ဗျားကို ပြောရဦးမယ်။

ဆရာစောရာမ မသေခင်က ကျုပ်ကို ပေးခဲ့တဲ့ ငွေဖိုးငွေမလေးတွေ ကျုပ်မှာ ရှိတယ်လေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မတ်စေ့လေး နှစ်စေ့လေ။ တာတေပဲဗျာ၊ ပြောတိုင်း ယုံပါ့မလား။ ကျုပ် အဲဒီငွေဖို့ ငွေမကို လက်တွေ့စမ်းသပ်ပြီးပြီဗျ။ စမ်းတာမှ တစ်ခါမဟုတ်ဘူး၊ သုံးလေးခါ စမ်းတာဗျို့။

ငွေဖို့ ငွေမကို ကျုပ် သစ်သားသေတ္တာကလေးနဲ့ ထည့်ထားတယ်။ သေတ္တာမှာက မျောက်လက်ကလေး အဆင်သင့်ပါပြီးသားဆိုတော့ ကျုပ်က သေတ္တာထဲမှာ ငွေဖို့ ငွေမ ထည့်ပြီး တစ်ဆယ်တန်ကလေး ဆယ်ရွက်ထည့်ထားတယ်။ သေတ္တာကို သော့ခလောက်သေးသေးလေးနဲ့ ခတ်ထားတယ်။

ကျုပ် မြို့သွားတုန်းက အဲဒီပိုက်ဆံတစ်ရာကို ယူသွားတယ်။ မြို့မှာ ကျုပ် လုံချည်ဝယ်တယ်၊ စွပ်ကျယ်နှစ်ထည်ဝယ်တယ်။ အမေမှာလိုက်လို့ ဆီတို့၊ ငြုပ်သီးတို့ ဝယ်တယ်။ ပြောရရင်တော့ အဲဒီငွေတစ်ရာကို မကုန် ကုန်အောင်ကို ကျုပ် သုံးပစ်ခဲ့တာဗျ။ ဆရာတော်ကို ဆွမ်းကပ်ဖို့ ဝက်သား နှစ်ပိဿာလည်း ကျုပ် ဝယ်ခဲ့တယ်။ အဘက တစ်ခါ တစ်ခါ ဆေးတံဖွာတတ်တော့ အဘအတွက် ဆေးတံသောက်ဆေးဘူးလည်း ဝယ်လိုက်သေးတယ်ဗျ။

တိုတိုပြောရရင် ကျုပ် ယူသွားတဲ့ ငွေတစ်ရာကုန်ရောဆိုပါတော့ဗျာ။ ကျုပ် ရွာပြန်ရောက်တော့ သော့ခတ်ထားတဲ့ သေတ္တာလေးကိုဖွင့်ပြီး ကြည့်လိုက်တယ်။

"ဟာ"

ကျုပ်ဖြင့်ဗျာ အံ့သြလွန်းလို့ 'ဟာ'ကနဲတောင် ထအော်မိ





တယ်။ ငွေတစ်ရာဗျ။ ဆယ်တန်ကလေး ဆယ်ရွက် ကျုပ်ယူသွားတဲ့ ပိုက်ဆံတွေဗျ။ တစ်ရွက်မှ မလွဲဘူးဗျို့။ သေတ္တာထဲ ပြန်ရောက်နေတာ။ လောကကြီး ဆန်းကြယ်လှချည်လားလို့ ကျုပ်စိတ်ထဲက ပြောလိုက်မိတယ်။ ဒါကြောင့်လည်း ဒီလိုပညာမျိုးတွေကို လူတွေ လေ့လာလိုက်စားကြတာကိုး။

ဒါပေမဲ့ ဒီအကြောင်း ကျုပ် ဘယ်သူ့ကိုမှ မပြောခဲ့ဘူးဗျ။ ဆရာစောရာမက ဒီငွေဖို့ ငွေမကလေးတွေကို ကျုပ်ကို ပေးတုန်းက အနားမှာ ကိုဘညိုကြီး ရှိနေတာလေဗျာ။

ဒီနောက်ပိုင်းမှာ ကိုဘညိုနဲ့ ကျုပ်နဲ့ တစ်ခါ နှစ်ခါ တွေ့သေးတာပဲ။ သူလည်း ဒီအကြောင်းကို တစ်ခါမှ မမေးပါဘူး။ သတိတောင် ရပုံမပေါ်ပါဘူးဗျာ။

ကျုပ်ဆိုတဲ့ကောင်က ဘာမဆို သေချာမှ ကြိုက်တာဗျ။ နောက်တစ်ခါ ကျုပ် ထပ်စမ်းကြည့်တယ်။ ဒီတစ်ခါတော့ ငွေငါးဆယ်ယူပြီး အကုန်သုံးပစ်လိုက်တယ်။ တစ်နေရာတည်းမှာ ငါးဆယ်ဖိုး မသုံးဘဲ ဆယ်နေရာလောက်ခွဲပြီး သုံးလိုက်တာဗျ။

ညရောက်တော့ ကျုပ် သေတ္တာသော့လေးကို ဖွင့်ကြည့်လိုက်တယ်။

"ဟာ"

ပြန်ရောက်နေတာပဲဗျ။ တော်တော်ကိုစွမ်းတဲ့ ပညာပဲဗျာ။ ကျုပ်ဖြင့် တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ ဒါမျိုး မြင်လည်း မမြင်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကြားလည်း မကြားဖူးဘူးဗျ။

ဒီအကြောင်းကို အိမ်က အဘနဲ့ အမေကိုတောင် ကျွန်ုပ် ပြောမပြဘူးဗျ။ နောက်တစ်ခါမှာတော့ ဆယ်တန် ဆယ်ရွက်စလုံး ယူပြီး နံပါတ်တွေ သေသေချာချာ မှတ်တယ်၊ ပြီးတော့ ပိုက်ဆံ အရွက်တိုင်းကို ခဲတံနဲ့ အမှတ်ကလေးတွေ လိုက်မှတ်ပြီးမှ ကျွန်ုပ် မြို့ကို ယူသွားတယ်။

ဒီတုန်းက ရွှေတစ်ကျပ်သားမှ သုံးရာ့ငါးဆယ်ပဲ ရှိတာ။ ကျွန်ုပ် ရွှေဆိုင်ကိုသွားပြီး တစ်မတ်သားရှိတဲ့ လက်စွပ်တစ်ကွင်း ဝယ်လိုက်တယ်။ အလျှော့တွက်ပေးရတာနဲ့ လက်ခပေးရတာနဲ့ဆို တော့ တစ်ရာကို နည်းနည်းတော့ ကျော်တာပေါ့ဗျာ။

ရွာပြန်ရောက်တော့ ငွေဖို ငွေမ သေတ္တာလေးကို ကျွန်ုပ် သော့ဖွင့်ကြည့်လိုက်တယ်။

"အို"

ပြန်ရောက်နေတာပဲဗျ။ ကျွန်ုပ် တစ်ဆယ်တန်တွေကို နံပါတ် တွေနဲ့ သေသေချာချာတိုက်ပြီး စစ်တယ်။ ကျွန်ုပ် မှတ်ထားတဲ့ အမှတ် တွေလည်း ပြန်စစ်တယ်။ ဆယ်ရွက်စလုံး ကျွန်ုပ်ပိုက်ဆံချည်းပါပဲဗျာ။

ဒီတုန်းက ဆယ်တန်ဆိုတာက အပြာရောင်ကလေးဗျ။ ဗိုလ်ချုပ်အောင်ဆန်းပုံတစ်ဖက်၊ ဒေါင်းပုံတစ်ဖက်ဗျ။

ကျွန်ုပ်ဖြင့် လက်မှာဝတ်ထားတဲ့လက်စွပ်ကို ပွတ်ကြည့်ရင်း ငိုင်သွားတယ်။ ကျွန်ုပ် မတရားလုပ်ရာ ရောက်နေပြီပေါ့ဗျာ။ ကျွန်ုပ်





ပစ္စည်းတွေ သွားဝယ်တဲ့ဆိုင်တွေက သက်သက်ဆုံးရှုံးရပြီပေါ့ဗျာ။ ငွေတွေက ကျွန်ုပ်ဆီကို အားလုံးပြန်ရောက်နေတယ်။ သူတို့ဆီက ဝယ်လာတဲ့ပစ္စည်းတွေကို ကျွန်ုပ် အလကားရတာပေါ့ဗျာ။ ဒါ ခိုးတာ ပဲလို့ ကျွန်ုပ်စိတ်ထဲမှာ ခံစားမိတယ်။ သေတ္တာထဲ ထည့်ထားတဲ့ငွေ တစ်ရာကို ကျွန်ုပ် ထုတ်ယူပြီး တခြားနေရာမှာ ထားလိုက်တယ်။

ငွေဖို ငွေမ မတ်စေ့လေး နှစ်စေ့ကို သေတ္တာထဲကယူပြီး သေတ္တာလေးကို ကျွန်ုပ် ကုတင်အောက်မှာ သိမ်းထားလိုက်တယ်။

ဝိုင်းထဲမှာ ပစ်ထားတဲ့ အုန်းမှုတ်ခွက်ကလေးတစ်ခွက်ကို ကောက်ယူပြီးတော့ ငွေဖို ငွေမကို ထည့်လိုက်တယ်။

"ဒီငွေဖို ငွေမမှာ အစောင့်ရှိတယ်ဆိုရင် ကျွန်ုပ်ကို သိသာ အောင် ခုန်ပြပါ"

လို့ ကျွန်ုပ်ပါးစပ်က ပြောလိုက်တယ်ဗျ။ မကြာပါဘူးဗျာ။

"ချွင်၊ ချွင်၊ ချွင်၊ ချွင်"

မတ်စေ့လေး နှစ်စေ့က အုန်းမှုတ်ခွက်ထဲမှာ ခုန်နေရော ဗျို့။ ကျွန်ုပ် တော်တော်ကို စိတ်မကောင်းဖြစ်သွားတယ်။ ဆရာ ဆရာမက ဝိညာဉ်အဖိုနဲ့ ဝိညာဉ်အမကို အစီရင်လုပ်ပြီး ငွေကို ပြန်ယူခိုင်းတာဗျ။ တာတေ ဒီပညာကို အရမ်းအံ့သြတယ်။ ဆရာ ဆရာမကိုလည်း တော်တော်ကို ချီးမွမ်းမိတယ်ဗျာ။ ဒါပေမဲ့ ဝိညာဉ်တွေကို တာတေ လွှတ်ပေးရမယ်။

"ငွေဖို ငွေမမှာ ဆရာတစ်ယောက်ရဲ့ အမိန့်ကြောင့် စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေကြရတဲ့ အသင်ဝိညာဉ်တို့၊ သင်တို့ကို စီရင်ခဲ့တဲ့ ဆရာဆိုတဲ့လူလည်း လူ့လောကမှာ မရှိတော့ဘူး၊ အဲဒီဆရာက သင်တို့ကို ကျုပ်လက်ထဲ လွှဲပြောင်းပေးသွားတာဖြစ်လို့ သင်တို့ကို ကျုပ် ပိုင်တယ်။ ဒါကြောင့် အခုအချိန်ကစပြီး သင်တို့ကို ကျုပ် လွှတ်ပေးလိုက်ပြီ၊ သင်တို့ သွားလိုရာကို လွတ်လွတ်လပ်လပ် သွားကြပေတော့၊ သွားကြပေတော့"

"ချွင်၊ ချွင်၊ ချွင်၊ ချွင်"

ဟာ မတ်စေ့လေးနှစ်စေ့က အုန်းမှုတ်ခွက်ထဲမှာ ထပြီး တချွင်ချွင်နဲ့ ခုန်နေတယ်ဗျ။

"ဟော ရပ်သွားပြီ"

အခုန်ရပ်သွားပြီဗျ။ သူတို့ တချွင်ချွင်နဲ့ ခုန်ပြသွားတာ ဝမ်းသာအားရဖြစ်ပြီး ကျုပ်ကို နှုတ်ဆက်သွားကြတာ ထင်တယ်ဗျို့။

ကျုပ်လည်း ယောက်ျားခေါင်းခွံထဲက ယူထားတယ်ဆိုတဲ့ မတ်စေ့လေးနဲ့ မိန်းမခေါင်းခွံထဲက ယူထားတယ်ဆိုတဲ့ မတ်စေ့လေးကိုယူပြီး ထနောင်းကုန်းသင်္ချိုင်းထဲမှာ လွှင့်ပစ်လိုက်တယ်။ ရွာထဲတော့ ကျုပ် မပစ်ရဲဘူးဗျ။ ဆရာစောရာမရဲ့ အစီအရင်က ဘာတွေဖြစ်လာမယ်ဆိုတာ ကျုပ် သိတာမဟုတ်ဘူးလေ။ ကျုပ်စိတ်ထဲမှာတော့ ပေါ့သွားတာပေါ့ဗျာ။ လက်မှာဝတ်ထားတဲ့ တစ်မတ်သားလက်စွပ်ကလေးကိုလည်း ချွတ်ပြီး အံဆွဲထဲ ပစ်ထည့်ထားလိုက်တယ်။





ကျုပ်တစ်သက်မှာတော့ စောရာမဆိုတဲ့ အောက်လမ်းဆရာကြီးကို မေ့လို့ရမှာ မဟုတ်တော့ဘူးပေါ့ဗျာ။

မဖဲဝါကိုယ်တိုင် တာတေကို ထိန်းသိမ်းထားဖို့ ပေးလိုက်တဲ့ ကိုယ်တူကိုယ်ခွဲ အရုပ်ကလေးကတော့ တာတေရဲ့ ကတ္တီပါအိတ်ရှုံ့ အနက်ကလေးထဲမှာ ငြိမ်ငြိမ်ကလေးပဲ အမြဲရှိနေတယ်ဗျ။

ဆရာစောရာမရဲ့ အဖြစ်အပျက်တွေ ဖြစ်ပျက်ပြီးလို့ ခြောက်လလောက်အကြာမှာတော့ ကျုပ်တို့ အညာမှာ နှမ်းတွေ [illegible]းချိန် ရောက်ခဲ့တာပေါ့ဗျာ။ ကျုပ်တို့ ရွာသူရွာသားတွေ အပင်[illegible]းဆုံးနဲ့ ငွေအရှင်ဆုံးအချိန်ပဲပေါ့။

အဘနဲ့ ကျုပ်နဲ့ နှမ်းသိမ်းပြီးလို့ တစ်ပတ်လောက်အကြာ[illegible]တော့ ကျုပ်လည်း ပျင်းနေတော့တာပေါ့ဗျာ။ ဒီနှစ် မိုးမှန်လို့ [illegible]တော်တော်အောင်ကြတာဗျ။ ကျုပ်တို့ရွာသားတွေလည်း ရွှင်ရွှင်[illegible]သန်း ဖြစ်နေကြတာပေါ့ဗျာ။

ကျုပ်တို့ရွာတင်မဟုတ်ပါဘူးဗျာ။ ကျုပ်တို့တစ်နယ်လုံး နှမ်း[illegible]င်ကြတာပါ။ ကျုပ်အဘနဲ့ အမေလည်း ပျော်နေကြတာပေါ့ဗျာ။

ကျုပ်ကတော့ဗျို့၊ ဝိုင်းထဲ လုပ်စရာရှိတာတွေ လုပ်နေရ[illegible]ဗျာ။ လှည်းတွေမှာ ချို့ယွင်းတာလေးတွေ ပြင်ရ ဆင်ရတယ်။ [illegible]ည်လှည်းကိုလည်း ပြန်ပြီးပြင်ရ ဆင်ရတာပေါ့ဗျာ။

ကျုပ်တို့ တောင်သူအလုပ်ဆိုတာ လုပ်စရာအလုပ်တွေက [illegible]နေတာဗျို့။ ရွှေမန်းတင်မောင်ပွဲထဲမှာ ပြောသလိုပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



'လယ်သမားဘဝ တကယ်မအားရဘူး' ဆိုတဲ့အတိုင်းပါပဲဗျာ။

ကျုပ် နွားတင်းကုတ်ထဲမှာ အလုပ်ရှုပ်နေတုန်း ဝိုင်းဝက မေးတဲ့အသံ ကြားလိုက်တယ်ဗျ။

"တာတေ ရှိလား အရီး"

"ဟေ ဘယ်သူတုံး၊ လာလေ၊ တာတေ ရှိတယ်၊ ဝိုင်းထဲမှာ အလုပ် လုပ်လို့"

"ယုန်တလင်းက စိန်မိုးပါ အရီး၊ တာတေဆီလာတာ"

ပြောရင်းဆိုရင်း ဝိုင်းထဲဝင်လာတဲ့ ကိုစိန်မိုးကို ကျုပ် နွားတင်းကုတ်ထဲကနေ လှမ်းကြည့်နေမိတယ်။ ယုန်တလင်းဆိုတာ ကျုပ်တို့ထနောင်းကုန်းနဲ့ ဝေးတယ်ဗျ။ အလယ်ရိုးမနားက ရွာတွေထဲကပေါ့ဗျာ။ အဲဒီဘက်မှာက ယုန်တလင်း၊ ထိန်ကုန်း၊ ဆင်မကညင်စု၊ ထန်းညီနောင် ဆိုတဲ့ ရွာတွေ ရှိတယ်ဗျ။ အဲဒီရွာတွေက ရိုးမတောကြီးနားမှာ ရှိတာဆိုတော့ ယာလုပ်ငန်းအပြင် သစ်ဝါးခုတ်ရောင်းတဲ့အလုပ်၊ ထင်းခုတ်ရောင်းတဲ့အလုပ်တွေပါ လုပ်ကြတာ။

"ကိုစိန်မိုး လာဗျို့၊ ကျုပ် ဒီမှာဗျ"

"ဘာတွေလုပ်နေတာတုံးကွ၊ တာတေရ"

"ရေစည်လှည်း နည်းနည်းပြင်နေတာဗျ၊ ကိုစိန်မိုးရ"

"အေး အေး ကောင်းတယ်၊ ပစ္စည်းဆိုတာ သိပ်မပျက်ခင် ပြင်တာ အကောင်းဆုံးပဲကွ၊ ငါလည်း လှည်းဘီးပြင်စရာ ရှိသေးတယ်"





"နို့ ကိုစိန်မိုး ဘယ်က လှည့်လာတာတုံး"

"ဟာ ဘယ်ကမှ လှည့်မလာဘူးကွ၊ မင်းဆီကိုပဲ တန်းလာခဲ့တာ၊ ကိစ္စလေး နည်းနည်းရှိနေလို့ကွ"

ကျုပ်က ကိုစိန်မိုးကို နဂါးဆေးပေါ့လိပ်တစ်လိပ်နဲ့ မီးခတ်ဘလေး ပေးလိုက်တယ်။ ကိုစိန်မိုးက ကျုပ် အလုပ်လုပ်နေတဲ့နေရာမှာ ဝင်ထိုင်တယ်ဗျ။ ပြီးတော့ မီးခတ်ကလေးခတ်ပြီး ဆေးလိပ်ကို မီးညှိပြီး နှစ်ဖွာ သုံးဖွာ ဆက်တိုက်ဖွာနေတယ်။

ကိုစိန်မိုးက အရပ်ရှည်ရှည်၊ ပိန်ပိန်ဗျ။ နှုတ်ခမ်းမွေး ပြားပြားကြီးကလည်း ရှိသေးဗျ။ လူကတော့ လွတ်ရိုးတာဗျို့။

"ဒီလိုကွ တာတေရ၊ ငါတို့ရွာမှာ ပြဿနာလေး နည်းနည်း ဖြစ်နေလို့ကွ၊ မင်းကို တိုင်ပင်ဖို့ လာခဲ့တာ"

"ဟင် ဟုတ်လားဗျ ကိုစိန်မိုး၊ ဘယ်လိုပြဿနာမျိုးတုံးဗျ"

"ဒီလိုဟေ့၊ ငါတို့ရွာထဲက ကိုစံရင် ဆိုတဲ့လူတစ်ယောက် ဆုံးပါးသွားတယ်ကွ၊ အဲဒီကိုစံရင် ဆိုတဲ့လူက အသက်သုံးဆယ်လောက်ရှိပြီ တာတေရ၊ အလုပ်လွတ်ကြိုးစားတဲ့လူကွ"

"နို့ ဘာရောဂါနဲ့ ဆုံးတာတုံး ကိုစိန်မိုးရဲ့"

"ဘာရောဂါနဲ့မှ မဟုတ်ဘူးကွ၊ ပိုးထိပြီး ဆုံးတာ"

"ဩော် ဖြစ်ရလေဗျာ၊ အိမ်ထောင်တွေ ဘာတွေရော ရှိသလား"

"ရှိပါပြီကော တာတေရာ၊ သူ့မိန်းမက မခင်တဲ့၊ ရုပ်ရည်



www.burmeseclassic.com

www.burmeseclassic.com



သနားကမားပဲကွ၊ သမီးလေးတစ်ယောက်လည်း ရှိတယ်၊ ငါးနှစ်သမီးလေးကွ"

"ဩော် ဖြစ်ရလေဗျာ၊ မိန်းမနဲ့ သမီးလေးတော့ ဒုက္ခရောက်တော့မှာပေါ့လေ"

"အေး အဲဒါပေါ့ တာတေရာ၊ ကိုစံရင်က သူ့မိန်းမနဲ့ သမီးလေးကို တော်တော်ချစ်တာကွ၊ သေတာကလည်း အစိမ်းသေ၊ ပြီးတော့ မိန်းမနဲ့ သမီးကိုစွဲတဲ့စိတ်ကလည်း ရှိနေတော့ သူ့ခမျာ မကျွတ်ရှာဘူးကွ"

"ဟင် ဟုတ်လား ကိုစိန်မိုးရဲ့"

"အေး . အဲဒါ သူတို့အိမ်ထဲမှာပဲ သွားလာနေတာတဲ့ဟေ့၊ ညဆိုရင်လည်း သူ့မိန်းမအိပ်တဲ့ ခြင်ထောင်ဘေးမှာ ငုတ်တုတ်ကြီးလာထိုင်နေတာတဲ့ကွ၊ သူ့သမီးနဲ့ မိန်းမကိုပဲ ထိုင်ကြည့်နေတာတဲ့၊ ဟိုတစ်ညကတော့ ကလေးက သူ့အဖေ ထိုင်နေတာကို မြင်သွားရောတဲ့ဟေ့၊ အဖေ၊ အဖေနဲ့ ခေါ်ပြီး အော်ငိုတော့တာတဲ့၊ ဒီတော့မှ တစ်အိမ်လုံး နိုးလာကြပြီး 'စံရင် နင်က ဘဝခြားသွားပြီ၊ နင်နဲ့ သက်ဆိုင်တဲ့နေရာကို သွားပေတော့၊ ကလေးကို မနှောင့်ယှက်နဲ့လို့' ကိုစံရင့်အမေက ပြောတယ်တဲ့။ အဲဒီမှာတင် သူ့ကို နှင်ထုတ်ရပ်မလားဆိုပြီး ကိုစံရင်က ထသောင်းကျန်းရောတဲ့ဟေ့။ ဟိုဟာ တွန်းချ၊ ဒီဟာ တွန်းချနဲ့ တစ်အိမ်လုံးကို ဆူညံနေတာဆိုပဲ၊ ကိုယ့်အိမ်သားဆိုပေမယ့်လို့လည်း တစ္ဆေဆိုတော့ ကြောက်ကြတာပေါ့ကွာ၊ ဝိုင်းချင်း





ကပ်လျက်ကလူတွေလည်း အသံတွေ ဆူညံနေတော့ လာကြည့်ကြတာပေါ့။ အကောင်အထည်တော့ မမြင်ရဘူး၊ အိုးတွေ တွန်းချ၊ ပန်းကန်တွေ တွန်းချ၊ ဖျာလိပ်တွေ လှဲချ လုပ်နေတာတွေတော့ မြင်နေ ကြားနေရတာပေါ့လေ၊ မနက်မိုးလင်းတော့ ဒီသတင်းက တစ်ရွာလုံးကို ပျံ့သွားတာပေါ့ကွာ။

ဟိုက သတင်းလာမေး၊ ဒီက သတင်းလာမေးနဲ့ ကာယကံရှင်တွလည်း တော်တော်ကို စိတ်ညစ်ကြတာပေါ့၊ ဒါနဲ့ပဲ ရွာဦးကျောင်းသွားပြီး ဆရာတော်ကို အကျိုးအကြောင်းလျှောက်တော့ ဆရာတော်နဲ့ ဘုန်းကြီးတွေ ကြွလာပြီး ပရိတ်ရွတ်တယ်။ ပြီးတော့ ကိုစံရင်ကို ရည်စူးပြီး တရားဟောတယ်ကွ။ ဘဝခြားသွားပြီဆိုတော့ ဒီမှာ စွဲလန်းမနေဘဲ ကိုယ်နဲ့ဆိုင်ရာ ဆိုင်ရာကို သွားဖို့တွေ ပြောတာပေါ့ကွာ။

အဲဒီမှာတင် အခြေအနေတွေက အရမ်းဆိုးသွားတာဟေ့ တာတေရေ"

"ဟင် ဘယ်လိုဖြစ်လို့တုံးဗျ"

"ဟာ မပြောပါနဲ့တော့ကွာ၊ ထုတ်တန်းပေါ်ကနေ ကြမ်းပြင်ကို ခုန်ချလိုက်တာ 'အုန်း'ကနဲကိုနေတာပဲဟေ့။

ဘုန်းကြီးတွေရော လူတွေရော လန့်ပြီး အိမ်ပေါ်က ဆင်းပြေးလိုက်တာ ကျွက်ကျွက်ကိုညံသွားတာဟေ့"

"ဟာ တော်တော်ကို ဆိုးနေတာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒီကတည်းက ဘယ်ဘုန်းကြီးမှလည်း ပင့်လို့မရတော့ဘူးဟေ့"

"အို အဲဒီတော့ ဘာတွေထပ်ဖြစ်တုံးဗျ"

"ကိုစံရင်တို့အိမ်သားတွေ အဲဒီမှာ မနေရဲတော့ဘဲ တခြားအိမ်ကို ပြောင်းပြေးရတာပေါ့ကွာ"

"အဲဒီတော့ အေးသွားရောလားဗျ"

"ဘယ်ကလာ အေးမှာတုံး တာတေရာ၊ ညဆိုရင် သူ့မိန်းမနဲ့ ကလေးကို လိုက်ရှာနေပုံရတယ်ကွ၊ ရွာထဲမှာ ခွေးတွေ ထိုးထိုးဟောင်တဲ့အသံတွေ တစ်ရွာလုံး ကြားနေတယ်ကွ၊ ရွာထဲကလူတွေလည်း ကြောက်လန့်ကုန်တာပေါ့ကွာ၊ ကိုယ့်ဝိုင်းထဲမှာ ခွေးဟောင်သံကြားရင် ဝိုင်းထဲကို တစ္ဆေရောက်နေပြီလား ဆိုပြီး မအိပ်ရဲကြတော့ဘူးဟေ့"

"ဟာ တစ်ရွာလုံးကို လျှောက်မွှေနေတော့တာပေါ့ ကိုစိန်မိုးရာ"

"အေးကွာ၊ လူတွေရဲ့ စွဲလန်းတဲ့စိတ်ဆိုတာ တယ်လည်း ကြောက်စရာကောင်းပါလားကွာ၊ တစ္ဆေဘဝကို ရောက်တဲ့အထိကို စွဲလန်းကြကာကလား တာတေရာ"

"နောက်ဆုံးတော့ တောကြီးတစ္ဆေကို တင်မြှောက်ပြီး သွားနိုင်းရတာပေါ့ကွာ"

"ဗျာ... ဘယ်လို၊ ဘယ်လို ကိုစိန်မိုး၊ တောကြီးတစ္ဆေ





ဟုတ်လားဗျ၊ ဘယ်လိုဟာတုံးဗျ"

"ဪ မင်းက တို့ရွာတွေရဲ့ ဓလေ့ကို မသိသေးဘူးကိုကွ"

"ပြောပါဦး ကိုစိန်မိုးရဲ့၊ ခင်ဗျားပြောတဲ့ တောကြီးတစ္ဆေ အကြောင်း"

"ငါတို့ရွာတွေက ရိုးမတောကြီးတွေနားမှာ ရှိနေတာဆိုတော့ တောတက်တဲ့အခါ တောကြီးထဲမှာနေတဲ့ တစ္ဆေသရဲတွေရဲ့ ခြောက်တာလှန့်တာ မကြာခဏ ခံကြရတာကွ တာတေရဲ့"

"ဟင် ဟုတ်လား ကိုစိန်မိုး"

"ဟာ ဟုတ်ပါပြီလား တာတေရာ၊ တောခြောက်တယ်ဆိုတာ လွတ်ကြောက်စရာကောင်းတာကွ၊ တောထဲမှာ ကြောက်စရာကောင်းတဲ့ အသံကြီးတွေ ဟိုကပေါ်လာ၊ ဒီကပေါ်လာကွ၊ တောတက်တဲ့လူတွေဆိုတာ ဘယ်ပြေးလို့ ပြေးရမှန်းကို မသိတော့တာ၊ ဒီတော့ တောမတက်ခင် တောထဲက တစ္ဆေတွေကို အုပ်ချုပ်တဲ့ တစ္ဆေကြီးကို ပင့်ဖိတ်ပြီး တင်မြှောက်ကြတယ်။ တောထဲဝင်ပြီး အလုပ်လုပ်တဲ့အချိန်မှာ အန္တရာယ်မရှိအောင် ကာကွယ်ပေးဖို့၊ တစ္ဆေ သရဲတွေရဲ့ ခြောက်တာ လှန့်တာကို ကာကွယ်ပေးဖို့ပေါ့ကွာ၊ အဲဒီလို တင်မြှောက်ပြီးမှ တောတက်ရင် ဘာအန္တရာယ်မှ မကြုံဘဲ ပျော်ပျော်ပါးပါး အလုပ်လုပ်လို့ ရကြတယ်ဆိုပဲ။ အဲဒီလူတွေ တင်ကြမြှောက်ကြတဲ့ တစ္ဆေ အချုပ်ကြီးကို တောကြီးတစ္ဆေလို့ ခေါ်ကြတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဒီလိုလား"

"အေး နောက်ကျတော့ ရပ်ထဲရွာထဲမှာ တစ္ဆေ သရဲခြောက်တာ လှန့်တာရှိရင် တောထဲဝင်ပြီး တောကြီးတစ္ဆေကို ပင့်ဖိတ်ပြီး အကျိုးအကြောင်းတွေ ပြောပြလိုက်ရင် တောကြီးတစ္ဆေက ရွာထဲဝင်ပြီး ခြောက်လှန့်နေတဲ့ တစ္ဆေကို တောထဲ ခေါ်သွားတာကွ"

"ဟင် ဟုတ်လား ကိုစိန်မိုး၊ ဒါဆိုရင် ခင်ဗျားတို့ရွာတွေမှာ တောကြီးတစ္ဆေက တော်တော်ကို အရေးပါတဲ့နေရာမှာ ရှိတာပေါ့"

"လူတစ်ယောက်သေလို့ မကျွတ်မလွတ်ဘဲ အိမ်မှာခြောက်လှန့်နေရင် တောကြီးတစ္ဆေကိုသွားပြီး တင်ကြမြှောက်ကြ လုပ်လိုက်ရင် အိမ်မှာ ခြောက်လှန့်နေတဲ့ တစ္ဆေပျောက်သွားရောဟေ့"

"တောကြီးတစ္ဆေ ခေါ်သွားတယ်လို့ပဲ ပြောကြမှာပေါ့ဗျာ"

"အေးပေါ့ တာတေရ၊ ဟုတ်လည်း ဟုတ်လောက်တယ်ကွ၊ မင်းနှယ် တစ်ခါတလေများဆိုရင် ရွာထဲက တစ္ဆေက တောကြီးတစ္ဆေနောက်ကို ကောင်းကောင်းလိုက်မသွားဘဲ ရွာထဲမှာ လှည့်ပတ်ပုန်းနေတာကွ၊ အဲဒီလိုအခါဆိုရင် တောကြီးတစ္ဆေကလိုက်၊ ဟိုတစ္ဆေကပြေးနဲ့ ရွာထဲမှာ ခွေးတွေက လိုက်ပြီးဟောင်ကြတာ တကယ်ကို ခြောက်ခြားစရာကြီးကွာ၊ နောက်တော့လည်း ပါသွားရော ထင်ပါရဲ့ တိတ်သွားတာပါပဲ"

"နို့ နေပါဦး ကိုစိန်မိုးရဲ့၊ ကိုစိန်ရင်က သူ့သမီးနဲ့ မယားကို ခွဲလန်းပြီး တစ္ဆေဖြစ်နေတာ ဘုန်းကြီးတွေနဲ့ နှင်လို့လည်း မရတော့





ဘူးဆိုတော့ တောကြီးတစ္ဆေကို မခေါ်ခိုင်းဘူးလားဗျ"

"အေး. . . ဒီလိုကွ တာတေရ၊ ပထမတော့ ဒါမျိုးဖြစ်လာရင် ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်ကြတာပေါ့ကွာ၊ သိမ်သိမ်မွေ့မွေ့ ချောမော့ပြီး နှင်ထုတ်ကြည့်ကြတာပေါ့၊ အဲဒီအဆင့်မှာ တော်တော်များများက ကျွတ်သွားကြတာပါပဲ။ တစ်ယောက်တလေသာ အခုလို ကြုံရတာပါ၊ အစွဲအလန်း သိပ်ကြီးလွန်းလို့ ထင်ပါရဲ့ကွာ၊ တောကြီးတစ္ဆေကတော့ ရိုက်ပုတ်ပြီး ခေါ်သွားတာဆိုတော့ ဘယ်လိုလုပ်လို့မှ မရတဲ့အဆုံးမှာ လုပ်ရတာကွ၊ ကိုယ့်အိမ်သားတစ်ယောက်ကို တောကြီးတစ္ဆေလက်ကို ဘယ်သူမှ မအပ်ချင်ကြဘူး၊ မဖြစ်တော့တဲ့အဆုံးကျမှ အပ်ရတာ"

"ဒါဆိုရင် ကိုစံရင်တစ္ဆေကို တောကြီးတစ္ဆေဆီ မအပ်သေးဘူးပေါ့"

"ဟာ အပ်ပြီးပြီကွ၊ တောကြီးတစ္ဆေ ပင့်နေကျ အဘိုးကြီးတစ်ယောက် တို့ရွာမှာရှိတယ်၊ ဒီဘိုးတော်က တောကြီးတစ္ဆေပင့်တာ လွှတ်တော်တာကွ၊ သူပင့်ရင် တောကြီးတစ္ဆေက တန်းကြွတာကွ၊ ပြီးတော့ သူ့ကို တင်မြှောက်တဲ့ အရက်နဲ့ ကြက်ကြော်ကိုလည်း တုန်အောင်စားတာဆိုပဲ။ အခု အဲဒီဘိုးတော်ကြီးကိုယ်တိုင် အရက်နဲ့ ကြက်ကြော် တင်မြှောက်ပြီး တောကြီးတစ္ဆေကိုပင့်ပြီး ကိုစံရင်တစ္ဆေကို အပ်တာပဲကွ"

"အဲဒီတော့ ငြိမ်မသွားဘူးလား ကိုစိန်မိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် မင်းဆီ လာတိုင်ပင်ရတာပေါ့ တာတေရ"

"ဟင် ဘယ်လိုဖြစ်လို့တုံးဗျ"

"တောကြီးတခွေ ပင့်လိုက်မှ ပိုဆိုးနေလို့ဟေ့"

"ညညဆိုရင် ကိုစံရင်တို့အိမ်မှာ ဝုန်းဒိုင်းကို ကြနေတာဟေ့၊ အိမ်ဆိုတာ သွက်သွက်ကို ခါနေတာ၊ ဘာတွေဖြစ်နေလဲတော့ မသိဘူးကွ၊ အရင်တုန်းက ဒါမျိုး တို့ရွာမှာ မဖြစ်ဖူးပါဘူးကွာ၊ ရွာထဲမှာလည်း ခွေးတွေအူတာ ညတိုင်းပါပဲကွာ၊ ကိုစံရင်တို့အိမ်မှာလည်း လူမနေဝံ့တော့ တံခါးပိတ်ထားရတာ၊ အဲဒါကို အိမ်ကြီးသွက်သွက်ခါအောင် တဝုန်းဝုန်း တဒိုင်းဒိုင်း ဖြစ်နေတာကွ"

"ဟာ ဘာတွေဖြစ်နေပါလိမ့်"

"အေး ငါတို့လည်း ဘာမှမလုပ်တတ်ကြတော့ဘူးကွ၊ ဒါကြောင့် မင်းနဲ့ လာပြီးတိုင်ပင်တာကွ"

"ဒီအတိုင်းဆိုရင်တော့ ကိုစိန်မိုးရေ ခင်ဗျားပြောတဲ့ကိစ္စက သိပ်တော့လွယ်မယ် မထင်ဘူးဗျ"

"ဘာဖြစ်လို့တုံး တာတေရ"

"ကိုစိန်မိုး စဉ်းစားလေဗျာ၊ ဘုန်းကြီးတွေလည်း ဟောပြောပြီး ပရိတ်တွေ ရွတ်ပြီးပြီ၊ ခင်ဗျားတို့နယ်က အမြဲလို တင်မြှောက်နေကြတဲ့ တောကြီးတခွေကိုလည်း ပင့်ဖိတ်ပြီး ခေါ်သွားခိုင်းပြီးပြီ၊ အခြေအနေက ပိုပိုဆိုးလာနေတယ်မို့လားဗျ"

"အေး ဟုတ်တော့ ဟုတ်သားကွ၊ ဒါဆိုရင် မင်း ဘယ်လို





သဘောရတုံး တာတေ"

"အဲဒါကို ကျုပ် စဉ်းစားနေတာပဲ ကိုစိန်မိုးရ"

"အေး ငါ့သဘောပြောရရင်တော့ မင်းကို ပင့်သွားချင်တာကွ"

"ဗျာ ကျုပ်ကို ပင့်သွားမယ်၊ ဟာ မဟုတ်တာ ကိုစိန်မိုးရယ်၊ ကျုပ်က ဆရာမှ မဟုတ်တာ၊ ခေါ်သွားချင်တယ်လို့ ပြောပါဗျာ"

"မင်းကသာ ဆရာမဟုတ်ဘူး ငြင်းနေတာ၊ ဒီနယ်တစ်ဝိုက်မှာတော့ မင်းကို မဖဲဝါ စောင့်ရှောက်တဲ့သတင်းက ကျော်ထွက်နေပါ့ မောင်ရာ"

"ကျုပ်ကိုက လူတွေကို ကူညီချင်တာကိုး ကိုစိန်မိုးရဲ့၊ ဒီကိစ္စအားလုံးဟာ အဲဒီက စခဲ့တာပါပဲဗျာ"

"အခုလည်း ငါနဲ့ ရွာကို လိုက်နိုင်ရင် သိပ်ကောင်းမှာပေါ့ တာတေရာ"

ကျုပ် စဉ်းစားတယ်။ ယုန်တလင်းကိုလိုက်ရင် တစ်ညကတော့ အိပ်ရမှာဗျ။ ပြီးတော့ သူတို့ရွာတွေက ကျုပ်အရောက်အပေါက်နည်းတဲ့ရွာတွေဗျ။ ကျုပ်နဲ့စိမ်းတယ်။ ကိုစိန်မိုးကလည်း အဝေးကြီးကနေ အားကိုးတကြီး လာခဲ့ရှာတာ။ နောက်တစ်ခုကတော့ မဖဲဝါရဲ့ ကိုယ်တူကိုယ်ခွဲ အရုပ်ကလေးကို စမ်းပြီးသုံးကြည့်ချင်နေတာဗျို့။

"ကဲ ကိုစိန်မိုး၊ ကျုပ် လိုက်ခဲ့မယ်ဗျာ၊ ခင်ဗျားတို့ရွာကို ကုန်းကြောင်းသွားရင် ဘယ်လောက်လျှောက်ရမှာတုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ တာတေ၊ ကုန်းကြောင်းလျှောက်ဖို့ မလိုဘူးလေကွာ၊ ငါ့မှာ လှည်းပါလာတယ်"

"ဟင် ဘယ်မှာတုံး၊ ခင်ဗျားလှည်း"

"မင်း ရှိလား၊ မရှိလား မသိလို့ လှည်းကို ဘန့်ဘွေးကုန်းက ငါတို့ဘထွေး ဦးစံပအိမ်မှာ ထားခဲ့တာကွ"

"ဩော် ဒီလိုလား၊ ဒါဆိုရင် ဒီက ထမင်းစားပြီးလောက် သွားကြတာပေါ့ဗျာ"

"ဟာ ခုမှ မနက်ကိုးနာရီပဲ ရှိသေးတာ၊ ဟိုရောက်မှ စားပါကွ တာတေရ၊ ငါ့အမေက မင်းတစ်ပါတည်း ပါလာရင် စားဖို့ဆိုပြီး ချက်ပြုတ်ထားမှာကွ၊ မွန်းတည့်လောက်ဆိုရင် ငါတို့ရွာရောက်မှာပဲ"

"ကဲ ဒါဆိုလည်း ကျုပ် အဘနဲ့ အမေ့ကို သွားပြောလိုက်ဦးမယ်၊ ပြီးတော့ ကျုပ် ယူစရာကလေးတွေလည်း ယူလိုက်ဦးမယ်"

"အေး အေး ယူပါ၊ ယူပါ၊ ငါ ဒီကပဲ စောင့်နေပါ့မယ်"

ကိုစိန်မိုးက အဘတို့ အမေတို့နဲ့ မသိဘူးဗျ၊ ကျုပ်နဲ့သာ သိတာ။ ကျုပ်တို့ရွာ ရွှေတောင်ဦးဘုရားပွဲဆိုရင် လာနေကျဗျ။

ကိုးနာရီခွဲတော့ ဘန့်ဘွေးကုန်းကနေ လှည်းစထွက်လာပြီဗျ။ ကိုစိန်မိုးက လှည်းမောင်း တော်တော်ကောင်းတဲ့လူပဲဗျ။

"ဟဲ့နွား၊ တယ် ဒီနွား၊ ဟဲ့ ဘယ်ကဂ်ဆွဲနေပြန်တာတုံး၊ ဟာ ဟိုနညိုကြီး၊ တောက်"

လှည်းဆိုတာ ရိပ်ကနဲ ရိပ်ကနဲနေအောင် ပြေးတာဗျို့။





မွန်းတည့်တာနဲ့ ယုန်တလင်းရောက်ရောဗျာ၊ ကိုစိန်မိုးက သူတို့ဝိုင်းထဲ တန်းဝင်တာဗျ။

"ဟာ စိန်မိုးတောင် ပြန်လာပြီဟေ့၊ တာတေလည်း ပါလာတာပဲ၊ ဟဲ့ ပုကြည်တို့ ထမင်းပွဲ ပြင်ကြဟဲ့၊ အချိန်တောင် အတော်ရှိနေပြီ၊ နင့်အစ်ကိုကြီးရော ဧည့်သည်ရော ဆာလှရော့မယ်၊ လှည်းလည်း တစ်လမ်းလုံး ခုန်နေတာဟဲ့"

ကိုစိန်မိုး လှည်းရပ်လိုက်တာနဲ့ သူ့ညီ စိန်တိုးက နွားစာစဉ်းနေရာကနေ ပြေးထွက်လာပြီး လှည်းကြိုး ဆွဲတယ်ဗျ။

"ကိုတာတေ ပါမှလာပါ့မလားလို့ ကျုပ်က ပူနေတာဗျ"

"အခုရက်က အလုပ်တွေ ပြီးသွားပြီကွ၊ စိန်တိုးရ၊ ငါ အားနေတာ တစ်ပတ်လောက် ရှိပြီလေ"

"တော်သေးရောဗျာ၊ ဒီရွာမှာကတော့ ညညဆိုရင် ပြောင်းဆန်နေတာဗျို့၊ တောကြီးတစ္ဆေတောင် မနိုင်သလို ဖြစ်နေတာဗျ"

"ကဲ စိန်တိုး၊ နွားတွေ မင်းပဲဖြုတ်လိုက်ကော့၊ ငါ တာတေ့ကို ထမင်းကျွေးလိုက်ဦးမယ်၊ ငါလည်း ဆာတာ အူလိမ်နေပြီကွ"

"သွား သွား၊ ကိုကြီးစိန်မိုး၊ ကျုပ် လုပ်လိုက်မယ်"

ကျုပ်အိမ်ပေါ်ရောက်တော့ ကိုစိန်မိုး အဘရော အမေရောက ကျုပ်ကို လှိုက်လှိုက်လှဲလှဲကို နေရာထိုင်ခင်းပေးကြတာဗျို့။

"မောင်တာတေဆိုတာ အငယ်ကလေး ရှိသေးတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်မိုးအဘက ကျုပ်ကို သေသေချာချာကြည့်ပြီး ပြောတယ်ဗျ။

"လူသာ ဗယ်တာ ကိုရင်ရေ မောင်တာတေက ပညာတော့ တော်တော်ထက်တာ၊ သူ့သတင်းတွေ ကျုပ်တို့ ကြားနေတာ ကြာပေါ့၊ အခုမှသာ လူကိုမြင်ဖူးတာ၊ ကိုရင့်သား စိန်မိုးတို့ စိန်တိုးတို့နဲ့ မောင်တာတေနဲ့က လူခင်တွေတော့၊ ဒါကြောင့် စိန်မိုးက မောင်တာတေဆီကို တန်းပြေးတော့တာ ကိုရင်ရေ"

"ဩော် ဒီလိုလား၊ အေး အေး၊ မောင်တာတေရေ၊ ကျုပ်တို့လည်း ဒါမျိုး တစ်ခါမှ မကြုံဖူးပါဘူးကွယ်၊ ရွာထဲမယ် မကျွတ်မလွတ်တဲ့သူမျိုးရှိရင် အလှူအတန်း လုပ်ပေးတာပါပဲ၊ အဲဒါမှ မရရင်တော့ တောကြီးတစ္ဆေပင့်ပြီး အပ်လိုက်ကြတာပေါ့ကွာ၊ အခုဟာက ဘာလုပ်လို့မှကို မရတာကွဲ့၊ ကျုပ်က တွေးကြည့်တယ်၊ သူတို့ထင်သလို စံရင်တစ္ဆေရော ဟုတ်ရဲ့လားလို့ပေါ့။

တခြားက အကောင်တစ်ကောင်ကောင်များ ရောက်နေတာလားလို့ပေါ့ကွယ်"

"ကိုရင်ရယ် အတွေးကလည်း တယ်လွန်တာကိုး၊ စံရင်မှ စံရင်ပါတော်၊ သူ့သမီးလေးမျက်စိနဲ့ကို တပ်အပ်မြင်တာတဲ့တော်၊ ကလေးက 'အဖေ၊ အဖေ' ဆိုပြီး ထလိုက်လို့ မယ်ခ ခမျာ မနည်းကို ဆွဲထားရတယ်ဆိုပဲတော့"

ကိုစိန်မိုးရဲ့အဘက အသားညိုညို အရပ်ရှည်ရှည် နှုတ်ခမ်း





မွေးကြီးနဲ့ဗျ။ လူပုံကတော့ တော်တော်ကို ရိုးမယ့်ပုံပါဗျာ။ ကိုစိန်မိုးအမေကတော့ အရပ်ပုပု၊ အသားလတ်လတ်ဗျ။ နှစ်ယောက်စလုံး အသက်ခြောက်ဆယ်ဝန်းကျင်လောက် ရှိရော့မယ်၊ နာမည်တွေတော့ ကျုပ် မသိဘူးဗျ။

"ကဲ လာဟေ့ တာတေ၊ ထမင်းပွဲ ပြင်ပြီးပြီကွ"

ကိုစိန်မိုးရော ကျုပ်ရော ဆာဆာနဲ့ စားလိုက်ကြတာဗျာ။ ကြက်သားလေး ချက်ထားတာကလည်း ကောင်းပါ့ဗျာ။ ငြုပ်ပွသီးကို ရှမ်းချဉ်သီးနဲ့ စိမ်းစားငါးပိလေးရောပြီး ထောင်းထားတာကလည်း တော်တော်စားကောင်းတာဗျို့။

ထမင်းစားပြီးတော့ ကျုပ်က ပါလာတဲ့ နဂါးဆေးပေါ့လိပ်လေး ထိုင်ဖွာနေတယ်ဗျ။ ကိုစိန်မိုးကတော့ ရေနွေးကြမ်းသောက်နေတယ်။ ထန်းလျက်ခဲရော၊ လက်ဖက်သုတ်ရော၊ အမဲခြောက်ဖုတ်ဆီဆမ်းရော မြည်းစရာကလည်း အစုံဗျာ။

"ကိုတာတေ၊ ဒီမှာ ကိုတာတေကို တွေ့ချင်လို့တဲ့ဗျို့"

စိန်တိုးက ဝိုင်းထဲက လှမ်းအော်ပြောတယ်၊ ဘယ်သူတွေလဲကွ၊ အိမ်ပေါ်တက်ခဲ့ကြလေ။ အသက်ခြောက်ဆယ်ကျော် ဘိုးတော်တစ်ယောက်နဲ့ ဘွားတော်တစ်ယောက်ဗျ။ သူတို့နောက်က အသက်သုံးဆယ်လောက် အမျိုးသမီးတစ်ယောက်နဲ့ အသက်ငါးနှစ်လောက်ရှိတဲ့ ကလေးမလေးတစ်ယောက်ဗျ။

"ဟာ လာကြ၊ လာကြ၊ ဘထွေး ဖိုးကွန်းတို့ အရဲမြတို့"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်မိုးက ခရီးဦးကြိုပြုတယ်ဗျ။

"မောင်တာတေ၊ ဒါ စံရင်ရဲ့ အဖေနဲ့ အမေပဲကွဲ့၊ ဟိုက စံရင်ရဲ့ မိန်းမနဲ့ သမီးကွ"

"ဪ ဟုတ်လား၊ ကျုပ်က ထနောင်းကုန်းကပါ၊ တာတေပါဗျာ၊ ကျုပ်က ဆရာ မဟုတ်ပါဘူး၊ အထက်လမ်းတို့ အောက်လမ်းတို့ ဘာပညာမှ ကျုပ် မတတ်ပါဘူးဗျာ၊ ဒါပေမဲ့ ဒီကိစ္စမျိုးတွေမှာ ကျုပ် ကူညီနိုင်ပါတယ်"

"ဝမ်းသာလိုက်တာ လူလေးရယ်၊ အရီးတို့လည်း အိမ်မှာ နေလို့ မရအောင်ကို ဖြစ်နေတာပါကွယ်၊ ဒီလိုအချိန်ဆိုရင် ဘာမှ မဖြစ်သလို ငြိမ်နေတာကွဲ့၊ ည ညဉ့်နက်တော့မှ ဝုန်းဒိုင်းဆန်နေတော့တာ၊ ဘာတွေဖြစ်နေမှန်းကို မသိတော့တာပါ မောင်တာတေရယ်"

"ကျုပ် ဒီည လုပ်ပေးပါ့မယ် အရီး၊ ဒီကိစ္စပြီးရင်တော့ ကိုစံရင်ကို ဆွမ်းတစ်ကြိမ် ထပ်သွတ်ပေးလိုက်ပါဗျာ"

"ဟာ လုပ်ပေးပါ့မယ်ကွယ် လုပ်ပေးပါ့မယ်"

ကိုစံရင်ရဲ့ အဖေက ဝင်ပြောတာဗျ။ ညနေစောင်းလောက်ကျမှ သူတို့မိသားစုတွေ ပြန်သွားကြတာဗျို့။ လောလောဆယ်တော့ ရွာတောင်ပိုင်းက အမျိုးတွေအိမ်မှာ တက်နေကြရတာဆိုပဲ။

ညဆယ့်နှစ်နာရီလောက်ရောက်တော့ ကိုစိန်မိုးညီ စိန်တိုး ဝိုင်းထဲကို ပြေးဝင်လာတယ်။





"ကိုတာတေရေ၊ ဟိုအိမ်ကြီးမှာတော့ ဝုန်းဆန်နေပြီဗျို့"

"ဟေ ဟုတ်လားကွ၊ စိန်တိုး၊ ကဲ ဒါဆိုရင် သွားကြစို့ ကိုစိန်မိုးရေ"

ကျုပ်က မျက်ကွင်းဆေးကို အဆင်သင့် ကွင်းပြီးသားဗျ။ ကျုပ်မှာ လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းလွယ်ထားတယ်။

ယုန်တလင်းက ရွာတော့ကြီးသားဗျို့။ ရွာရှေ့ပိုင်းကို ရောက်တယ်ဆိုကတည်းက အသံတွေ ကြားနေရတော့တာပါပဲဗျာ။

"ဝုန်း၊ ဘုန်း၊ ဘုန်း၊ ဝုန်း"

ကျုပ်တို့ဝိုင်းထဲရောက်တော့ သေသေချာချာ တွေ့ရပြီပေါ့ဗျာ။

"ကျွီ၊ ကျွီ၊ ကျွီ၊ ကျွီ၊ ဝုန်း"

ဟာ အိမ်ကြီးပါ လှုပ်ခါနေပါလား။ ကျုပ်တောင် လန့်သွားတယ်ဗျာ။

"ကဲ ကိုစိန်မိုးတို့ ဒီမှာနေခဲ့ကြ၊ ကျုပ် အိမ်ထဲကို ဝင်ကြည့်လိုက်မယ်"

ကျုပ်က ပြောပြောဆိုဆို စိန်တိုးလက်ထဲက မာတ်မီးကို ဆွဲယူပြီး အိမ်ပေါ်တက်ခဲ့တယ်ဗျ။

"ဝုန်း၊ ဝုန်း၊ ကျွီ၊ ကျွီ၊ ကျွီ"

အိုး ကြမ်းပြင်ကို ခြေထောက်နဲ့ ဆောင့်နင်းတဲ့အသံဗျ၊ အိမ်ကို သွက်သွက်ခါသွားတာ၊ အိမ်ပေါ်ထပ်ကလာတဲ့ အသံတွေဗျ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အိမ်ပေါ်ထပ်ကို တက်လာခဲ့တယ်။

ဟာ တွေ့ပြီဗျို့။ ဓာတ်မီးက အလင်းရောင်အောက်မှာ တောကြီးတစ္ဆေ ဆိုတာကို ကျုပ် တွေ့ပြီဗျို့။ ဘုရား၊ ဘုရား။ နည်းတဲ့ အကောင်ကြီးမှ မဟုတ်တာဗျာ။ တစ်ကိုယ်လုံး မည်းနက်နေတာဗျ ဘာအဝတ်အစားမှ မပါဘူး။ အမွေးအမျှင်တွေ တစ်ကိုယ်လုံးမှာ ဖုံးနေတာ၊ နားရွက်ကြီး တစ်ဖက် တစ်ဖက်က ဆင်နားရွက်ကြီးတွေ လိုပဲဗျ။ တဖျတ်ဖျတ်ခတ်နေတာ။ ကိုယ်လုံးက ရေတိုင်ကီ သုံးလုံးစာ လောက်ရှိတယ်။ ခြေထောက်ကြီးတွေကလည်း အကြီးကြီးတွေပါဗျာ။ နီရဲနေတဲ့ မျက်လုံးကြီးတွေက လက်ဖက်ရည် ပန်းကန်ပြားအဝိုင်း လောက်ရှိတယ်။ နီရဲနေတာဗျို့။

တစ္ဆေကိုစံရင်က အိမ်လယ်တိုင်ကို ဖက်ထားတာဗျို့။ နည်းနည်းမှကို မလွှတ်ဘူးဗျ။ တောကြီးတစ္ဆေက တစ္ဆေကိုစံရင်ကို အတင်းဆွဲပြီး ခေါ်နေတာဗျ။ ဘယ်လိုခေါ်လို့မှ မရဘူး။ တစ္ဆေ ကိုစံရင်က တိုင်ကိုဖက်ထားတဲ့ လက်နှစ်ဖက်ကို တောကြီးတစ္ဆေ ဖြည်လို့ကို မရတာဗျ။

တစ္ဆေကိုစံရင်ကို တောကြီးတစ္ဆေက ခြေထောက်နဲ့ကန်တယ် ကျောကုန်းကို သူ့လက်ကြီးနဲ့ ရိုက်တယ်။ အိမ်ကြီးဆိုတာ သိမ့်သိမ့်ခါ နေတာဗျို့။ ဒါပေမဲ့ တစ္ဆေကိုစံရင်က ဘာမှမဖြစ်သလိုပဲဗျ။

ကျုပ် ချက်ချင်းသဘောပေါက်တယ်။ ကိုစံရင် ပြုခဲ့တဲ့ ကုသိုလ်ကံတွေကြောင့် တောကြီးတစ္ဆေ လုပ်လို့မရ ဖြစ်နေတာဗျ





ကိုစံရင်က သူ့သမီးနဲ့ မိန်းမကို စွဲလန်းသွားလို့သာ တစ္ဆေဖြစ်နေတာ ဖြစ်မယ်။

တောကြီးတစ္ဆေက ကျုပ်ကို မျက်လုံးနီနီကြီးတွေနဲ့ စိုက်ကြည့်နေတယ်။ တစ္ဆေကိုစံရင်ကလည်း တိုင်ကို ဖက်ထားလျက်နဲ့ ကျုပ်ကို လှမ်းကြည့်တယ်။

ကျုပ်က ကတ္တီပါအိတ်အနက်ကလေးထဲက မဖဲဝါရဲ့ ကိုယ်တွကိုယ်ခွဲ ရုပ်ကလေးကို ထုတ်ယူပြီး မဖဲဝါကို ပင့်လိုက်တယ်။

"သချိုင်းရှင်မ မဖဲဝါဗျာ၊ တာတေက ပင့်ပါတယ်၊ အခုချက် ချင်း ကြွပါခင်ဗျာ"

ဟော လှုပ်တယ်ဗျို့။ လှုပ်တယ်။ ကျုပ်လက်ထဲက မဖဲဝါရဲ့ ပုံစံတူ ကိုယ်ခွဲရုပ်ကလေးက လှုပ်နေတယ်။ ကျုပ်က မဖဲဝါရုပ် ကလေးကို တောကြီးတစ္ဆေမြင်အောင် ပြလိုက်တယ်။

ဟာ အံ့ဩစရာဗျာ။ တောကြီးတစ္ဆေလို့ခေါ်တဲ့ တစ္ဆေရိုင်း ကြီးက ချက်ချင်း ကြမ်းပြင်မှာ ဒူးထောက်လိုက်တယ်ဗျ။ ဟာ တစ္ဆေ ကိုစံရင်လည်း ဒူးထောက်နေတယ်ဗျို့။

"တောကြီးတစ္ဆေ ဒီတစ္ဆေကိုစံရင်ဟာ သားမယားကိုစွဲတဲ့ စိတ်ကြောင့် မေ့လျော့ပြီး တစ္ဆေဖြစ်နေတာ၊ သူပြုခဲ့တဲ့ကံက သင့် ထက်မြင့်တယ်၊ ဒါကြောင့် သူ့ကို သင်"ဘယ်လိုမှ နှိပ်စက်လို့ မရနိုင် ဘူး၊ သချိုင်းရှင်မ မဖဲဝါရဲ့အမိန့်၊ သင် အခုချက်ချင်း ဒီနေရာကနေ သင်နေတဲ့ တောထဲကို ပြန်ပေတော့။ ဒီတစ္ဆေကိစ္စကို ကျုပ် တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ယူတယ်၊ ဒါဟာ မဖဲဝါရဲ့ အမိန့်"

ဟာ အစွမ်းထက်လှချည်လားဗျာ။ ကြောက်စရာကောင်းတဲ့ တောကြီးတစ္ဆေကောင်ကြီးက ဆံပင်ဖားလျားကြီးနဲ့ လေ့ကားက ဆင်းသွားလေရဲ့။

"ဒုန်း၊ ဒုန်း၊ ဒုန်း"

ခြေသံကြီးကို အတိုင်းသား ကြားနေရတယ်ဗျ။

"ကဲ ကိုစံရင် ခင်ဗျားက သေပြီးသွားပြီ၊ ဘဝခြားသွားပြီ၊ ခင်ဗျား သားမယားအပေါ်မှာထားတဲ့ သံယောဇဉ်ကိုဖြတ်ပြီး ခင်ဗျား ဘဝကူးရတော့မယ်"

ကျုပ်ပြောတာကို တစ္ဆေကိုစံရင်က ခေါင်းညိတ်ပြတယ်ဗျ။ မျက်ရည်တွေလည်း ကျလို့ဗျာ။ သူကတော့ ရုပ်ပျက်ဆင်းပျက် မဟုတ်ဘူးဗျ။ အဝတ်အစားနဲ့ လူပုံအတိုင်းပါပဲ။

"ဒီတော့ ခင်ဗျား နားထောင်ပါ၊ ဒီအိမ်ထဲကနေ အခုချက်ချင်း ထွက်သွားပါ၊ ဝိုင်းထဲက အပင်တစ်ပင်မှာ ခဏနေ၊ ခင်ဗျား မိသားစုက ခင်ဗျားကို ရည်စူးပြီး ဆွမ်းထပ်သွတ်ကြလိမ့်မယ်၊ တရား သေသေချာချာနာ၊ အမျှဝေရင် သေသေချာချာ သာဓုခေါ်ပါ"

ဟော ခေါင်းညိတ်ပြတယ်ဗျို့။ ခေါင်းညိတ်ပြတယ်။ တစ္ဆေကိုစံရင် ကျုပ်ကို သေသေချာချာ ခေါင်းညိတ်ပြတာဗျ။

"ကဲ ဒါဆိုရင် အခုသွားတော့၊ ဒါဟာ သချႋုင်းရှင်မ မဖဲဝါရဲ့ အမိန့်"





ဟော သွားပြီဗျို့။ တစ္ဆေကိုစံရင် အိမ်ပေါ်က ဆင်းသွားပြီ။ ကျုပ် ဝိုင်းထဲရောက်တော့ အပင်တွေကို မော့ကြည့်တယ်။ တွေ့ပြီ၊ တွေ့ပြီ၊ ဝိုင်းထဲက သရက်ပင်ကြီးပေါ်မှာ တစ္ဆေကိုစံရင် ထိုင်လို့ဗျ။

ကျုပ်လည်း ညတွင်းချင်းပဲ ကိုစံရင်ရဲ့ မိသားစုကို အကျိုးအကြောင်း ပြောပြလိုက်တယ်။ သူတို့လည်း မနက်ဖြန် မြို့သွားပြီး သင်္ကန်းတွေ ဘာတွေဝယ်ဖို့ ဆွမ်းထပ်သွတ်ဖို့ ပြင်ဆင်ကြလေရဲ့။ ကျုပ်ကတော့ နောက်တစ်နေ့မှာပဲ ရွာကို ပြန်ခဲ့တာပေါ့ဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေလက်သီး

ဒီနှစ် ရွှေတောင်ဦးဘုရားပွဲက လွှတ်စည်တာဗျ။ ကျုပ်စိတ်ထင်တော့ အနီးအနားရွာတွေမှာ ရွာထဲ လူမကျန်အောင်ကို လာကြတယ်ထင်တာပဲဗျာ။





ကျုပ်တို့အဖွဲ့တွေမှာ လှည်းဝိုင်းတွေချဖို့ လုပ်ထားတဲ့နေရာနဲ့ မလောက်တော့လို့ ထပ်ပြီးချဲ့ပေးကြရတယ်။

အစားအသောက် ရောင်းတဲ့ဆိုင်တွေဆိုတာ အစောကြီးကို ပြတ်ထွက်ကုန်တာဗျ။ အပိန့်ခေါက်ဆွဲကြော်ဆိုင်ဆိုတာ ကြော်လို့ကို မနိုင်တော့တာဗျို့။

မျက်လှည့်ပွဲမှာရော၊ ဇာတ်ရုံနှစ်ရုံထဲမှာရော ကြိမ်ခွေစွပ်တဲ့ဆိုင်တွေ၊ ဘောလုံးပစ်တဲ့ဆိုင်တွေ၊ အနီတောင်လို့ ခေါ်တဲ့ မြားပစ်တဲ့ဆိုင်တွေမှာလည်း လူတွေကို ခဲနေတော့တာဗျ။

လူအများဆုံးနေရာကတော့ ဗမာ့လက်ဝှေ့ပွဲမှာပေါ့ဗျာ။ လုံးတူ ဆိုက်တူတွေကို တွဲပြီး ထိုးခိုင်းရတာဗျ။ တော်တော်များများကတော့ လူငယ်တွေပါပဲဗျာ။ အသက်နှစ်ဆယ်ဝန်းကျင်တွေ ထိုးကြတာများပါတယ်။

ဒိုင်တွေကတော့ မန္တလေးတို့၊ မြဝတီ၊ ကော့ကရိတ်ဘက်တို့က လာကြတာဗျ။ တောဘုရားပွဲက လက်ဝှေ့ပွဲဆိုတော့လည်း စင်တွေ ဘာတွေတော့ မပါဘူးပေါ့ဗျာ။ မြေကြီးပေါ်မှာပဲ ကြိုးဝိုင်းလုပ်ထား ရတာပေါ့ဗျာ။

ကြည့်တဲ့ ပရိသတ်ကတော့ ကြိုးဝိုင်းလေးဘက်လေးတန်မှာ အပြည့်ဗျ။ တစ်ချီ တစ်ချီ ထပြီးအော်လိုက်တဲ့အသံကြီးက ညံထွက်နေတာဗျို့။

ဒီလက်ဝှေ့ပွဲမှာ လူငယ်တွေချည်း ထိုးတာတော့ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဗျ။ ဟိုနယ် ဒီနယ်က ရောက်လာတဲ့ လက်ဝှေ့သမားတွေရဲ့ စိန်ခေါ်ပွဲတွေလည်း ပါတာဗျ။

အဲဒီစိန်ခေါ်ပွဲတွေကတော့ တကယ်ကြေးကြီးစားတဲ့ လက်ဝှေ့သမားတွေပေါ့ဗျာ။ ဘုရားပွဲကပေးတဲ့ဆုကတော့ သတ်မှတ်ထားတဲ့ပွဲတွေအတွက်ပဲ ပေးတာဗျ။ ဒီလို ကြားပေါက်စိန်ခေါ်ပွဲတွေကတော့ လောင်းကြေးပေါ်ကနေ အချိုးကျခွဲပြီး ချီးမြှင့်တာ သိန်းဂဏန်းတော့ ရှိတာများပါတယ်။

နာမည်ကြီး လက်ဝှေ့သမားတွေ ဆိုရင်တော့ လောင်းကြေးလည်းမြင့်သလို ဆုကြေးလည်း မြင့်တာပေါ့ဗျာ။ နာမည်သိပ်မကြီးတဲ့ လက်ဝှေ့သမားတွေကတော့ လောင်းကြေးလည်း နိမ့်သလို ဆုကြေးလည်း နိမ့်တာပေါ့။

အဲဒီပွဲစဉ်တွေထဲမှာ ပရိသတ် စိတ်အဝင်စားဆုံးပွဲကတော့ ကော့ကရိတ်က ရောက်လာတဲ့ ကရင်လက်ဝှေ့သမားနဲ့ ကျုပ်တို့ရွာသား ရွှေမိုးတို့ပွဲပဲဗျ။ လောင်းကြေးအမြင့်ဆုံးနဲ့ ဆုကြေးအမြင့်ဆုံးပဲဗျို့။

ပြောရဦးမယ်ဗျ။ ကျုပ်တို့ ထနောင်းကုန်းမှာ လက်ဝှေ့သမားနှစ်ယောက်ရှိတယ်။ ရွှေမိုးနှင့် သူ့ညီ ရွှေဒိုးဗျ။

ကိုရွှေမိုးကြီးက အသက်သုံးဆယ်လောက်ရှိပြီ။ သူ့ညီ ကိုရွှေဒိုးကတော့ အသက်(၂၇)နှစ်လောက်ပဲ ရှိမယ်။ တောင်သူအလုပ်လည်း သူတို့ညီအစ်ကို လုပ်ပါတယ်။ ဒါပေမဲ့ သူတို့ ဝါသနာပါတဲ့





လက်ဝှေ့ထိုးတာကိုလည်း မပြတ်လေ့ကျင့်နေကြတာဗျ။ တခြားဒေသတပွဲတွေမှာလည်း သူတို့ သွားထိုးကြတယ်။

ရွှေတောင်ဦးဘုရားပွဲမှာတော့ သူတို့ညီအစ်ကိုက ကြေးကြီးစားတွေဗျ။ ရှုံးပွဲတစ်ပွဲမှကို မရှိကြတဲ့သူတွေပေါ့ဗျာ။

ရွာထဲကလူတွေ ပြောတာကတော့ ကိုရွှေမိုးက ပိုတော်တယ်တဲ့ဗျ။ ခြေအနှုတ်အသိမ်း၊ လက်သီးအထွက်၊ လွှတ်မြန်တယ်ဆိုပဲ။ ကိုရွှေမိုးရဲ့ လက်သီးချက်နှစ်ချက်လောက် မိသွားလို့ကတော့ ကားကနဲ မှောက်သွားကြတာချည်းပဲဗျ။

ကော့ကရိတ်က ရောက်လာတဲ့ ကရင်လက်ဝှေ့သမားက သူ့နာမည်ကို စောကရင်လို့ပဲ ကြေညာတာဗျ။ သူ့နာမည်ကတော့ ဘယ်သူမှ မသိကြဘူးလေ။ ကိုရွှေမိုးနဲ့ စောကရင်တို့ လက်ဝှေ့ကြိုးဝိုင်းထဲ မဝင်ခင် ဒိုင်လူကြီးသုံးယောက်ရဲ့ရှေ့မှာ လက်မှတ်ထိုးကြရတယ်ဗျ။ အခုထိုးမယ့် လက်ဝှေ့ပွဲရဲ့ စည်းကမ်းချက်တွေကို ဒိုင်လူကြီးတစ်ယောက်က ရှင်းပြတယ်။ အဲဒီအထဲမှာ မတော်တဆ အသက်အန္တရာယ် ရှိခဲ့ရင်တောင် နှစ်ဦးစလုံးက ကျေနပ်ကြောင်း၊ အမှုအခင်းမလုပ်ကြောင်းလည်း ပါတယ်ဗျ။

ပြောပြတဲ့ အချက်တစ်ချက်ချင်းကို သဘောတူကြောင်း နှစ်ယောက်စလုံး လက်မှတ်ထိုးကြရတယ်။ ဒါကတော့ စိန်ခေါ်ပွဲတွေရဲ့ ထုံးစံပဲ ထင်ပါရဲ့ဗျာ။

ပွဲကြည့်ပရိသတ်တွေဆိုတာ ပွဲစမယ့်အချိန်ကိုပဲ မျှော်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့ဗျာ။ လက်ဝှေ့ပွဲမှာက ဆိုင်းဝိုင်းလည်း ပါတာဗျ။ စာချုပ်လက်မှတ်ထိုးပြီးတာနဲ့ တစ်ပြိုင်နက် ဆိုင်းဝိုင်းကလည်း လက်ဝှေ့ရေးပြဖို့ ဗိန်းမောင်းတီးတော့တာပေါ့ဗျာ။

"ဗေပုံ၊ ဗေပုံ၊ ဗေပုံထိပုံကျိ"

ဆိုတဲ့ ဆိုင်းသံလည်းထွက်လာရော ကြိုးဝိုင်းထဲကို အရင်ဝင်လာတဲ့သူက စောကရင်ဗျ။ လူက ဂင်တိုတို ပုပြတ်ပြတ် ခြောက်ခံဘောင်းဘီအနီက ဒူးခေါင်းအထိ ဖုံးနေတယ်။ အဲဒီအပေါ်ကမှ ပုဆိုးကိုခေါက်ပြီး အချွန်းပုံ ချီထားတာပေါ့ဗျာ။ ကိုယ်အပေါ်ပိုင်းကတော့ ဗလာပေါ့ဗျာ။ ရင်အုပ်မောက်မောက်ကြီးနဲ့ လက်မောင်းကြွက်သားတွေ အပြိုင်းပြိုင်း ထနေတာဗျ။

စောကရင် လက်ဝှေ့ရေးပြတယ်။ လက်ဝှေ့ရေးပြရင်းနဲ့ စောကရင်က သူ့လက်ကို ထောင်ပြတယ်။ လူတွေက သူ့လက်သီးကို ပြတယ်ထင်တာဗျ။

မဟုတ်ဘူးဗျို့။ စောကရင် ပြတာက သူ့လက်ဖျံကို ပုတ်ပြတာ။ ပြီးတော့ လက်ညှိုးတစ်ချောင်း ထောင်ပြတယ်ဗျ။

တချို့ကတော့ သဘောပေါက်တာပေါ့ဗျာ။

"သူ့လက်က လက်ဖျံရိုးတစ်ချောင်းတည်း ရှိတယ်ဆိုတာကို ပြောနေတာကွ"

လို့ တစ်ယောက်ကို တစ်ယောက် တိုးတိုး တိုးတိုးနဲ့ ပြောကြတော့တာပေါ့ဗျာ။ လက်ဖျံတစ်ချောင်းနဲ့ဆိုရင် လက်သီးချက်က





လွှတ်ပြင်းတာပေါ့ဗျာ။

စောကရင် လက်ဝှေ့ရေးပြပြီးတော့ ကျုပ်တို့ရွာသား ကိုရွှေမိုး ကြိုးဝိုင်းထဲကို ဝင်လာတယ်။ ဆိုင်းကလည်း မြူးမြူးကြွကြွကလေး တီးပေး၊ ကိုရွှေမိုးကလည်း လက်ဝှေ့ရေးကို လှလှပပ ပြတာပေါ့ဗျာ။

လက်ခုပ်သံတွေမှ ဆူညံသွားရောဗျို့။ ကိုယ့်ဒေသသားကိုဗျ။ ဟိုရွာ ဒီရွာက လာကြည့်ကြတဲ့ လက်ဝှေ့ဝါသနာအိုးတွေက ကိုရွှေမိုးဘက်ကပဲ လောင်းကြေးထပ်ကြတာပေါ့ဗျာ။

လက်ဝှေ့ရေးပြပြီးပြီဆိုတော့ ပွဲစပြီဗျို့။ ကြိုးဝိုင်းဒိုင်က ရန်ကုန်က လာတာတဲ့ဗျ။ လက်ဝှေ့ပညာရှင်ကြီးဆိုပဲဗျ။ သူလည်း ခါးတောင်းကျိုက်ထားတာဆိုတော့ ပေါင်တွေမှာ ထိုးကွင်းတွေမှ ပြည့်လို့ဗျ။

ဟော စထိုးပြီဗျို့။ ဆိုင်းကလည်း ခပ်ကြွမ်းကြွမ်းကို တီးပေးတာဗျို့။

"ဖြောင်း၊ ဖြောင်း"

ဟာ ကိုရွှေမိုး ထိုးပြီ။ စောကရင်ရဲ့ မေးရိုးကို တစ်ချက်၊ ပခုံးကို တစ်ချက် ထိသွားတယ်ဗျ။

"ဝေး"

ပရိသတ်ရဲ့ အော်သံကြီးဗျာ ကြောက်စရာတောင် ကောင်းသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟော စောကရင်က ကိုရွှေမိုးကို လက်ထိုးပြီဗျို့။ ကိုရွှေမိုးက ပေါ့ပေါ့ပါးပါးနဲ့ကို လှည့်ပတ်ပြီး ရှောင်ပေးလိုက်တယ်။ ရှောင်ပေးနေရင်းနဲ့ စောကရင်ရဲ့ လွတ်သွားတဲ့ မျက်နှာကို ဖြောင့်လက်သီး တစ်လုံး ပစ်ထည့်လိုက်တယ်။

"ဖြောင်း"

စောကရင်နောက်ကို ခေါင်းလည်ထွက်သွားတယ်ဗျ။

"ဝေး"

အော်ကြပြန်ပြီဗျို့။ ကိုယ့်နယ်သားက ဖိထိုးနေတော့ လူတွေဆိုတာ ကြုံးအော်တော့တာဗျ။

"ဘုန်း"

ဟာ ဒီတစ်ခါတော့ ကိုရွှေမိုး ထိသွားပြီဗျို့။ ရင်ဘတ်တည့်တည့်ကို ဝင်လာတဲ့ စောကရင်ရဲ့ ဖြောင့်လက်သီးကို ကိုရွှေမိုး မကာနိုင်ဘူးဗျ။ နောက်ကို နည်းနည်းယိုင်ထွက်သွားတယ်။

"ရွှေမိုး ထိုးကွ၊ ထိုး၊ ထနောင်းကုန်းသားရဲ့ သတ္တိကို ပြလိုက်စမ်းကွ"

အော်သံတွေ ထွက်လာပြန်ရောဗျို့။ ပွဲကြည့်တဲ့လူတွေက သူတို့ပါ ဝင်ထိုးတော့မယ့်အတိုင်းပါပဲဗျာ။ ကျွက်ကျွက်ကိုညံနေတော့တာဗျ။

တစ်ယောက်နဲ့ တစ်ယောက် လှည့်ပတ်ပြီး ချောင်းနေတာဗျ။





ဟော ထိုးပြီ၊ ထိုးပြီ။ ကိုရွှေမိုး ဆက်တိုက်ထိုးပြီဗျ။

"ဖြောင်း၊ ဖြောင်း၊ ခွပ်"

မျက်နှာကို ထိုးချလိုက်တာဗျ။ 'ဖြောင်း ဖြောင်း' ဆိုတာက မျက်လုံးအောက်တွေကို ထိနေတာ။ နောက်တစ်ချက် 'ခွပ်' ဆိုတာက မေးရိုးကို ကော်ပြီးထိုးလိုက်တာ။

ဟာ လဲပြီ၊ လဲပြီ။ စောကရင် ဖင်ထိုင်လျက် လဲပြီဗျ။

"ဝေး ရွှေမိုးကွ၊ ရွှေမိုး"

စောကရင် ခေါင်းမူးသွားပုံပဲဗျ၊ ချက်ချင်းမထနိုင်ဘူး။ ခဏနေမှ ပြန်ထလာတယ်။ ဒါတောင် ဒယီးဒယိုင်နဲ့ဗျ။

"ရွှေမိုးကွ၊ ရွှေမိုး ထိုးစမ်းကွာ ထပ်ထိုး"

ပရိသတ်ကလည်းဗျာ ကိုယ့်ရွာသားမှ ကိုယ့်ရွာသားကို ဖြစ်နေတာဗျို့။

ပြန်ထိုးပြီဗျ။ တစ်ယောက်နဲ့ တစ်ယောက် လှည့်ပတ်ပြီး ချောင်းနေကြပြန်ရောဗျို့။ ဟော ထိုးပြီ၊ ထိုးပြီ။

"ဖြောင်း၊ ဖြောင်း၊ ဘုန်း၊ ဖြောင်း၊ ဘုန်း၊ ဘုန်း"

ဟာ ဒီတစ်ခါတော့ ပြေးကပ်လိုက်ပြီးတော့ နှစ်ယောက်စလုံး တွေ့ပြီးထိုးကြတာဗျ။ နှစ်ယောက်စလုံး ထိတာပဲ။

ဟော သွားပြီ၊ သွားပြီ။ ဟာ ကန်ပြီဗျို့။

"ဖြောင်း"

နှစ်ယောက်သား ပူးပြီးထိုးနေရာကနေ နောက်ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ပြီး လူချင်းခွဲလိုက်တဲ့အချိန်မှာ လျှင့်လိုက်တဲ့ ကိုရွှေမိုးဗျာ။ စောကရင်ရဲ့ မေးဖျားကို ခြေထောက်နဲ့ ခုန်ကန်လိုက်တာဗျို့။ ဒါပေမဲ့ မေးဖျားကို မထိဘဲ ရင်ဘတ်ကိုပဲ ကန်မိတယ်။

ဟာ လွင့်ထွက်သွားပြီ။ ဖင်ထိုင်လျက် ကျသွားပြီဗျို့။ စောကရင် လဲတာ ဒါပါနဲ့ဆို နှစ်ခါရှိပြီ။

စောကရင် ရင်ဘတ်တော်တော်အောင့်သွားပုံပဲဗျ။ ပြန်ထနိုင်တော့ ခုန်ဆွ၊ ခုန်ဆွ လုပ်ပြီး အသက်ရှူနေရတယ်။

ဟော ကပ်လာပြန်ပြီဗျို့၊ ကပ်လာပြန်ပြီ။ ကိုရွှေမိုးက စောကရင် အထိနာနေမှန်းသိတော့ ဖိထိုးတာပေါ့ဗျာ။ ပြေးဝင်သွားပြီဗျို့။ ကိုရွှေမိုး ပြေးဝင်သွားပြီ။

“ဝိုး၊ ဝိုး”

ဟာ ဝိုက်လက်သီးထိုးတာဗျ။ ဘယ်ဝိုက်ရော ညာဝိုက်ပါ ထိုးတာဗျ။ မထိဘူးဗျ။ စောကရင်က နောက်ကိုလှန်ပြီး ရှောင်တာ လွတ်တယ်ဗျ။ ဟော် စောကရင် ပြန်ထိုးပြီဗျို့။

“ခွပ်၊ ဘုန်း”

‘ခွပ်’ဆိုတာက ကိုရွှေမိုးရဲ့ မေးရိုးကို ထိသွားတာဗျ။ ‘ဘုန်း’ ဆိုတာက ကိုရွှေမိုးရဲ့ ရင်ဝကို ထိုးမိသွားတာ။

“ဒုန်း”

“ဟာ ရွှေမိုး သတိထား၊ သတိထား”

ကိုရွှေမိုးက ရှေ့ကို ကိုယ်ကြီးကိုင်းပြီး ဒူးထောက်လျက် ကျသွားတာဗျို့။





ဟာ စောကရင်ရှေ့ကို တိုးဝင်လာပြီ။

“ဒုန်း”

“ဟာ ရွှေမိုး သတိထား၊ ရွှေမိုး သတိထား”

စောကရင်က သူ့ရဲ့လက်သီးကြီးနှစ်လုံးနဲ့ ကိုရွှေမိုးရဲ့ နားထင်ကို နှစ်ဖက်ညှပ်ပြီး ရိုက်ချလိုက်တာဗျို့။

“ဘုန်း”

“ဟာ ရွှေမိုး”

ကိုရွှေမိုး ရှေ့ကို ဟပ်ထိုးကျသွားပြီဗျို့။ ကြိုးဝိုင်းဒိုင်က ပြေးလာပြီး ထုံးစံအတိုင်း နံပါတ်တွေ ရေရတာပေါ့ဗျာ။

“တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်”

နံပါတ်ပြည့်သွားပြီ။ ကိုရွှေမိုးကတော့ လုံးဝကို ပြန်မထနိုင်တော့ဘူးဗျာ။

“ဝေး”

စောကရင် အော်ပြီဗျို့။ သူ နိုင်သွားပြီလေဗျာ။ ကျုပ်တို့ ရွာသား ကိုရွှေမိုး ရှုံးသွားပြီလေဗျာ။ ဒီတော့လည်း ပရိသတ်က မဆိုးပါဘူးလေ။ လက်ခုပ်တွေတီးပြီးတော့ စောကရင်ကို ဂုဏ်ပြုကြပါတယ်။

စောကရင်ကလည်း သူ့ကို အခုလိုဂုဏ်ပြုတဲ့ ပရိသတ်ကို လက်အုပ်ချီပြီး ကြိုးဝိုင်းရဲ့ လေးဘက်လေးတန်ကို ကန်တော့တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးဝိုင်းဒိုင်က ဒူးထောက်ပြီး ကိုရွှေမိုးကို လှုပ်နှိုးတယ်။ နှိုးလို့မရတော့ လည်ပင်းကို စမ်းကြည့်တယ်။

"ဟာ"

ကြိုးဝိုင်းဒိုင် ပါးစပ်ဟသွားတယ်။ ပြီးတော့ အနိုင်အရှုံး ဆုံးဖြတ်တဲ့ ဒိုင်တွေဘက်ကို လှည့်ကြည့်ပြီး ခေါင်းရမ်းပြတယ်။

"ဟင် ဘယ်လိုဖြစ်တုံး"

"ဟာ ကိုရွှေမိုး ဘာဖြစ်တုံး"

ပရိသတ်က ကျွက်စီ ကျွက်စီ ဖြစ်ပြီဗျို့။ အပြင်ဒိုင်တွေ ကြိုးဝိုင်းထဲ ဝင်သွားပြီး ကိုရွှေမိုးကို စမ်းကြည့်ကြတယ်။

ဟော ကျုပ်တို့ရွာက ကျန်းမာရေးမှူး ဦးဝင်းထိန် ကြိုးဝိုင်း ထဲဝင်သွားပြီး နားကြပ်နဲ့ ကိုရွှေမိုးကို စမ်းတယ်။ ဦးဝင်းထိန် ခေါင်း ရမ်းပြလိုက်တယ်။ ဒါ နောက်ဆုံး အဆုံးအဖြတ်ပေါ့ဗျာ။ ကိုရွှေမိုး အသက်မရှိတော့ဘူးတဲ့ဗျာ။

ပရိသတ်တွေအားလုံး ငြိမ်ကျသွားပြီဗျို့။ ပွဲတစ်ခုလုံး တိတ် ဆိတ်လို့။ စောကရင်ကလည်း တော်တော်ကို စိတ်မကောင်းဖြစ်သွား ပုံပါပဲဗျာ။ ကြိုးဝိုင်းထောင့်ကလေးမှာ သွားထိုင်နေတယ်။

ကိုရွှေမိုးအလောင်းကို ကပ်နဲ့သယ်ထုတ်သွားပြီ။ လူတွေ အားလုံး လိုက်သွားကြတယ်။ ဒိုင်က စောကရင် နိုင်ကြောင်း ကြေ ညာတယ်။ လက်ဝှေ့ထိုးတဲ့ပွဲတွေမှာ ဒီလိုဖြစ်တတ်တဲ့အကြောင်း ပြောတယ်။ လက်ဝှေ့ပွဲ မစခင်ကတည်းက နှစ်ဦးသဘောတူ လက်





တ်ထိုးပြီးမှ အခုလို ထိုးသတ်တာဖြစ်လို့ စောကရင်မှာ ရာဇဝတ် ကြောင်းအရ အပြစ်မရှိကြောင်း ရှင်းပြတယ်။ ပြီးတော့ စောကရင် ကို ဆုကြေးငွေ ပေးတယ်။

ဒီမှာတင် ပြဿနာ စတော့တာပေါ့ဗျာ။ ကိုရွှေမိုးရဲ့ညီ ကိုရွှေဒိုးက ဒိုင်လူကြီးတွေရှေ့မှာ စောကရင်ကို စိန်ခေါ်တယ်။

စောကရင်က ကိုရွှေဒိုးကို တောင်းပန်တယ်ဗျ။ အခုလို စိတ်လိုက်မာန်ပါ မလုပ်ဖို့ ပြောတယ်။ ဒါပေမဲ့ အစ်ကိုအတွက် သွေးဆူနေတဲ့ ကိုရွှေဒိုးက ဘယ်သူဖျောင်းဖျလို့မှ မရတော့ဘူးဗျို့။

ဒါနဲ့ပဲ နောက်ဆုံးတော့ လက်ဝှေ့ပွဲ နောက်ဆုံးညမှာ စိန် ခေါ်ပွဲ ကျင်းပပေးဖို့ ဒိုင်လူကြီးတွေရော၊ ရွာသူကြီးတွေရော၊ စောကရင်ရော၊ ကိုရွှေဒိုးရော အားလုံးသဘောတူလိုက်ကြတယ်။

ဒီသတင်းက ဘုရားပွဲတစ်ဝိုက်ကို ချက်ချင်းပျံ့သွားပြီး တော့ အားလုံးက ပွဲကြီးပွဲကောင်းတစ်ပွဲတော့ ကြည့်ရပြန်ပြီဆိုပြီး ရှော်လင့်နေကြတော့တာပေါ့ဗျာ။

ကျုပ်တို့ကတော့ ဘုရားပွဲကိစ္စ လုပ်လိုက်ကြ၊ ကိုရွှေမိုး သဘာကိစ္စ လုပ်လိုက်ကြနဲ့ တအားပင်ပန်းနေကြတာပေါ့ဗျာ။ သဘာရက်အတွင်းမှာ ကိုရွှေဒိုးကို လုံးဝမတွေ့ရဘူးဗျ။

"ကိုရွှေဒိုးတစ်ယောက် မမြင်ပါလားဗျ"

လို့ ကျုပ်က ကိုဆိတ်ဖွားကို မေးလိုက်တယ်။ ကိုဆိတ်ဖွား က ကျုပ်နားနားကိုကပ်ပြီး တိုးတိုးလေး ပြောတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"တာတေ ကိုရွှေဒိုးက တောထဲဝင်သွားပြီကွ၊ တောထဲ တစ်ယောက်တည်း လက်ဝှေ့သွားကျင့်နေတယ်တဲ့"

"ဟာ ဟုတ်လား၊ သူ့အစ်ကိုရွှေမိုး သင်္ဂြိုဟ်တဲ့နေ့က ကျ တွေ့လိုက်ပါတယ်"

"အေး ဟုတ်တယ်၊ အဲဒါ ခဏလာတာ၊ ပြီးတော့ တော ပြန်ဝင်သွားတယ်"

ကိုဆိတ်ဖွားလည်း ငြိမ်ပြီး စဉ်းစားနေတယ်။ ကျုပ်လည် တွေးနေမိတာပေါ့ဗျာ။

*(ကဝေပျံစာအုပ်ထဲက* ***'ပင်လယ်စုန်း'*** *မှာ ကိုဆိတ်ဖွ အကြောင်း ကျုပ် ရေးခဲ့ပါတယ်)*

"တာတေ ငါ့သဘောပြောရရင်တော့ ရွှေမိုးက ရွှေဒိုးထင် လက်ဝှေ့ပညာမှာ အပုံကြီးသာတာကွ၊ ရွှေမိုးတောင် စောကရင် မနိုင်ရင် ရွှေဒိုးက စောကရင်ကို နိုင်ဖို့ လွယ်ပါ့မလား"

ကိုဆိတ်ဖွားပြောတာ အမှန်ဗျ။ ဒါ စေတနာစကားဗျ ကိုရွှေဒိုးအတွက် စိုးရိမ်လို့ပြောတာ။

"ကျုပ်လည်း ဒီအတိုင်း တွေးမိတာပဲဗျ၊ ကိုဆိတ်ဖွားရဲ့ ဒါပေမဲ့ အခြေအနေက လွန်သွားပြီလေ။ တရားဝင် စိန်ခေါ်ပြ ပွဲရက်တောင် သတ်မှတ်ပြီးသွားပြီလေ"

"အေး အဲဒါကြောင့် ငါ စိုးရိမ်နေတာပေါ့ တာတေရ"

"ကျုပ်လည်း ကိုရွှေဒိုးအတွက် စိတ်ပူမိတာပါပဲဗျာ"





ကျုပ်နဲ့ ကိုဆိတ်ဖွား ပြောနေတာကို ဘေးကနားထောင် နေတဲ့ ကိုဖိုးထောင်ကလည်း ဝင်ပြောတယ်ဗျ။

"သိပ်မပူပါနဲ့ကွာ၊ လက်ဝှေ့ထိုးတယ်ဆိုတာ ပညာသက် သက်လည်း မဟုတ်ဘူးကွ၊ ကံလည်းပါတယ် တာတေရ၊ ကိုယ့် အတွက် ထိုးကွက်ကောင်းတွေ အမှတ်မထင် ပေါ်လာရင် ကိုယ်က သည်း မိမိရရ ထိုးလိုက်နိုင်ရင် ကိုယ်နိုင်တာပဲကွ၊ ပြီးတော့ စောကရင် ာ ရွှေမိုးကိစ္စနဲ့ တော်တော်ကို တုန်လှုပ်သွားတာကွ၊ လက်ဝှေ့သမား ာစ်ယောက်ဟာ အဲဒီလို စိတ်တုန်လှုပ်သွားရင်လည်း ရှုံးတတ်တာ ွ"

*(ကိုဖိုးထောင်အကြောင်းကို 'သံလက်ဝါးမဖဲဝါ' စာအုပ်ထဲ ာ ကိုးသချိုင်းပုဆိန်မှာ ဖတ်နိုင်တယ်ဗျ)*

"ဖိုးထောင် မင်းပြောချင်တာက စောကရင် ရှုံးနိုင်တယ်လို့ ပြောချင်တာမို့လား"

"ဟုတ်တယ် ကိုဆိတ်ဖွားရဲ့၊ ကျုပ်တော့ ရွှေဒိုး နိုင်မယ် ာင်တာပဲဗျာ"

"ဖိုးထောင် မင်းစဉ်းစားနော်၊ ဟိုနေ့ကပွဲမှာ စောကရင်ကို ရွှေမိုး ထိုးထားတာ နည်းနည်းနောနောမှ မဟုတ်တာကွာ၊ ဒါတောင် ဒီတရင်က တောင့်ခံနိုင်တာကွ၊ ပြီးတော့ ဒီကောင်က လက်ဖျံ ာစ်လုံးတည်းကောင်ကွ၊ အဲဒီလို လက်ဖျံတစ်လုံးတည်းရှိတဲ့ကောင် တွေက လွှတ်သန်တာနော"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကိုဆိတ်ဖွားပြောတာ ဟုတ်တယ်ဗျ ကိုဖိုးထောင်ရဲ့၊ ကိုရွှေမိုးကို နောက်လုပ်လိုက်တဲ့ နားထင်နှစ်ဖက်ကို ညှပ်ရိုက်ချလိုက်တာ အဲဒီလက်ဖျံအားနဲ့ ရိုက်လိုက်တာဗျ။ ကိုရွှေမိုးအသက်ပါသွားတာနော"

"တာတေရေ လက်ဝှေ့ဆိုတာ သတိပဲကွ၊ သတိတစ်ချက်လွတ်သွားရင် ခံရမှာပဲ"

ကိုဖိုးထောင် ပြောတာလည်း ဟုတ်တာပဲဗျ။ ကျုပ်လည်းငိုင်ပြီး စဉ်းစားနေမိတော့တာပေါ့ဗျာ။ အသုဘအိမ်ကဝိုင်းထဲမှာထိုးထားတဲ့ ကနဖျင်းထဲမှာ ကိုယ့်အုပ်စုနဲ့ကိုယ် ရေနွေးကြမ်းသောက်လက်ဖက်စားရင်း တိုးတိုး တိုးတိုး စကားပြောနေကြတာပေါ့ဗျာ။ အားလုံးကတော့ ကိုရွှေဒိုး ထပ်ပြီးဒုက္ခရောက်မှာ စိုးရိမ်နေကြတာပေါ့ဗျာ။

ဒါပေမဲ့ ဘယ်လိုပဲ စိုးရိမ် စိုးရိမ် စကားက လွန်နေပြီဗျ။ လူကြီးတွေအားလုံးရှေ့မှာ စိန်ခေါ်ပွဲလက်မှတ်တွေ ထိုးပြီးသွားပြီဗျ။

ကိုရွှေဒိုးက တောထဲဝင်ပြီး လက်ဝှေ့ကျင့်နေသလို စောကရင်ကလည်း မီးလောင်းကုန်းက သူ့မိတ်ဆွေတစ်ယောက်ရဲ့အိမ်မှာလက်ဝှေ့ကျင့်နေတယ်ဗျ။

အားလုံးမျှော်လင့်နေတဲ့နေ့ ရောက်ပြီပေါ့ဗျာ။ ဒီနေ့ဟာလက်ဝှေ့ပွဲတွေအားလုံး ပြီးသွားတဲ့နေ့ဗျ။ ညခုနစ်နာရီမှာ ကိုရွှေဒိုးနဲ့စောကရင် နောက်ဆုံးပွဲထိုးမှာ။ ပြီးရင် ဒီနှစ်ဘုရားပွဲအတွက် ဗမာ့





လက်ဝှေ့ပွဲ ပြီးဆုံးသွားပြီပေါ့ဗျာ။

ထနောင်းကုန်း၊ မီးလောင်ကုန်း၊ ငွေတွင်းကုန်း၊ ဘန့်ဘွေးကုန်း စတဲ့ အနီးအနားရွာတွေက သူကြီးတွေ အကုန်ရောက်နေကြပြီ။ အရှုံးအနိုင်ကို ဆုံးဖြတ်မယ့် ဒိုင်လူကြီးသုံးယောက်နဲ့ ရန်ကုန်ကလာတဲ့ ကြိုးဝိုင်းဒိုင်လူကြီးလည်း ရောက်ပြီဗျ။

ကြိုးဝိုင်းရဲ့ လေးဘက်လေးတန်မှာ ရောက်နေတဲ့ ပရိသတ်တွေကလည်း ကြိတ်ကြိတ်ကို တိုးနေတော့တာဗျို့။ စောကရင်ကဒုံးဖုံးဘောင်းဘီအနီပေါ်မှာ ပုဆိုးပတ်စည်းထားတယ်။ ကိုရွှေဒိုးကဘောင်းဘီအနက်ပေါ်မှာ ပုဆိုးပတ်စည်းထားတယ်။

ဆိုင်းဝိုင်းက ညှို့ခံတီးလုံး စနေပြီဗျ။ ဒီတစ်ခါ ကြိုးဝိုင်းထဲကို အရင်ဝင်ရတဲ့သူက ကိုရွှေဒိုးဗျ။ တည်ငြိမ်နေတဲ့မျက်နှာနဲ့လက်ဝှေ့ရေးပြတယ်။ သဘောလောက်ပါပဲ။ သိပ်ကြာကြာ မပြပါဘူး။ ပြီးတော့ စောကရင်။ သူလည်း လက်ဝှေ့ရေးကို စတိလောက်ပဲပြတာဗျ။ စောကရင်လည်း မျက်နှာ နည်းနည်းတော့ ပျက်နေတယ်ဗျ။ ကိုဆိတ်ဖွားပြောတာ ဟုတ်လောက်တယ်။

လက်ဝှေ့ပွဲထုံးစံအတိုင်း ကြိုးဝိုင်းဒိုင်က လက်ဝှေ့ပွဲမှာမလုပ်ရမယ့်ကိစ္စတွေကို ရှင်းပြနေတယ်။ ပြီးတာနဲ့ တစ်ယောက်တစ်ထောင့်ဆီသွားပြီး ရပ်နေရတာပေါ့ဗျာ။

"နောင်"

ပွဲတော့ စပြီဗျို့။ နှစ်ယောက်သား ပြေးဝင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တစ်ယောက်ကိုတစ်ယောက် လှည့်ပတ်ပြီး အကဲခတ်နေတယ်ဗျ။ ဘယ်သူမှစပြီး မထိုးသေးဘူး။ ကြိုးဝိုင်းအလယ်မှာ လှည့်ပတ်ပြီး တစ်ယောက်ကိုတစ်ယောက် ချောင်းနေတယ်။

"ဖောင်း"

"ဘုန်း"

ကိုရွှေဒိုးက စထိုးတာဗျ။ စောကရင်ရဲ့ မျက်နှာကို လက်သီးတစ်လုံး ဝင်သွားတယ်။ 'ဖောင်း' ဆို မြည်သွားတာဗျို့။ လက်သီးတစ်ချက် ထိတာလောက်တော့ စောကရင်က ဖြန့်တောင် မဖြန့်ဘူးဗျို့။ ချက်ချင်းကို ပြန်ထိုးလိုက်တာ 'ဘုန်း'ကနဲ မြည်ပြီး ကိုရွှေဒိုးရင်ဘတ်ကို ထိတယ်။

တစ်ယောက်နဲ့ တစ်ယောက်ကတော့ လှည့်ပတ်ချောင်းနေတော့တာဗျ။

"ဖုန်း၊ ဖြောင်း"

"ဝေး ရွှေဒိုးကွ၊ ထနောင်းကုန်းသားကွ"

ကိုရွှေဒိုးက စောကရင်ကို အငိုက်မှာ ခြေထောက်နဲ့ပတ်ပြီး ကန်လိုက်တာဗျို့။

'ဖုန်း' ဆိုတဲ့အသံက လက်ပြင်ကို ထိသွားတာ။ ပြီးတော့ တစ်ဆက်တည်း မေးဖျားကို ထိသွားပြီး 'ဖြောင်း'ကနဲ မြည်သွားတာ။

ဒီတစ်ခါတော့ စောကရင် နောက်ကို ယိုင်သွားပြီး ခြေတစ်လှမ်း နောက်ကိုဆုတ်သွားတယ်ဗျို့။ စောကရင်က ခေါင်းကို





တစ်ချက်ခါလိုက်တယ်။ နည်းနည်းမူးသွားတယ် ထင်ရဲ့။ ချက်ချင်း ပြေးဝင်လာတယ်။ ဒီလက်ဝှေ့ပွဲက တစ်ယောက်နဲ့တစ်ယောက် ဘာမာယာ ဘာပရိယာယ်မှ မပါဘဲ ရိုးရိုးသားသား ပညာချင်းပြိုင်တဲ့ပွဲအစစ်ဗျ။

တစ်ယောက်နဲ့တစ်ယောက် လှည့်ပတ်ပြီး ပြန်ချောင်းနေပြန်ပြီဗျ။ စောကရင်က အသားဖြူတော့ မျက်နှာမှာ ချက်ချင်းကို ရဲတက်လာတာဗျို့။ ကိုရွှေဒိုးကတော့ အညာသား အသားညိုညိုဆိုတော့ ချက်ချင်းမသိသာသေးဘူးဗျ။

စောကရင်က ခုန်နေတယ်ဗျ။ စောကရင် ဘာလုပ်တော့မယ်ဆိုတာ ကိုရွှေဒိုးက ကြိုသိနေတဲ့ပုံပဲဗျ။ ခုန်ပြီ၊ စောကရင်ခုန်ကန်လိုက်ပြီ။

"ဝှီး"

လေကို ကန်မိတာဗျ။ 'ဝှီး'ကနဲ မြည်သွားတာဗျို့။ ဒီကန်ချက်သာ ထိသွားရင် ကိုရွှေဒိုး ပွဲသိမ်းသွားနိုင်တယ်။ ကိုရွှေဒိုးက ကိုယ်ကို နောက်ဘက်ကလေးယိမ်းပြီး ရှောင်ပေးလိုက်တယ်။ ခြေဖျားက ကိုရွှေဒိုးရဲ့ ရင်ဘတ်ရှေ့က ကပ်ပြီး လွတ်သွားတာ။

ကိုရွှေဒိုးကလည်း အဆင်သင့်ပြင်ပြီးသားဗျ။ ဘယ်တံတောင်နဲ့ စောကရင်ရဲ့ပေါင်ကို ဆတ်ကနဲ လှမ်းထောက်လိုက်တယ်။

စောကရင် ချိန်ဆထားတဲ့အရှိန်ကို နောက်ထပ်အရှိန်တစ်ခု ဆပ်ပြင်းပြင်း ထပ်ပေါင်းပေးလိုက်တယ်။ ဟန်ချက်ပျက်သွားပြီပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ စောကရင် မြေကြီးပေါ်ကို ဝမ်းလျားမှောက် လဲသွားတယ်။

"ဝေး ကရင် သွားတော့မယ်ဟေ့"

ပရိသတ်က ကိုယ့်ရွာသားနဲ့ ရွာနီးချုပ်စပ်က လူတွေလေဗျာ။ ကိုရွှေဒိုးကိုပဲ အားပေးတာပေါ့ဗျ။ ဒါပေမဲ့လည်း ကျုပ်တို့အညာသားတွေက သိပ်တော့ မရိုင်းပါဘူးဗျာ။ စောကရင်ကိုလည်း အားပေးကြပါတယ်။

"စောကရင် ထ၊ ထ၊ မြန်မြန်ပြန်ထပြီး ထိုးကွ"

ထပါတယ်။ စောကရင်ကလည်း မြေပြင်မှာ လက်ထောက်ပြီး ပြန်ထတယ်။ ဒါပေမဲ့ တော်တော်တော့ ထယူရတယ်ဗျ။

စောကရင် ခုန်နေတယ်။ သွေးလှည့်ပတ်မှုကို မှန်အောင်ပြန်လုပ်တာဖြစ်မှာဗျ။ မထိုးကြသေးဘူး။ တစ်ယောက်ကိုတစ်ယောက် မျက်ခြည်မပြတ် ကြည့်နေတယ်။ တစ်ယောက်ရဲ့ ဟာကွက်ကို တစ်ယောက်က ချောင်းနေကြတာပေါ့ဗျာ။

ကိုရွှေဒိုးက ရှေ့မှာကာထားတဲ့ လက်နှစ်ဖက်ကို ချက်ချင်း အောက်ချလိုက်တယ်။ လျှင်လိုက်တဲ့ စောကရင်။ ချက်ချင်းပြေးဝင်ပြီး ကိုရွှေဒိုးရဲ့ ရင်ဘတ်ကို ခေါင်းနဲ့ ပြေးဆောင့်တာဗျ။

ဒါပေမဲ့ ကိုရွှေဒိုးက တမင်ဖွင့်ပေးလိုက်တဲ့ အကွက်လေဗျာ။ ဘယ်လွယ်လွယ်နဲ့ရမလဲ။ ကိုရွှေဒိုးက ကိုယ်ကို ဆတ်ကနဲတိမ်းပြီး ရှောင်လိုက်တယ်။ ပြီးတော့မှ ဘယ်ဒူးနဲ့ ရင်ဝကို ဆတ်ကနဲ ထိုးလိုက်တယ်။





စောကရင် မျက်နှာကြီးရှုံ့ပြီး ဟတ်ထိုးကြီး လဲကျသွားရောဗျို့။

"ဝေး ကိုရွှေဒိုးတဲ့ဟေ့၊ ကရင် မထနိုင်တော့ဘူးကွ"

"ဖြောင်း၊ ဖြောင်း၊ ဖြောင်း၊ ဖြောင်း"

အော်သံတွေရော လက်ခုပ်သံတွေရော ဆူညံနေတော့တာဗျာ။ ရွှေတောင်ဦး ဘုရားပွဲတင်မကဘူး၊ အနီးအနားရွာတွေပါ လွှမ်းသွားလောက်ရဲ့ဗျ။

ဒီတစ်ခါတော့ စောကရင် ချက်ချင်းမထနိုင်တော့ဘူးဗျာ။ သူတို့ဘေးမှာ ပတ်မြေးပြီး မျက်ခြည်မပြတ် ကြည့်နေတဲ့ ကြိုးဝိုင်းဒိုင်လူကြီးက ထုံးစံအတိုင်း ပြေးပြီး နံပါတ်ရေပြီပေါ့ဗျာ။

"တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်"

"ဝေး"

စောကရင် မထနိုင်တော့ဘူးထင်ပြီး လူတွေက အော်ကြတာဗျို့။

"ခုနှစ်"

ထပြီ။ စောကရင် ထလာပြီ၊ နည်းနည်းတော့ ယိုင်သွားပြီဗျ။ သူ့ရင်ဘတ်ကို လက်နဲ့ဖိပြီး ခုန်ဆွ ခုန်ဆွ လုပ်နေတယ်။

"ဟေ့ကောင် ကရင် အရှုံးပေးလိုက်တော့၊ မင်း ရှုံးနေပြီ"

တစ်ယောက်တစ်ပေါက်ပေါ့ဗျာ အော်ဟစ်နေကြတာပေါ့။ ဒါကတော့ လက်ဝှေ့ပွဲရဲ့ ထုံးစံပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ စောကရင်ကတော့ သူတို့ ထင်သလောက် မပျော့ဘူးဗျ။ လက်ဇွေ့သမားပါဆိုဗျာ၊ ဇာတ်မင်းသားမှ မဟုတ်တာ။ ဒါလောက်နဲ့တော့ ခွေကျသွားပါ့မလားဗျာ။

ဟော စောကရင် ပုံမှန်ဖြစ်သွားပြီဗျ။ ကိုရွှေဒိုးနဲ့ စောကရင် ထိုးတဲ့ပွဲဟာ တော်တော်ကို ကောင်းတဲ့ပွဲပါဗျာ။ တစ်ယောက်ကို တစ်ယောက် ညစ်တာတို့၊ လှည့်စားတာတို့ ဘာမှမလုပ်ဘဲ ပညာသက်သက်ကို ပြိုင်ကြတာဗျ။

ဟာ. . . ဒီတစ်ခါတော့ စောကရင်က တိုက်ကွက်ပြောင်းသွားပြီဗျို့။ ကိုရွှေဒိုးဆီကို ပြေးဝင်တာဗျ။ လူချင်း ပြေးလုံးတာ။

ထိုးပြီဗျို့၊ ထိုးပြီ၊ နှစ်ယောက်စလုံး ထိုးကြတာဗျ။

'ခွပ်'၊ 'ဖြောင်း'၊ 'ခွပ်'၊ 'ဖြောင်း'၊ 'ဘုန်း'

ရှောင်လည်း မရှောင်ကြတော့ဘူး။ နှစ်ယောက်သား တွေ့ပြီးထိုးတာဗျ။ ဒီလိုတွေ့ပြီးထိုးတော့ စောကရင်ရဲ့လက်သီးက ပိုပြီးပြင်းပုံရတယ်။ သူက လက်ဖျံတစ်လုံးတည်းလူကိုဗျ။ ကိုရွှေဒိုးမျက်နှာတွေ ချက်ချင်းနီရဲပြီး ဖူးယောင်ကုန်တာဗျို့။ တော်တော်ကိုပါးနပ်တဲ့ စောကရင်ပဲဗျာ။ သူ့ရဲ့အားသာချက်ကို သူသိတာကိုးဗျ။ အတူတူယှဉ်ထိုးပေမယ့် ကိုရွှေဒိုး ပိုပြီးအထိနာတဲ့ပုံဗျ။ ကိုရွှေဒိုး နည်းနည်းယိုင်သွားတယ်။

ဟော စောကရင်က နောက်ကို ခွာလိုက်တယ်။ ကိုရွှေဒိုးလည်း နောက်ကိုဆုတ်လိုက်တယ်။ လူချင်းပြန်ခွာလိုက်ကြတာပေါ့ဗျာ။





ဟာ စောကရင် ခုန်ပြီဗျို့။ လွှားကနဲပဲဗျာ။ ဘယ်သူမှကို ထင်မထားတာဗျ။ ကိုရွှေဒိုးလည်း ထင်ထားပုံမရဘူး။ တိုက်ပြီဗျာ၊ တိုက်ပြီ၊ ဒူးနဲ့တိုက်တာဗျို့။ ဒူးပျံမှ ဒူးပျံအစစ်ဗျာ။

"ဘုန်း"

"အင့်၊ ဖုန်း"

'ဘုန်း' ဆိုတာက ကိုရွှေဒိုးရဲ့ ရင်ဝတည့်တည့်ကို စောကရင်ရဲ့ ညာဘက်ဒူးပျံ ဝင်သွားတာဗျို့။

'အင့်' ဆိုတာက ကိုရွှေဒိုး အော်လိုက်တဲ့အသံ။ 'ဖုန်း' ဆိုတာက ကိုရွှေဒိုး ဖင်ထိုင်လျက် လဲသွားတာ။ ကိုရွှေဒိုးက ဖင်ထိုင်လျက်လဲရုံမကဘူး၊ ပက်လက်ပါ လန်ကျသွားတာဗျာ။ ဘယ်လိုလူ ဒီဒူးပျံကို ခံနိုင်မှာတုံးဗျာ။

"ဟာ"

ကျုပ်တို့ အညာသားတွေရဲ့ ပါးစပ်က ပြိုင်တူထွက်လာတဲ့ အသံဗျ။ ပေါင်မှာ ထိုးကွင်းတွေ အပြည့်ထိုးထားတဲ့ ကြိုးဝိုင်းဒိုင်က ကိုရွှေဒိုးအနားကို ပြေးလာပြီး နံပါတ်ရေတယ်ဗျ။

"တစ်၊ နှစ်၊ သုံး"

ကိုရွှေဒိုးကတော့ လှုပ်တောင် မလှုပ်တော့ပါဘူးဗျာ။

"လေး၊ ငါး၊ ခြောက်"

နည်းနည်းမှကို မလှုပ်တာဗျ။

"ဟာ ရွှေဒိုး သွားပြန်ပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမိုးနောက်ကို လိုက်သွားပြီကွ"

တစ်ယောက်တစ်ပေါက် ပြောကြတာပေါ့ဗျာ။

"ဒီကရင်ကို ဝိုင်းသတ်လိုက်ကြရအောင်ကွာ"

ဒေါသကြီးသလောက် မိုက်မဲတဲ့ ကျုပ်တို့ရွာသား ငထုံဆိုတဲ့ လူက အဖော်စပ်နေသေးရောဗျာ။

"ဟေ့ကောင် ငထုံ၊ မင်းပါးစပ်ပိတ်ထားစမ်း၊ ဒါ ယောကျ်ား တွေ သတ္တိပြိုင်တဲ့ပွဲကွ၊ မင်း နားလည်လား"

ငထုံ ငြိမ်သွားပြီဗျ။ ဘာမှမဟရဲတော့ဘူး။ ကြိုးဝိုင်းဒိုင်လူ ကြီးက ဆက်ပြီးနံပါတ်မှတ်တယ်။

"ခုနစ်"

ဟော ကိုရွှေဒိုး ဆတ်ကနဲ တုန်သွားတယ်။

"ရှစ်"

ဟာ လှုပ်လာပြီဗျို့၊ လှုပ်လာပြီ။

"ကိုး"

"ဝေး"

"ရွှေဒိုးကွ၊ ရွှေဒိုး၊ ဒါမှ ထနောင်းကုန်သားကွ၊ ထနောင်း ကုန်းသွေး နီကြောင်း ပြလိုက်စမ်းကွ"

ကိုရွှေဒိုး မားမားကြီးကို ရပ်နေတာဗျ။ စောစောက ဘာမှ ဖြစ်မသွားသလိုပါပဲဗျာ။ နည်းနည်းတော့ ခုန်ဆွ ခုန်ဆွ လုပ်နေ တယ်။ သူ့ခေါင်းကိုလည်း ဘယ်ညာချိုးလိုက်တယ်။





"ဂျွတ်၊ ဂျွတ်"

ဟာ ကိုရွှေဒိုး ဇက်ချိုးတဲ့အသံက ကျုပ်တို့တောင် ကြားရ တယ်ဗျ။

အံ့သြစရာကောင်းတာက စောကရင်ဗျ။ ပြန်ထလာတဲ့ ကိုရွှေဒိုးကို ပါးစပ်ကြီးဟပြီး ကြောင်ကြည့်နေတာဗျ။ ကိုရွှေဒိုး ပြန်ထလာတာကို သူလည်း တော်တော်ကို အံ့သြနေတဲ့ပုံပဲဗျ။

"ဝေး"

"ရွှေဒိုးဟေ့"

ကိုရွှေဒိုးက စောကရင်ကို မထေမဲ့မြင် အမူအရာနဲ့ လက် ယပ်ခေါ်တယ်။

ကျုပ် ကြားဖူးတယ်ဗျ။ လက်ဝှေ့သမားကောင်းဆိုတာ ဘယ်နှခါလဲလဲ ပြန်ထနိုင်ရမယ်တဲ့ဗျို့။ ဟော စောကရင် ပြေးဝင် သွားပြန်ပြီ။ စောကရင်က လက်ဖျံရိုးတစ်လုံးတည်းပါတဲ့ သူ့ရဲ့ အားသာချက်ကို သူ သိနေတာကိုးဗျ။ အတူယှဉ်ပြီး တစ်ယောက် တစ်ချက်ထိုးရင် လက်သီးပြင်းအားမှာ သူ့ကို ကိုရွှေဒိုး မယှဉ်နိုင်ဘူး ဆိုတာ သိနေတာဗျို့။

ကိုရွှေဒိုးကလည်း လူပါးပဲဗျာ။ ဒီတစ်ခါ ပြေးဝင်လာတဲ့ စောကရင်ကို အနားရောက်တဲ့အထိ အကပ်မခံတော့ဘဲ ညာဖြောင့် လက်သီးနဲ့ လှမ်းထောက်ထားတယ်။

"ဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဒိုး ထိုးလိုက်တဲ့ ညာဖြောင့်လက်သီးက စောကရင်ရဲ့ ဘယ်ဘက်ရင်အုံကို တန်းထိတာဗျ။ အနားကပ်ပြီး ထိုးဖို့ကို စိတ်စောနေတဲ့ စောကရင် တုန့်ကနဲ ရပ်သွားတယ်။

"အဲဒါ တရွှေလက်သီးကွ၊ မြည်းကြည့်ပေတော့"

"ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟာ မြန်လိုက်တဲ့ ကိုရွှေဒိုးဗျာ၊ ဖြောင့်လက်သီး သုံးချက် ဆက်ထိုးတာဗျ။ စောကရင်ကလည်း ကာတာပဲဗျ။ ဒါပေမဲ့ ကိုရွှေဒိုးရဲ့ လက်သီးပြင်းအားကို စောကရင် ဘယ်လိုမှ ကာလို့မရဘူး။ ငုံ့ရှောင်လို့လည်း မလွတ်ဘူးဗျ။ ကိုရွှေဒိုးရဲ့ လက်သီးက အောက်ကို နှိမ့်ပြီး လိုက်ထိုးတယ်။

စောကရင် နောက်ကို ခုန်ပြီးဆုတ်တယ်။ လိုက်တယ်ဗျို့။ ကိုရွှေဒိုးကလည်း ခုန်ပြီးလိုက်တာဗျ။

"ဘုန်း၊ ဘုန်း၊ ဘုန်း"

ထိုးချက်ကလည်း တစ်မျိုးတည်းဗျ၊ ညာဖြောင့်လက်သီး ထိုးတဲ့နေရာကလည်း တစ်နေရာတည်းဗျ၊ ဘယ်ဘက်ရင်အုံ။ တစ်ချက်မှလည်း မလွဲဘူးဗျ။ မြန်လိုက်တဲ့ လက်သီးချက်ကလည်း သေနတ်ကျည်ဆံလားထင်ရတယ်။

"ခွပ်"

ရင်ဘတ်ကို ထိုးနေရာကနေ စောကရင်ရဲ့ လွတ်နေတဲ့ မေးဖျားကို တစ်ချက်ထိုးလိုက်တယ်ဗျ။ စောကရင် တစ်သက်မှာ





ဒီလောက်မြန်တဲ့ လက်သီးချက်မျိုး မြင်ဖူးပုံမပေါ်ဘူးဗျ။ ဘယ်လိုရှောင်ရမှန်းကို သိပုံမပေါ်တာ။ စောကရင် ခေါင်းက နောက်ကို လန်သွားတယ်။

"ဘုန်း၊ ဘုန်း၊ ဘုန်း"

ကိုရွှေဒိုးကတော့ ဒီတစ်နေရာတည်းကိုပဲ ဆက်တိုက်ထိုးနေတာဗျို့။

"ဝေး"

"ရွှေဒိုးတဲ့ဟေ့"

ဆိုတဲ့ အသံကြီးတွေကတော့ မြေကြီးပါ တုန်နေသလားထင်ရတယ်ဗျာ။

ဟော ဘာမှပြန်မခုခံနိုင်တော့တဲ့ စောကရင်ကို ပွဲသိမ်းထိုးထိုးနေတဲ့ လက်သီးချက်တွေကို ရပ်လိုက်ပြီး ညာလက်သီးကို တစ်ကိုယ်လုံး အားထည့်လိုက်တယ်။

"တရွှေလက်သီးတဲ့ဟေ့"

"ဘုန်း"

"အင့်၊ ဒုတ်၊ ဘုန်း"

ကိုရွှေဒိုးရဲ့လက်သီး ထွက်လာလိုက်တာ အမြောက်ကျည်ဆံထွက်လာသလား ထင်ရတယ်ဗျာ။ 'ဝီး'ကနဲတောင် မြည်သွားတယ်။ စောကရင်ရဲ့ ယောင်ကိုင်းနေတဲ့ ဘယ်ဘက်ရင်အုံကို 'ဘုန်း'ကနဲ ထိသွားတယ်။ စောကရင်ပါးစပ်က 'အင်း' ဆိုတဲ့ ညည်းသံကြီးထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မြေပြင်ပေါ်ကို 'ဒုတ်'ကနဲ ဒူးထောက်လျက်ကြီး ပြုတ်ကျသွားတယ်၊ ပြီးတော့မှ စောကရင်ရဲ့ ကိုယ်လုံးကြီးက ရှေ့ကို ဟပ်ထိုးကြီး ပြုတ်ကျသွားတယ်။ ဟာ သွေးတွေဗျို့၊ သွေးတွေ။ စောကရင်ရဲ့ ပါးစပ်က သွေးတွေ ဒလဟောကို စီးကျလာတာဗျ။ မြေကြီးပေါ်ကို အိုင်ထွန်းသွားတာ။

"တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်"

"ဝေး"

"ရွှေဒိုး နိုင်ပြီကွ"

"တို့ရွာသား နိုင်ပြီဟေ့"

လူဆိုတာ ခွေးနှစ်ကောင်ကိုက်ရင်တောင် ကိုယ့်အိမ်က ခွေးကို နိုင်စေချင်တာမို့လားဗျ။ အော်သံဟစ်သံတွေက ကျွက်ကျွက်ကို ညံနေတော့တာပေါ့ဗျာ။ ဆေးမှူးနဲ့ ဒိုင်လူကြီးတွေ၊ အနီးအနားရွာတွေက သူကြီးနှစ်ယောက်ရယ် အားလုံးခုနစ်ယောက် စောကရင်ကို စစ်ဆေးကြတယ်။ ဆေးမှူးက သေသေချာချာ စစ်ပြီးမှ ခေါင်းခါပြတယ်။

"အသက်မရှိတော့ဘူးဗျ၊ ရင်ဘတ်အောက်က အရိုးကျိုးပြီး နှလုံးကို ထိုးစိုက်သွားပုံရတယ်"

"ဟာ သေသွားပြီတဲ့ဟ၊ ဒါဆို ရွှေမိုးအတွက် ကျေပြီပေါ့ကွာ"





တစ်ယောက်တစ်ပေါက် ပြောကြပြန်တာပေါ့ဗျာ။ ကြိုးဝိုင်းဒိုင်လူကြီးက ကိုရွှေဒိုး နိုင်ကြောင်း ကြေညာတယ်။ စောကရင်သေသွားပေမယ့် လက်ဝှေ့ပွဲ မစခင် လက်မှတ်ရေးထိုးကြတာဆိုတော့ ရာဇဝတ်မှု မမြောက်တဲ့အကြောင်းကို ထုံးစံအတိုင်း ဒိုင်လူကြီးက ရှင်းပြတယ်။

စောကရင်ရဲ့အလောင်းကို ကိုရွှေမိုးရဲ့ အလောင်းလိုပဲ ကပ်နဲ့သယ်ထုတ်သွားတယ်။ ကိုရွှေဒိုးကိုတော့ ဆုကြေးတွေ ပေးလိုက်တာပေါ့ဗျာ။ ဒီနှစ် ရွှေတောင်ဦးဘုရားပွဲမှာ ကျင်းပတဲ့ လက်ဝှေ့ပွဲကြီးကတော့ မကြုံစဖူးတွေကြုံပြီး ပြီးသွားခဲ့တာပေါ့ဗျာ။

အဲဒီမှာတင် ဇာတ်လမ်းက စတော့တာဗျ။ ရွာသားတွေက ကိုရွှေဒိုးကို ပခုံးမှာထမ်းပြီး ရွာထဲခေါ်သွားကြတယ်။ ရွာထဲမှာ လျှောက်လှည့်ကြတယ်။ လူတွေကလည်း နောက်ကအုံပြီး လိုက်သွားကြတာပေါ့ဗျာ။

အဲဒီည အောင်ပွဲခံကြတာပေါ့။ ကျုပ်လည်း သွားပါတယ်။ တို့ရွှေဒိုးတို့အိမ်က ဝိုင်းထဲမှာ အောက်လင်းဓာတ်မီးတွေ ထွန်းလို့ဗျ။ အားလုံးပျော်နေကြတာ။

"ရွှေဒိုးရေ မင်းကတော့ မင်းအစ်ကို ရွှေမိုးအတွက် တာဝန်ကျေလိုက်ပြီပေါ့ကွာ"

ရွာသားတွေက တစ်ယောက်တစ်ပေါက်နဲ့ ပြောဆိုပြီး တို့ရွှေဒိုးကို ဂုဏ်ပြုနေကြတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ငါ့ညီ ရွှေဒိုး ပြောစမ်း၊ မင်း ဘာစားချင်လဲ၊ ဘာသောက်ချင်လဲ၊ ဘယ်လောက်ကုန်ကုန် အစ်ကို ကျွေးမယ်၊ ငါ့ညီကို ဂုဏ်ပြုချင်လွန်းလို့ကွ"

ကိုရွှေသောင်းကြီးဗျ။ ဒယီးဒယိုင်နဲ့ ဝိုင်းထဲဝင်လာပြီး ကိုရွှေဒိုးကို မေးတယ်။

"ကျုပ် ဘဲကင်နှစ်ကောင် စားမယ်၊ ပြီးတော့ အရက်နှစ်ပုလင်း သောက်မယ်"

"ဟာ ရတာပေါ့ ရွှေဒိုးရ၊ ရတာပေါ့၊ ဟေ့ကောင် စံဘော်လာကွာ၊ မင်းတို့အစ်ကိုကြီးရွှေဒိုး ထနောင်းကုန်းသား သတ္တိခဲကြီးအတွက် အခုချက်ချင်း သွားဝယ်စမ်းကွာ၊ ရော့ ဟောဒီမှာ ပိုက်ဆံ၊ ငပိန့်ကို ပြောလိုက်၊ လိုရင် နောက်နေ့ ကိုရွှေသောင်း ပေးမယ်လို့"

စံဘော်နဲ့ ကောင်လေးနှစ်ယောက် ချက်ချင်းပြေးသွားကြတယ်။ ဒီအချိန်မှာက ကိုရွှေဒိုးအတွက်ဆိုရင် ဘာမဆိုလုပ်ပေးမယ့်လူချည်းပဲဗျ။

မကြာပါဘူး၊ စံဘော်တို့အုပ်စု ဘုရားပွဲဈေးက အပြေးပြန်ရောက်လာတယ်။

"ရော့ ညီလေး သောက်၊ စား"

ကိုရွှေသောင်းက ကိုရွှေဒိုးအတွက် ဘဲကင်နှစ်ကောင်နဲ့ အရက်နှစ်ပုလင်း ချပေးလိုက်တယ်။ အရက်ကတော့ အဖြူပေါ့ဗျာ။

"နေဦးဗျ၊ ဒီမှာ ကိုပိန်က ကိုကြီးရွှေဒိုးအတွက် ဂုဏ်ပြုတဲ့





အနေနဲ့ သပ်သပ်ပေးလိုက်တာ"

"ဘာတုံးကွ ကျောက်ခဲ"

"အရက်တစ်ပုလင်းနဲ့ ဘဲကင်တစ်ကောင်ဗျ"

"ဟာ ကောင်းတာပေါ့ကွာ၊ သိပ်ကောင်းတာပေါ့"

ကိုရွှေဒိုးက အရက်ပုလင်းကိုဖောက်ပြီး ဒီအတိုင်း မော့သောက်တာဗျ။

"ဟာ"

ကျုပ်တို့တွေ 'ဟာ'ကနဲကို အော်လိုက်မိတာဗျ။ ဘာဖြစ်လို့လဲဆိုတော့ အရက်တစ်ပုလင်းကို မနားတမ်းမော့တာ ကုန်သွားလို့ဗျို့။ ဘဲကင် စားတယ်။

"ဟာ"

ဘဲတစ်ကောင်ကို စားလိုက်တာမှ ပြိုက်ကနဲကို ကုန်သွားတာဗျို့။

"ရွှေဒိုး တောထဲမှာသွားပြီး လက်ဖွေ့ကျင့်နေတုန်း ဘာမှမစားဘူးထင်တယ်ကွ"

"ဟုတ်မှာပေါ့ဗျ၊ အစ်ကိုအတွက် ဖောကပ်နေတာ ရှိမှာပေါ့ဗျ"

"မဟုတ်ဘူးဗျ၊ ဒါယောကျ်ားအားမာန်ဗျ၊ စစ်ပွဲနိုင်တဲ့ စစ်သူကြီးလိုနေမှာပေါ့ဗျာ"

ဟာ သောက်ပြန်ပြီဗျို့၊ နောက်တစ်ပုလင်း။ ဒီတစ်ပုလင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်မော့တည်းပဲဗျ။ အကုန်ပြောင်သွားတော့မှ ပါးစပ်က ပုလင်းကို ခွာလိုက်တာဗျ။

ဟာ စားပြန်ပြီဗျို့။ ဘဲကင်နောက်တစ်ကောင်။ ဒါလည်း ပြုံးကြိက်ကနဲ ပြုံးကြိက်ကနဲ ကုန်သွားတာပါပဲဗျာ။ ဝိုင်းထဲမှာ လူတွေက လည်း ပြည့်လို့။ ကိုရွှေဒိုးကလည်း သောက်ဆဲ စားဆဲဗျ။ ကျုပ်က တော့ အိမ်ပြန်လာခဲ့တယ်။ ဘုရားပွဲဘက်တောင် ကျုပ် ပြန်မသွား ဘူးဗျ။ ဘယ်လိုဖြစ်တယ်မသိဘူး၊ အိပ်ချင်တာ မျက်လုံးကြီးတွေ လေးပြီး ပိတ်ကျလာတာ။

ကျုပ် အိမ်ရောက်တာနဲ့ အိပ်ရာထဲဝင်ပြီး အိပ်တော့တာဗျို့။ အဘနဲ့ အမေတောင် မအိပ်ကြသေးဘူးဗျ။

"ဟာ တာတေ၊ နေမကောင်းဘူးလား၊ တန်းအိပ်တော့တာပဲ၊ ဘာဖြစ်လို့တုံး"

"ဘာမှမဖြစ်ပါဘူး အမေရ၊ ကျုပ် အိပ်ချင်လို့ပါ"

"ငွေစိန်ရယ် နင့်သား ဘုရားပွဲမှာ ညတိုင်းလုပ်ကိုင်နေတာ ဘယ်လောက်ကြာပြီတုံး၊ ဒီကြားထဲ ကိုရွှေမိုးကိစ္စက ပေါ်လာတော့ အဲဒီမှာ သွားလုပ်ကြရသေးတာမို့လား၊ အိပ်ချင်မှာပေါ့၊ အိပ်၊ အိပ် လူလေး"

ကျုပ် အိပ်ပျော်သွားတယ်။ ဘယ်လောက်ကြာသွားလဲတော့ မသိဘူးဗျ။

"တာတေ ထစမ်း၊ ငါ နင့်ကို ပြောစရာရှိလို့ လာတာ"





ကျုပ် ဆတ်ကနဲ ကုန်းထတယ်။ ကျုပ်အိပ်တဲ့ကုတင်ဘေးမှာ ရပ်နေတာ မဖဲဝါဗျ။ ဟိုတစ်ခါ ညောင်ကုန်းကအပြန် တွေ့တဲ့ ကောင်မလေးပုံစံဗျ။

*(မဖဲဝါရဲ့အိမ်မှာ ပုံစံပြောင်းထားတဲ့ မဖဲဝါအကြောင်း ကျုပ် ရေးခဲ့ပြီးပါပြီ)*

"အမိန့်ရှိပါ သချိုင်းရှင်မ မဖဲဝါ"

"တာတေ လက်ဖွဲ့ပွဲမှာ ကရင်ကို ထိုးသတ်သွားတာ ရွှေဒိုး မဟုတ်ဘူးဟဲ့၊ အဲဒါ ရွှေမိုး၊ တစ္ဆေဖြစ်နေတဲ့ ရွှေမိုး ထိုးတာ၊ ရွှေဒိုးက သတိလစ်ပြီး လိပ်ပြာလွင့်သွားတဲ့အချိန် ဘေးမှာအဆင်သင့်စောင့်နေတဲ့ ရွှေမိုးက ရွှေဒိုးရဲ့ကိုယ်ထဲကို ဝင်လိုက်တာ၊ နင်တို့ မကြားကြဘူးလား၊ တစ္ဆေလက်သီးလို့ ရွှေမိုး အော်တာကို"

"ဟာ ဒါတော့ ကြားသားဗျ၊ ကျုပ်က လက်ဝှေ့ရေးတစ်ခုလို့ ထင်လို့"

"နင် အခုချက်ချင်းသွား၊ ငါ့ကိုယ်ခွဲအရုပ်ကိုပြပြီး ရွှေမိုးကို ထွက်ခိုင်းလိုက်၊ ကြာရင် ရွှေဒိုး ပြန်ဝင်လို့ရမှာ မဟုတ်ဘူး၊ အဲဒီ ဝိုင်းထဲမှာ ရွှေဒိုး ရှိတယ်၊ ရွှေမိုး ထွက်သွားရင် ရွှေဒိုးရဲ့ ဝိညာဉ်က ချက်ချင်းပြန်ဝင်လိမ့်မယ်၊ သွား တာတေ၊ နင် အခုသွား"

ကျုပ် လန့်နိုးသွားတယ်။ ဖြစ်မှဖြစ်ရလေဗျာ။ ကျုပ် ဆိုင်း မနေတော့ဘူး။ မှုက်ကွင်းဆေးကွင်းပြီး ကတ္တီပါအိတ်အနက်ကလေး ကို ယူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘနဲ့ အမေကတော့ အိပ်ပျော်နေကြပြီဗျ။ ည(၁၁)နာရီပဲ ရှိသေးတာပါ။ ကိုရွှေဗိုးတို့ဝိုင်းထဲ ကျုပ်ရောက်တော့ ကိုရွှေမိုး တစ္ဆေက ပွဲခံလို့ကောင်းတုန်းဗျ။ လူတွေကတော့ ပြန်ကုန်လို့ တော်တော်နည်းသွားပါပြီ။ ကိုရွှေဗိုးတို့မိသားစုနဲ့ လူရင်းတွေပဲ ကျန်ပါတော့တယ်။

"ကိုရွှေမိုး ဒါကို သေသေချာချာ ကြည့်စမ်းဗျာ"

ကျုပ်က ကတ္တီပါအိတ်အနက်ထဲက မဖဲဝါရဲ့ ကိုယ်ခွဲအရုပ်ကလေးကိုထုတ်ပြီး တစ္ဆေကိုရွှေမိုးကို ပြတယ်။

ကိုရွှေမိုးက မျက်လုံးကြီး ပြူးသွားပြီး ချက်ချင်းနောက်ကို ဆုတ်သွားတယ်။ ပြီးတော့ ဒူးထောက်ပြီး ခေါင်းကြီးငုံ့ထားတယ်။

"ဟော့ကောင် တာတေ မင်း ဘာပြောတာလဲ၊ ဒါက ရွှေဗိုးလေ၊ ရွှေမိုးက သေမှပဲ"

"ခင်ဗျားတို့ မသိဘူး၊ ခဏငြိမ်နေကြပါ၊ ဒါ ကိုရွှေဗိုး မဟုတ်ဘူး၊ ကိုရွှေမိုး ဝင်နေတာ"

"ဟေ ဟုတ်လား၊ ဒါကြောင့်ကိုးကွ၊ ငါ ထင်တော့ ထင်သားကွ၊ ရွှေဗိုးက အရက်မှ မသောက်တတ်တာ၊ ရွှေမိုးကသာ အရက်သောက်တာ"

ကိုရွှေသောင်းက အံ့ဩတဲ့အသံကြီးနဲ့ ပြောတာဗျ။

"ကိုရွှေမိုး ခင်ဗျား ကြာကြာဝင်နေရင် ခင်ဗျားညီ ကိုရွှေဗိုး ပြန်လာလို့ရမှာ မဟုတ်တော့ဘူး၊ ခင်ဗျားညီပါ သေသွားလိမ့်မယ်"





ကိုရွှေမိုး ခေါင်းညိတ်ပြီး မျက်ရည်တွေ ကျနေတယ်။ သူတို့မိသားစုတွေ ငိုကြတော့တာပေါ့ဗျာ။ ကျုပ်လည်း ဘာတတ်နိုင်မှာတုံး။ ဒါ မဖဲဝါကိုယ်တိုင် လွှတ်လိုက်တာပဲ။ ဒီလိုမလုပ်ရင် ညီအစ်ကို နှစ်ယောက်လုံး သေသွားမှာ။

"တာတေ ငါ သွားမှာပါကွာ၊ ငါ့ညီရွှေဗိုးကို ငါ့လို အဖြစ်မခံပါဘူး တာတေရာ၊ မင်း ရွှေဗိုးကို တစ်ခုတော့ ပြောပေးပါကွာ၊ နောင်ကို ဘယ်တော့မှ လက်ဝှေ့မထိုးပါနဲ့လို့"

"ဟာ ပြောပေးပါ့မယ်ဗျာ၊ ကျုပ် ပြောပေးပါမယ်"

ဟော ဆတ်ကနဲတုန်သွားတယ်ဗျ။ ဒူးထောက်ပြီး ခေါင်းကြီးငုံ့ထားတဲ့အတိုင်း ငြိမ်ကျသွားတယ်။ ကျုပ် သိတာပေါ့ဗျာ ကိုရွှေမိုး ထွက်သွားပြီ။

ဟော ဟော ငုံ့ထားတဲ့ခေါင်းက ဖြည်းဖြည်းလေး မော့လာတယ်။ ပြီးပြီလေ။ ကိစ္စပြီးသွားပြီ။ ကျုပ် မဖဲဝါရဲ့ကိုယ်ခွဲအရုပ်ကလေးကို ကတ္တီပါအိတ်အနက်ကလေးထဲကို ပြန်ထည့်လိုက်တယ်။

"ရွှေမိုး မင်း ဘာစားချင်သေးတုံး၊ အစ်ကို ကျွေးမယ်"

ကိုရွှေသောင်းကြီးက ငိုသံကြီးနဲ့ ပြောလိုက်တယ်။ ဘေးက လူတွေကလည်း မျက်ရည်သုတ်နေကြတာပေါ့ဗျာ။

"ကိုကြီးရွှေသောင်း ဒါ ကိုရွှေမိုး မဟုတ်တော့ဘူး၊ ကိုရွှေဗိုး ပြန်ရောက်လာတာဗျ၊ ကိုရွှေမိုးက သွားပြီ"

"ဟေ ဟုတ်လား တာတေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဒိုးက လူတွေကို ကြောင်တောင်တောင်နဲ့ လိုက်ကြည့်နေတယ်။ သူ ဘယ်ရောက်နေတာတုံးဆိုတာကို မသိသလိုပဲဗျ။

"ကျုပ် ဘယ်ရောက်နေတာတုံး"

"ကိုကြီးရွှေဒိုး၊ ဒါ ခင်ဗျားတို့အိမ်လေ၊ ညက ခင်ဗျား လက်ဝှေ့ထိုးတယ်လေဗျာ၊ ခင်ဗျား နိုင်သွားတာလေ"

ကျုပ်က ကိုရွှေဒိုး သတိရအောင် ပြောပြလိုက်တယ်။

"ဟေ ဟုတ်လား၊ ဟိုစောကရင်ရော"

"ခင်ဗျား ထိုးလိုက်လို့ သေသွားပြီဗျ"

"ဟင် ဟုတ်ရဲ့လား တာတေရ၊ စောတရင် ပြေးပြီး ဒူးနဲ့ တိုက်လို့ ငါ လဲသွားတာလေကွာ"

"ဟုတ်တယ်၊ ဒါပေမဲ့ ခင်ဗျား ပြန်ထလာပြီး စောကရင်ကို ဆက်တိုက်ထိုးလိုက်တာ စောကရင် ရင်ဘတ်က အရိုးကျိုးပြီး နှလုံးမှာ စိုက်သွားတယ်တဲ့ဗျ၊ ခင်ဗျားရဲ့ ညာဖြောင့်လက်သီးက တော်တော်ကိုပြင်းတာ ကိုရွှေဒိုးရ"

"ဟာ မဟုတ်တာကွာ၊ ငါက ဘယ်သန်ကွ၊ ဘယ်ဖြောင့်ပဲ ထိုးတာ၊ ရွှေမိုးက ညာသန်၊ သူက ညာဖြောင့်ထိုးတာ"

"မင်း အော်,အော်ပြီး ထိုးတာလေကွာ၊ ရွှေဒိုးရာ၊ တရွှေ လက်သီးကွ မြည်းကြည့်စမ်းဆို"

ကိုရွှေသောင်းကြီးက ဝင်ပြောတာဗျ။

"တရွှေလက်သီး ဟုတ်လား၊ ကိုကြီးရွှေသောင်း၊ ဘာတုံးဗျ





တရွှေလက်သီးဆိုတာ၊ ကျုပ်ဖြင့် ကြားတောင် မကြားဖူးပါဘူးဗျာ"

ကိုရွှေဒိုးက ဖူးရောင်နေတဲ့ သူ့မျက်နှာကို ကိုင်ကြည့်ပြီး စုတ်သပ်တယ်ဗျ။

"ကဲ ကိုကြီးရွှေသောင်း စောစောက ကိုရွှေမိုးက တရွှေမို့ လို့ မနာပေမဲ့ ကိုရွှေဒိုးက လူဆိုတော့ ဒဏ်ရာတွေ နာနေပြီဗျ၊ ဆားကြပ်ထုတ် မြန်မြန်လုပ်ပေးတော့ဗျာ၊ ကျုပ်တော့ ပြန်ပြီဗျို့"

ကျုပ် အိမ်ပြန်ရောက်တော့ သန်းခေါင်ကြက်တောင် တွန်နေပြီဗျ။

**တာတေ**

□□□



www.burmeseclassic.com

www.burmeseclassic.com



# ကျွတ်တွင်း

တာတေ ငယ်ငယ်တုန်းက ယင်းချောင်းဘေးက သဲသော
ပေါ်မှာ သဲပုရစ်တွေလိုက်ဖမ်းရတာ လွှတ်ပျော်တာဗျ။ သူငယ်ချင်း

အရှေ့ဘက်ကောင်းကင်



ယင်းချောင်းထဲမှာ ရေဆင်းကူးလိုက် သဲထဲမှာ ပုရစ်လိုက်ဖမ်းလိုက်ကြနဲ့ ရေတာစ်ခါချိုးရင် နှာရိုးနဲ့ချိုပြီး ကြာတာဗို့။

သဲပြင်မှာ ပုရစ်တွင်းလေးတွေ လိုက်ရှာကြရတယ်။ ပုရစ်ရှာတဲ့အထဲမှာ အောင်စိန်က အလျင်ဆုံးဗျ။ (အောင်စိန့်အကြောင်းကို 'ကဝေပျံ' စာအုပ်ထဲက ပျော်တတ်တဲ့ ဝိဉာဉ်မှာ ဖတ်ကြည့်ပါ။) အောင်စိန်က ပုရစ်ကျင်းတွေ့ရင် ပုရစ် ရှိ၊မရှိ၊ အရင်နေသွားတဲ့ကျင်း ဟောင်းလား အခုနေတဲ့ ကျင်းသစ်လားဆိုတာ ကြည့်ရုံနဲ့သိတဲ့ကောင်ဗျ။ ပုရစ်လိုက်ပြီဆိုရင်လည်း ထွက်ပေါက်ကိုရှာပြီး အရင်ပိတ်ထားလိုက်တာပြီးမှ သဲကိုယက်ပြီး ပုရစ်ဖမ်းတာ။ အောင်စိန်ပါရင် ကျုပ်တို့ ပုရစ်အများကြီးရတာဗျ။ လွှတ်ပျော်ကြတာ။

ပုရစ်ကျော်တဲ့ နေရာမှာတော့ ရွာအရှေ့ပိုင်းမှာနေတဲ့ အောင်ဆင့် ဆိုတဲ့ကောင်က အကျွမ်းကျင်ဆုံးဗျ။ အောင်ဆင့်များ ပုရစ်ကျော်လိုက်တော့ မီးလွန်တာ၊ မီးနဲတာ လုံးဝမရှိဘဲ ပုရစ်တွေက အရောင်ညီပြီးထွက်လာတာ။

စားရင်လည်း လွှတ်အရသာရှိတာဗျ။ လူကြီးတွေကတော့ ထန်းရည်နဲ့ မြည်းကြတာပေါ့ဗျာ။ ခုတော့ ကျုပ်တို့လည်း ပုရစ်မဖမ်းတာကြာပါပြီ။ ရွာမှာ ကျုပ်တို့က ကာလသားပိုင်းကို ရောက်ပြီလေဗျာ။ ရှာရေးရွာရေး လုပ်နေကြရပြီမို့လား။

"ကိုကြီးတာတေ ကိုကြီးတာတေ ရှိလား"

ကျုပ် အိမ်ပေါ်က လှမ်းကြည့်လိုက်တယ်။ ဝိုင်းဝမှာရပ်နေတာ

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲဗျ။

*(ကျောက်ခဲနဲ့ သံမဏိအကြောင်းကို မဖဲဝါရဲ့အိမ် စာအုပ်ကတောင်ကျရေမှာ ဖတ်ကြည့်ပါ။)*

"ကျောက်ခဲ လာလေ အိမ်ပေါ်ကို"

ကျောက်ခဲ ဝိုင်းထဲဝင်လာတယ်။ ကျုပ်အိမ်ပေါ်မှာရှိမှန်းသိတော့ ဒီကောင် တန်းတက်လာတာပေါ့ဗျာ။

"ဘယ်ကလှည့်လာတုံး ကျောက်ခဲရ"

"ကိုကြီးတာတေစားဖို့ ပုရစ်တွေ လာပို့တာ၊ ကျုပ်နဲ့ သံမဏိမနေ့ကလိုက်ဖမ်းထားတဲ့ ပုရစ်တွေဗျ"

"ဟေ...ဟုတ်လား၊ မွေးနေတာပဲကွာ"

"ဟာ...ကိုကြီးတာတေ သံမဏိက ပုရစ်ကြော်တာ လွှတ်ကောင်းတဲ့ကောင်ဗျ"

ကျုပ်က ပုရစ်ကြော်ဆိုရင် ဟန့်ဆောင်နိုင်တာ မဟုတ်ဘူးဗျ။ ပုရစ်တစ်ကောင်ကို ချက်ချင်းကောက်စားလိုက်တယ်။

"လက်ဖက်နဲ့စားရင်တော့ တော်တော်ကောင်းမှာကွ ကျောက်ခဲရ"

"ကိုကြီးတာတေ လက်ဖက်စားချင်လို့လား၊ ကျုပ် ဈေးဆိုင်မှာ ပြေးဝယ်လိုက်မယ်လေ"

ကျောက်ခဲဆိုတဲ့ကောင်က ကျုပ်ဆို လွှတ်ခင်တာဗျ။ သံမဏိလည်း ခင်တာပါပဲ။





"ဟဲ့..ကျောက်ခဲရဲ့ ဈေးဆိုင်မပြေးရပါဘူးဟဲ့၊ အဓိုးငွေစိန်မှာဝယ်ထားတာရှိပါတယ်၊ နေဦး အဓိုး လက်ဖက်နယ်လိုက်ဦးမယ်"

လို့ အမေက ဝင်ပြောရင်း အိမ်နောက်ဖက်ဝင်သွားတယ်။ ကျုပ်က ပုရစ်နှစ်ကောင် ကောက်ဝါးလိုက်ပြီး နဂါးဆေးပေါ့လိပ်ကလေး မီးညှိပြီးဖွာတာပေါ့ဗျာ။

မကြာဘူးဗျ အမေက လက်ဖက်အုပ်ကလေး ယူလာတယ်။

"ရော့..တာတေ လက်ဖက်၊ ပေးစမ်း ပုရစ် တစ်ကောင်နှစ်ကောင် ငါလည်း ပုရစ်နဲ့ လက်ဖက် စားစမ်းမယ်"

တန်းလျားမှာ အမေပါ ဝင်ထိုင်ပြီး လက်ဖက်စားတယ်ဗျ။ အမေက ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်ပြီး ထသွားတယ်။

"စားကွ ကျောက်ခဲရ လက်ဖက်နဲ့ ပုရစ်ကျော် အားကြီးလိုက်တာကွ ငါတော့ ကြိုက်တယ်"

ကျောက်ခဲက ပုရစ်ကိုတစ်ကောင် ယူဝါးတယ်။ ပြီးမှ လက်ဖက်တစ်ဖွန်း ခပ်ဝါးတယ်။

"ကိုကြီးတာတေဆီကို ကျုပ်လာတာ ပုရစ်လည်းပေးရင်းပြီးတော့ ရွာထဲကသတင်းလည်း ပြောရင်းနဲ့ လာတာဗျ"

"ဟေ..ဘာများတုံးကွ၊ ရွာထဲမယ် ဘာဖြစ်လို့တုံး"

"ကိုကြီးတာတေ ဒီအကြောင်း မကြားသေးဘူးထင်တယ်"

"ဟော့အေး ငါ ဘာမှမကြားသေးဘူးကွ ကျောက်ခဲရ"

"ဒီလိုဗျ မြောက်ပိုင်းက အရှိုးမယ်ခဝိုင်းနဲ့ ကပ်လျက်ဝိုင်းက



www.burmeseclassic.com

www.burmeseclassic.com



ဘိုးထွေးမောင်ကြီးကို ကိုကြီးတာတေ သိတယ်မို့လား၊ သူ့မိန်းမက အရိုးမြကြည်လေဗျာ"

"ဟာ..သိတာပေါ့ ကျောက်ခဲရ အရိုးမယ်ခ ရှိတုန်းက အရိုးမယ်ခဆီသွားရင် ဘိုးထွေးမောင်ကြီးက ငါ့ကို စ,နေကြကွ၊ တာတေ ဆိုတဲ့ကောင်တော့ကွာ ဘယ်နေ့ အူတွေနှုတ်စားခံရမလဲ မသိဘူးလို့ အမြဲ ပြောတာ"

*(အရိုးမယ်ခအကြောင်းကို 'စုန်းမ' ဝတ္ထုမှာဖတ်ပါ။)*

"ဟုတ်တယ်၊ ဟုတ်တယ် အဲဒီ ဘိုးထွေးမောင်တို့ ဝိုင်းထဲမှာ ဖြစ်တာတဲ့ဗျ"

"အေး ဘာဖြစ်တာတုံး ကျောက်ခဲရဲ့"

"ညဘက်၊ ညဘက်ရောက်ရင် ဝိုင်းထဲက စကားပြောသံတွေ ရယ်သံတွေ ကြားရလို့တဲ့"

"ဟင်..ဟုတ်လား"

"ဟုတ်တယ်ဗျ။ အစကတော့ လမ်းကပြောတာလိုလို ဆေး ဝိုင်းကပြောတာလိုလို ထင်နေတာတဲ့၊ နောက်တော့ သေသေချာချာ နားထောင်တော့မှ သူ့တို့ဝိုင်းထဲက ဖြစ်နေတာတဲ့ဗျ"

"ဟာ မဟုတ်သေးပါဘူးကွာ၊ ဆေးချင်းကပ်ဝိုင်းတွေက လူတွေ ပြောကြဆိုကြတာ ရှိမှာပါကွာ"

"မဟုတ်ဘူး ကိုကြီးတာတေ ဘိုးထွေးမောင်ကြီးကိုယ်တိုင် ကျုပ်ကိုပြောတာ၊ ဝိုင်းထဲဆင်းပြီးနားထောင်ရင်တော့ ဘာမှမကြားရဘူး





ဆိုပဲဗျ၊ ချက်ချင်းတိတ်သွားတာတဲ့၊ ဝိုင်းထဲမှာ လူမရှိတော့မှ အိမ်ပေါ်က ကြားနေရတာတဲ့ဗျို့"

"နို့..ဘာအကြောင်းတွေ ပြောတာတဲ့တုံး"

"အဲဒီလိုတော့ မသိရဘူးတဲ့ ကိုကြီးတာတေရ"

"စကားတွေပြောလိုက်၊ ရယ်လိုက်တဲ့ဗျို့၊ ဘာပြောတယ် ဆိုတာကိုတော့ သိကိုမသိတာတဲ့"

"ဒါနဲ့ ဒီအသံတွေကို ဘိုးထွေးမောင်တစ်ယောက်ပဲ ကြားတာ လားကွ"

"မဟုတ်ဘူးဗျ၊ သူတို့တစ်အိမ်လုံး ကြားရတာ၊ အခုတော့ ရွာထဲက သူတို့နဲ့ရင်းနှီးတဲ့လူတွေတောင် ညဘက် သွားသွားနားထောင် ကြတာ ကြားရတယ်ဆိုပဲ"

"ဟော..ဘယ်လိုဟာတုံးကွ၊ တခြားရော ခြောက်တာလှန့်တာ တွေ ရှိသတဲ့လား"

"ဟ..အဲဒီလိုတော့ မရှိဘူးတဲ့ဗျ"

ကျုပ် တွေးကြည့်တယ်၊ ဒါမျိုးတော့ ကျုပ်လည်း တစ်ခါမှကို မကြားဘူးတာဗျ။ အရင်တုန်းကလည်း ဘိုးထွေးမောင်တို့ဆီက ဘာမှ ပြောသံ မကြားပါဘူး။ အခုမှထပြီး ဘယ်လိုဖြစ်တာတုံး။ ကျုပ်လည်း တွေးကြည့်တာ ဘယ်လိုမှ အဖြေမပေါ်ဘူးဗျ။

"အဲဒါ ကျုပ် ဒီည သွားနားထောင်မလို့ဗျ၊ ကိုကြီးတာတေ ရော လိုက်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..ငါ လိုက်လို့ မကောင်းပါဘူးကွာ၊ မင်းပဲသွားနား ထောင်ပါကွာ၊ ထူးခြားတာတွေ့ရင် ငါ့ကို ပြန်ပြောကွာ"

"ဟုတ်ပြီလေ ဒါဆိုရင် ကျုပ် ပြန်ပြောမယ်"

ကျုပ်ရော ကျောက်ခဲရော ပုရစ်ကြော်ကိုမြိန်ခံဝါးနေကြတာဗျို့။

"ဟဲ့..ငွေစိန်ရေ၊ ရှိကြလား"

"ဘယ်သူတုံး ဝိုင်းဝက ဝင်ခဲ့လေ"

အမေက ဝိုင်းထဲကို လှမ်းအော်တယ်။

"ငါပါဟဲ့ ထွေးမောင်ပါ၊ ကိုညာဏ်ရော"

"အော် ကိုရင်ထွေးမောင်လား လာလေ ကိုညာဏ် မြို့ထဲသွား လို့တော့"

"ယော.. ဟုတ်လား။ ဟိုအကောင်တာတေရောရှိလားဟဲ့"

"ရှိပ့ါတော် ဟောဒီမှာ ကျောက်ခဲယူလာတဲ့ ပုရစ်ကြော်တွေ ထိုင်စားလို့တော့"

"တာတေဆိုတဲ့ကောင်ကတော့ကွာ သူ့ရည်းစားမယ်ခ မရှိက တည်းက ငါတို့ဘက်ကို ခြေဦးတောင်မလှည့်ဘူးဟဲ့ နင့်သားက"

ပြောရင်းဆိုရင်း ဘိုးထွေးမောင်က အိမ်ပေါ်တက်လာရောဗျို့။ ကျုပ်ဆိုရင် လွတ်စတဲ့ အဘိုးကြီးဗျ။

"ကိုကြီးတာတေရေ ဘိုးထွေးမောင်ကြီးတော့ အသက်ရှည်ဦး မှာဗျ၊ ခုပဲ ကျုပ်တို့က သူ့အကြောင်းကို ပြောနေကြတာ၊ သူက ချက်ချင်းကို ရောက်လာတာဗျို့၊ တိုက်ဆိုင်ချက်ကတော့ဗျာ"





ကျောက်ခဲ တော်တော်အံ့သြသွားတာဗျ။

"လာ..ဘိုးထွေးမောင် ထိုင်"

ကျုပ်က ဘိုးထွေးမောင်ကို အဘထိုင်တဲ့ ကုလားထိုင်မှာ င်ထိုင်ခိုင်းတယ်။

"ကိုညာဏ်ပေါ် မြို့ဘာသွားလုပ်တုံး ဈေးဝယ်လား"

"ဟိုနေ့က နှမ်းအိတ်တွေ ပို့လိုက်တာလေ၊ အဲဒါ ပွဲရုံမှာ ငွေလည်းယူရင်း ဈေးလေးဘာလေးလည်း ဝယ်ရင်းပေါ့တော်"

"သြော်..အေး..အေး၊ တာတေ ငါ မင်းဆီကို လာတာကွ"

"ဟုတ်ကဲ့ ဘိုးပြောပါ"

"ငါ့ဝိုင်းထဲမှာ ည ညဆိုရင် လူနှစ်ယောက် စကားပြောလိုက် ယ်လိုက်လုပ်နေတဲ့အသံကို ကြားကြားနေရတယ်ကွ"

ကျုပ်က ကျောက်ခဲပြောလို့ သိထားပေမယ့် မသိသလို နေရ ာပေါ့ဗျာ။

"ယောကျ်ားသံလား မိန်းမသံလား ဘိုးရဲ့"

"ယောကျ်ားသံတွေကွ တာတေရ၊ ဘာတွေပြောနေမှန်းတော့ သိဘူးကွ၊ အသံတွေသာ ကြားနေရတာ ဘာတွေပြောနေတယ်ဆိုတာ ယ်လိုမှ နားထောင်လို့ မရဘူးကွ"

"ဟုတ်တယ် ဘိုး၊ ဒီလိုဟာတွေက ဒီအတိုင်းပဲဗျ"

"ယော...ဟုတ်လားကွ၊ တာတေရ"

"ဟာ..ဟုတ်ပါပြီလား ဘိုးရာ၊ ပေကုန်းကို လိုက်ရှာတဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေတွေတုန်းကလည်း ဒီအတိုင်းပဲဗျ။ အသံတွေသာကြားနေရတာ။ ဘာတွေ ပြောနေမှန်းတော့မသိရဘူးဗျ။ အဲဒီတုံးကကျောက်ခဲလည်း ကျုပ်နဲ့ ပါတယ်ဘိုးရ၊ ကျောက်ခဲကို မေးကြည့်ပါလား''

''ဒီကျောက်ခဲလား တောင်ပိုင်းက ငသိန်းသား၊ ဒီကောင့်ကို မင်းက တစ္ဆေမတစ်ယောက်နဲ့ ပေးစားလိုက်ပြီးရော တာတေရာ''

ကျောက်ခဲက ရယ်နေတယ်ဗျ။

''ဒါဆိုရင် ငါ့ပိုင်းထဲကို တစ္ဆေတွေ ရောက်နေတာပေါ့ ဟုတ်လား တာတေ''

ဘိုးထွေးမောင်က ကျုပ်ကို မေးတယ်။ ကျုပ်က ဘာမှပြန် မဖြေဘဲ သူ့ကိုမေးတယ်။

''နေပါဦး ဘိုးရဲ့ ဒီလိုကြားတာ ဘယ်လောက်ကြာပြီတုံး''

''တစ်ပတ်တောင်မကတော့ဘူးကွ၊ ကြားကာစက သေးကပ် လျှက်ပိုင်းကလူတွေ စကားပြောတဲ့အသံထင်လို့၊ နောက်မှ ငါတို့ပိုင်းထဲ ကမှန်း သိတာ''

''ညဆိုရင် ဘယ်အချိန်တွေမှာ ကြားရတာတုံးဗျ''

''ဟာ··နေဦးကွ၊ အင်း··ညသန်းခေါင်ကြက်တွန်ပြီးရင် မကြာဘူးဟေ့ ကြားရတော့တာပဲကွ၊ တစ္ဆေက ဒီတော့မှ အိပ်ရာက နိုးလာသလား မသိပါဘူးကွာ၊ စကားတွေပြောလိုက် ရယ်လိုက်နဲ့ ငါတို့အိမ်က လူတွေလည်း ကောင်းကောင်းမအိပ်ရဲတော့ဘူးကွ၊ အား လုံးကြောက်နေကြပြီ''





''ဒါတော့ ဟုတ်တာပေါ့ ဘိုးရဲ့၊ တစ္ဆေဆိုရင် လူတိုင်း ကြောက်ကြတာပဲ''

''အေး··ပြောရဦးမယ် အခုဟာက စကားတွေတင် ပြောတာ မဟုတ်တော့ဘူးကွ၊ ညတုန်းက အိမ်မှာချက်ထားတဲ့ ကြက်သားဟင်း တွေ မနက်ကျတော့ ဘာမှကို မရှိတော့ဘဲ ပြောင်နေတာဟေ့''

''ဗျာ··ဟုတ်လားဘိုး၊ ဒါဆိုရင် ဒီကောင်တွေ အိမ်ထဲဝင်လို့ ပေါ့ဗျ''

''သြော်··ကြက်သားဟင်းတောင် စားသွားပါတယ်ဆိုမှ တာတေရာ''

''ဟင်··ဒါဆိုရင်တော့ မဖြစ်တော့ဘူး ဘိုးရ''

''အေး··အဲဒါကြောင့် မင်းကို လာခေါ်တာကွ၊ ဒီည မင်း ငါတို့အိမ်ကိုလာခဲ့ပြီး အကဲခတ်စမ်းကွာ၊ ပြီးတော့ မင်း နိုင်တဲ့ကိစ္စဆိုရင် လည်း ဘိုးကို လုပ်ပေးပါလို့ လာပြောတာပါ''

''သြော်··ကိုရင်ထွေးမောင်ရယ်၊ တာတေက ဟိုရွာ ဒီရွာတွေ တောင် အကြောင်းပေါ်ရင် လိုက်ပြီးလုပ်ပေးနေသေးတာ၊ ကိုရင့်ကိစ္စ ကို မလာဘဲ နေမလားတော်''

''အေးပါ ငွေစိန်ရယ်၊ ကဲ ဒါဆိုရင် ဘိုးပြန်မယ် ညကျရင် ဆက်ဆက်လာခဲ့ တာတေရေ''

''ဘိုး··ကျုပ်လည်း လိုက်ခဲ့မှာပါဗျ၊ ဘာမှမစိုးရိမ်ပါနဲ့ဗျာ''

ကျောက်ခဲက ဘိုးထွေးမောင်ကို စတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ..ဟုတ်လား၊ သောက်ကျိုးနဲ့ကွာ ဆရာကျောက်ခဲပါ ကြွမှာဆိုပါလား၊ ငွေစိန်ရေ ကြည့်လည်းလုပ်ပါဟာ ငါ့ဗိုင်းထဲက တချွေတွေကို ကျောက်ခဲ ရိုက်ပုတ်နေပါဦးမယ်၊ ဟား..ဟား..ဟား"

ဘိုးထွေးမောင်ကတော့ ပျော်ပျော်ပဲဗျ၊ ပြောရင်းနဲ့ ဘိုးထွေးမောင် ထပြန်တယ်ဗျ။

ညသန်းခေါင် မရောက်ခင်ကတည်းက ကျုပ်နဲ့ ကျောက်ခဲ ဘိုးထွေးမောင်တို့ဗိုင်းကို ရောက်နေတာဗျ။ ကျုပ်က မျက်ကွင်းဆေး ကွင်းထားပြီးသားပေါ့ဗျာ။

ဟော..ကြားပြီဗျို့။ ကြားပြီ။ ဘိုးထွေးမောင် ပြောသလိုပါပဲ ဗျာ။ သန်းခေါင်ကျော်တာနဲ့ ဗိုင်းထဲက စကားပြောသံတွေ ကြားတော့ တာပဲဗျာ။ ယောကျ်ားကြီးနှစ်ယောက် စကားပြောနေတဲ့ အသံဗျ အောင်မာ ရယ်တောင်ရယ်လိုက်သေးဗျာ။

ကျုပ် သတိထားနားထောင်တယ်။ ဗိုင်းမြောက်ဘက်ကပဲ ကြားရတာဗျ။ တခြားဘက်က ကြားရတာ မဟုတ်ဘူး။

ကျုပ် ဗိုင်းထဲကို မဆင်းဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ အသံ တွေပျောက်သွားမှာစိုးလို့ဗျို့။ ဘာတွေပြောလဲဆိုတာကို ကျုပ်ရော ကျောက်ခဲရော သေသေချာချာ နားစိုက်ထောင်ကြတယ်။ ဒါပေမယ့် သဲသဲကွဲကွဲကြားရတာ မဟုတ်ဘူးဗျ။

ကျုပ် နံရံအပေါက်ကနေ ဗိုင်းထဲကို ချောင်းကြည့်တယ်။ ဘာမှမတွေ့ဘူးဗျ။ သစ်ပင်တွေပေါ်ကြည့်လည်း ဘာမှမတွေ့ဘူး





အသံကြားတဲ့နေရာကို ကျုပ် သေသေချာချာ နားထောင်တယ်။ သေသေ ချာချာကို အာရုံစိုက်ပြီးနားထောင်တော့မှ ကျုပ် သိသွားတာဗျို့။ ဒါမြေ ကြီးထဲကလာတဲ့ အသံဗျ။ ကျုပ် ဒါမျိုး တစ်ခါမှ မကြုံဖူးဘူးဗျို့။ ဥစ္စာစောင့်တွေများလားလို့ ကျုပ် တွေးကြည့်တယ်။ ဒါလည်း ဟုတ်ချင် မှ ဟုတ်မှာဗျ။

"ဘိုး..ဒီညရော ဘိုးတို့အိမ်မှာ ကြက်သားချက်သေးလား"

"ဟာ..မချက်တော့ဘူး တာတေရ၊ အေး..မင်းကို ပြောရ ဦးမယ်ကွ၊ ဒီကောင်တွေက တို့အိမ်မှာ ဟင်းကောင်းချက်တာ သိတယ် ကွ၊ ဟင်းကောင်းချက်မှ လာစားတာ၊ ဟင်းကောင်းမချက်ရင် စားတာ မဟုတ်ဘူးကွ"

"ဘိုး..ဒီကိစ္စကို ကျုပ် လုပ်ပေးမယ်၊ ဒါပေမဲ့ မနက်ဖြန်ညနေ မှာ ထမင်းတစ်ပြည်ချက်နဲ့ ကြက်တစ်ကောင်ချက်ပြီး ထမင်းထုပ် ထုပ်ထားဗျာ၊ ထမင်းတောင်းနဲ့ပေါ့ ဘိုးရာ"

"သြော်.. အေးအေးသိပြီ၊ ဘုန်းကြီးမယ်တော်ကြီး ဖုတ်ထုတ် တုန်းက ဆရာကျော်တို့ လုပ်သလိုပေါ့"

"ဟုတ်တယ် ဘိုး၊ ကျုပ် အဲဒီလိုလုပ်မှာ"

"စိတ်ချတာတေ ဘိုးအားလုံးလုပ်ထားမယ်၊ မင်း ကြိုက်တဲ့ အချိန် လာယူပေတော့"

ကျုပ်နဲ့ ကျောက်ခဲ ပြန်လာခဲ့ရတာပေါ့ဗျာ။ အမှန်မှ မသိသေး တာ။ နောက်နေ့မှာ မီးလောင်ကုန်းက နတ်ဝင်သည် ဒေါ်တုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲက လှည်းနဲ့ သွားခေါ်တယ်လေ။

ညကိုးနာရီမှာ ကျုပ်တို့ ထနောင်းကုန်းသင်္ချိုင်းကို ထွက်ခဲ့တယ်၊ ဂူပေါ်မှာ ထမင်းဟင်းတွေ ပြင်ပြီးတော့ မဖဲဝါကို ကျုပ် ပင့်တာပေါ့ဗျာ။

"အထက်ပုဂ္ဂိုလ်ကြီးတွေရဲ့အမိန့်နဲ့ သင်္ချိုင်းဟူသမျှ အပိုင်စားရပါတဲ့ သင်္ချိုင်းရှင်မ မဖဲဝါဗျာ၊ ထနောင်းကုန်းက တာတေက စားပွဲသောက်ပွဲများနဲ့ ပင့်ဖိတ်ပါတယ်၊ မြန်မကြာ ကြွလာခဲ့ပါတော့ သင်္ချိုင်းရှင်မ မဖဲဝါခင်ဗျား"

မကြာဘူးဗျ၊ မြက်ခင်းလေးမှာ လက်အုပ်ကလေးချီပြီး ဆံပင်ဖားလျားနဲ့ ထိုင်နေတဲ့ နတ်ဝင်သည်ဒေါ်တုတ်က လက်တွေကွေးကောက်လာပြီး တဆတ်ဆတ် တုန်နေတယ်ဗျ။ ဟော..ခုန်ပြီဗျို့။ ဒေါ်တုတ် ခုန်တက်သွားပြီ။ ထမင်းပွဲပြင်ထားတဲ့ ဂူကြီးပေါ်ကို ခုန်တက်ပြီ။ ဒူးခေါင်းကြီးတွေထောင်လျက်နဲ့ စားပြီဗျို့။ မဖဲဝါကို ကျုပ် ကျွေးနေကြပါ။ မဖဲဝါကလည်း ကျုပ်ကျွေးတာကို စားနေကြပါ။ စားရင်းသောက်ရင်းနဲ့ မဖဲဝါက ကျုပ်ကို မော့ကြည့်တယ်။ ဆံပင်ဖားလျားကြီးကြားက မျက်လုံးပြူးကြီးနဲ့ ကြည့်တာဗျို့။

"ဒီလိုပါ မဖဲဝါ၊ ကျုပ်တို့ရွာမြောက်ပိုင်းက ဘိုးထွေးမောင်တို့ဝိုင်းမှာ ညတိုင်း လူနှစ်ယောက် စကားပြောပြီး ရယ်တဲ့အသံတွေကြားနေရတယ်၊ အိမ်ထဲက ကြက်သားဟင်းတွေကိုလည်း ဝင်ပြီးစားသွားတယ်၊ ကျုပ် မျက်ကွင်းဆေးနဲ့ကြည့်တော့လည်း ဘာမှမမြင်ရဘူး မဖဲဝါ၊ အဲဒါ ကျုပ် ဘာလုပ်ရမလဲ"





"ဝိုင်းထဲမှာ ကျတ်တွင်း ရှိတယ်"

"ဗျာ..ကျတ်တွင်းဆိုတာ ဘာတုံး မဖဲဝါ"

"ပုရွက်ဆိတ်တွင်းလောက်ရှိတဲ့ တွင်းလေးထဲမှာ တစ္ဆေနှစ်ကောင်အောင်းနေတာ၊ အပြင်ထွက်လာရင်တော့ လူလောက်ကြီးလာတယ်၊ တွင်းထဲမှာတော့ ပုရစ်လောက်ပဲရှိတာယ်၊ အဲဒါ တွင်းအောင်းတစ္ဆေတွေ အဲဒီတွင်းကို ကျတ်တွင်းလို့ ခေါ်တယ်"

"ဩော်..ဟုတ်လား ကျုပ်တော့ ခုမှပဲ ကြားဖူးတာပါ၊ သင်္ချိုင်းရှင်မကြီးဗျာ"

"ဒီတစ္ဆေတွေ စည်းကမ်းဖောက်တာ၊ သူတို့က တောထဲတောင်ထဲ သင်္ချိုင်းထဲမှာ နေရမှာ၊ လူတွေနေတဲ့ရွာမှာ မနေရဘူး၊ ငါ့ကိုယ်ခွဲရုပ်ကိုယူသွား တွင်းထဲက ထွက်လာဖို့ ငါ့အမိန့်ပေးလိုက်၊ ထွက်လာတော့မှ အမိန့်ပြန်လိုက် တာတေ၊ ရွာထဲက ချက်ချင်းထွက်ရမယ်လို့ပြော၊ မဖဲဝါ အမိန့်လို့ပြော၊ ငါ့ကိုယ်ခွဲရုပ်ကို ပြလိုက်၊ ဦးတိုက်ပြီး ထွက်သွားလိမ့်မယ်"

မဖဲဝါက ကျုပ်ကိုပြောရင်း စားရင်းနဲ့ စားသောက်ပြီးသွားတယ်ဗျ။ ရေသောက် လက်ဆေးပြီး ပြန်ထွက်သွားတယ်။ ဒေါ်တုတ်ကို သတိရအောင်လုပ်ပြီး ကျုပ်တို့ ရွာထဲကိုပြန်ခဲ့တယ်။ ဒေါ်တုတ်ကို ကျုပ်တို့အိမ်မှာပဲ သိပ်ရတာပေါ့ဗျာ။

အဘနဲ့ အမေကလည်း ဒေါ်တုတ်နဲ့ ခင်နေကြပြီဗျ။

ညဆယ့်နှစ်နာရီထိုးပြီးပြီ၊ သန်းခေါင်ကြက်တွန်တာနဲ့ ကျုပ်နဲ့ ကျောက်ခဲလေး ဘိုးထွေးမောင်တို့အိမ်ဝိုင်းကို ရောက်လာကြတယ်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က မျက်ကွင်းဆေးကွင်းထားပြီဗျ။ မဖဲ၀ါကိုယ်တူကိုယ်ခွဲရုပ်ကလေးထည့်ထားတဲ့ ကတ္တီပါအိတ်အနက်ကလေးကို အင်္ကျီအိတ်ထောင်ထဲမှာထည့်ပြီး ယူလာခဲ့တယ်။

ဘိုးထွေးမောင်တို့ဝိုင်းကို ကျုပ်တို့ရောက်တော့ ကျတ်တွင်းထဲက တစ္ဆေနှစ်ကောင်က ခါတိုင်းလိုပဲ စကားတွေပြောပြီး ရယ်နေပြီဗျ။ ကျောက်ခဲကိုတော့ အိမ်ပေါ်မှာပဲ နေခိုင်းရတာပေါ့ဗျာ။ ကျုပ်တစ်ယောက်တည်း ဝိုင်းထဲဆင်းပြီး ဓာတ်မီးနဲ့ထိုးပြီး လိုက်ရှာရတယ်။

ကျုပ် ဝိုင်းထဲရောက်တာနဲ့ စကားသံရော ရယ်သံပါ တိတ်သွားရောဗျ။ ကျုပ်က နေရာကို သေသေချာချာမှတ်ထားတာဆိုတော့ မန်ကျည်းပင်ကြီးရဲ့ တောင်ဘက်ကလေးမှာ ဓာတ်မီးနဲ့ထိုးပြီးရှာတယ်။ ဟော..တွေ့ပြီဗျို့ တွေ့ပြီ။ ဒါပဲ ဖြစ်မယ်ဗျ၊ တွင်းကလေးဗျ။ တွင်းဝကလေးက ဝိုင်းစက်နေတာဗျို့။ ပုရွက်ဆိတ်တွင်းနဲ့လည်း မတူဘူး။ ပုရစ်တွင်းနဲ့လည်း မတူဘူး။ တွင်းဝမှာ ကျစ်စာခဲတွေဘာတွေ မရှိဘူးဗျ။ တွင်းကလေးရဲ့ အနားမှာ တံမြက်စည်းနဲ့ လှည်းထားသလိုကို ပြောင်ရှင်းနေတာဗျို့။

ကျုပ်လည်း ကတ္တီပါအိတ်ထဲက မဖဲ၀ါရဲ့ ကိုယ်ခွဲရုပ်ကလေးကို ထုတ်ယူလိုက်တယ်။

"သချိုင်းရှင်မကြီး ကြွပါ၊ ကျုပ်တာတေ ကျတ်တွင်းထဲက တစ္ဆေတွေကို ရွာကနေ နှင်ထုတ်ပါတော့မယ်"

လို့ ပြောလိုက်တာနဲ့ မဖဲ၀ါရုပ်ကလေးက လှုပ်လာတယ်ဗျ။





"ကဲ..ကျတ်တွင်းထဲက ကျင်းအောင်းတဲ့ တစ္ဆေနှစ်ကောင် အခုချက်ချင်း ကျင်းထဲက ထွက်ခဲ့ကြပေတော့"

ကျုပ်က ကျတ်တွင်းလေးကို ဓာတ်မီးနဲ့ ထိုးထားတာဗျ။ ဟော..ထွက်လာပြီဗျို့။ ပုရစ်လောက်ရှိတဲ့ မည်းမည်းအကောင်လေးနှစ်ကောင်ဗျ။ ဟာ..ကျတ်တွင်းအပြင်ကိုရောက်တာနဲ့ အကြီးကြီးတွေဖြစ်သွားတာဗျို့။ ကျုပ်ကို မျက်လုံးပြူးကြီးတွေနဲ့ ကြည့်နေကြတယ်။ ကိုယ်ပေါ်မှာ ဘာအ၀တ်အစားမှ မရှိဘူးဗျ။ အမွေးအမျှင်တွေ တစ်ကိုယ်လုံး ဖုံးနေတာဗျို့။

"သင်တို့ရဲ့သခင်မ မဖဲ၀ါကို သေသေချာချာ ကြည့်လိုက်စမ်း"

"ဟော..တစ္ဆေနှစ်ကောင် ချက်ချင်းဒူးထောက်ပြီး မဖဲ၀ါရဲ့ ကိုယ်ခွဲအရုပ်ကလေးကို ရှိခိုးနေရောဗျို့"

"သင်တို့နှစ်ကောင် နားထောင်၊ သချိုင်းရှင်မ မဖဲ၀ါရဲ့အမိန့် သင်တို့ဟာ လူတွေနေတဲ့ ရွာတွေမှာ နေခွင့်လုံး၀မရှိဘူး၊ တောထဲတောင်ထဲ သချိုင်းထဲမှာသာ သင်တို့ နေရမှာကို သိလျက်နဲ့ ရွာထဲကို လာနေတဲ့အတွက် သင်တို့နှစ်ကောင်မှာ အပြစ်ရှိတယ်၊ အခုချက်ချင်း လူ့ရပ်ရွာကနေ ထွက်ကြရမယ်၊ မဖဲ၀ါရဲ့ အမိန့်"

တစ္ဆေနှစ်ကောင် မျက်လုံးနီနီကြီးတွေနဲ့ မဖဲ၀ါရဲ့ကိုယ်ခွဲအရုပ်ကို မော့ကြည့်ပြီး တော်တော်ကိုကြောက်ရွံ့သွားကြတာဗျို့။

ပြီးတော့ ဒူးထောက်ထိုင်နေရာကနေ ချက်ချင်းထ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်ကနဲ ပျောက်သွားကြတယ်။ ကျုပ်လည်း ဓာတ်မီးကို ချက်ချင်း ပိတ်မပစ်သေးဘဲ ဗိုင်းထဲမှာ လိုက်ထိုးကြည့်လိုက်တယ်။ ကျတ်တွင်းထဲ က တွင်းအောင်းနေတဲ့ တစ္ဆေတွေ မရှိတော့ဘူးဗျ။ ကျုပ်လည်း ကျောက်ခဲကို ခေါ်ပြီး ကျတ်တွင်းကလေးကို မြေဖို့ခိုင်းလိုက်တယ်။

"ကဲ..ဘိုးရေ အားလုံးပြီးသွားပါပြီ၊ ဘာမှမရှိတော့ပါဘူး၊ ဘိုး စိတ်ရှင်းချင်ရင်တော့ ဆရာတော်တွေပင့်ပြီး ဆွမ်းကပ်ပရိတ်နာပေါ့ ဗျာ"

"အေး..ဟုတ်ပြီ တာတေရေ၊ ငါ မင်းပြောတဲ့အတိုင်း လုပ် လိုက်မယ်ဟေ့"

ဘိုးထွေးမောင်က ပြောတယ်။ ကျောက်ခဲကို သူ့အိမ် လိုက်ပို့ လိုက်ပြီး ကျုပ်လည်း ကျုပ်အိမ် ပြန်ခဲ့တာပေါ့ဗျာ။

တာတေ

□□□



